# ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ စနေနေ့၊ (22-8-2015) (၈၃၀၀)


သူတော်ကောင်းတရားကို ကောင်းစွာကျင့်ရာ၏၊ မကောင်းသဖြင့် မကျင့်ရာ။ သူတော်ကောင်းတရားကို ကျင့်သောသူသည် ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ချမ်းသာစွာ နေရ၏။

(ဓမ္မပဒ)

# ပြန်လည်ထူထောင်ရေးအတွက် အစွမ်းကုန်ကူညီပေးမည်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကလေးမြို့နယ် ကျီကုန်းကျေးရွာ၌ ဒေသခံပြည်သူများအား အားပေးစကားပြောကြားစဉ်။ (ပြန်/ဆက်)

**နေပြည်တော် ဩဂုတ် ၂၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဦးရဲထွဋ်၊ ဦးကျော်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ အထူးလေယာဉ်ဖြင့် ယနေ့နံနက် ၁၁ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ကလေး-ကလေးဝလမ်း ပြန်လည်အသုံးပြုနိုင်မှု၊ ရေနုတ်မြောင်းများ ပြန်လည်ပြင်ဆင်နေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကလေးမြို့နယ် ကျီကုန်းကျေးရွာသို့ရောက်ရှိပြီး ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ရွာသစ်ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရတို့မှ ကူညီပံ့ပိုးဆောင်ရွက်ပေးမည့်အခြေအနေများ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**


BUSINESS INSTITUTE YANGON

Study accredited EUROPEAN programme at BIY / MHR Centre II

No(27), မြေညီထပ်၊ အဆောင်(E)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း။ 09 73223 777, 09 73223 999

စီးပွားရေးနှင့်သက်ဆိုင်သော Diploma ရရှိထားသူတိုင်းအတွက်

BBA (Finance)

ဘွဲ့ရရှိပြီးသူတိုင်းအတွက်

pre (or) International Executive MBA

MBA (သို့မဟုတ်) စီးပွားရေးနှင့်သက်ဆိုင်သော မဟာဘွဲ့ရရှိပြီးသူတိုင်းအတွက်

Doctor of Business Administration

DBA

ကြေးမုံစာတည်းရှုထောင့် — ၂၂-၈-၂၀၁၅၊ စနေနေ့

# နိုင်ငံသားအခွင့်အရေး ဆောင်ရွက်ပေး

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်၍ ရက်ပေါင်း(၇၈)ရက်သာ လိုပေတော့သည်။ ရွေးကောက်ပွဲဆိုသည်မှာ မည်သည့်နိုင်ငံတွင်မဆို နိုင်ငံနှင့်လူမျိုးအတွက် အလွန်အရေးပါသော ဒီမိုကရေစီလုပ်ငန်းစဉ်ဖြစ်သည်။

ဒီမိုကရေစီလုပ်ငန်းစဉ်တွင် နိုင်ငံ၏အချုပ်အခြာအာဏာသည် ပြည်သူ့ထံမှဆင်းသက်သည်ဟုဆိုထားသဖြင့် နိုင်ငံ၏အချုပ်အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်မည့် ပြည်သူ့ကိုယ်စားလှယ်များအား ၎င်းတို့၏ မဲဆန္ဒရှင်ပြည်သူများက ဆန္ဒမဲပေးရွေးချယ်ခြင်းသည် အရေးကြီးပါသည်။

သို့ဆိုပါလျှင် ပြည်သူ့ကိုယ်စား နိုင်ငံ့အရေးများအားဆောင်ရွက်ပေးမည့် ကိုယ်စားလှယ်လောင်းများကို ပြည်သူများက မှန်မှန်ကန်ကန်ရွေးချယ်ပေးကြရမည်ဖြစ်သည်။ ရွေးကောက်ပွဲမကျင်းပမီ လက်ရှိအချိန်တွင် နိုင်ငံအတွင်း၌ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ ရွေးကောက်ပွဲများအတွက် အခက်အခဲများ ရှိကောင်းရှိနိုင်မည်ဖြစ်သည်။ သို့သော် နိုင်ငံအတွက် မဖြစ်မနေဆောင်ရွက်ရမည့် ရွေးကောက်ပွဲများအောင်မြင်စွာကျင်းပနိုင်ရန်အတွက် အခက်အခဲကြားမှပင် အမျိုးသားရေးအသိဖြင့် တိုင်းရင်းသားပြည်သူအားလုံး တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သင့်ကြသည်။

မြန်မာနိုင်ငံ၏ မျက်မှောက်ကာလတွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ၂၀၁၀ ခုနှစ်က ပထမအကြိမ်ကျင်းပခဲ့ပြီးနောက် ယခုအကြိမ်သည် ဒုတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။ ဒုတိယမြောက်အတွေ့အကြုံဟုဆိုသော်လည်း နိုင်ငံရေးအနေအထားများအရ ပထမအကြိမ်နှင့် ဒုတိယအခြေအနေ အသွင်ကွဲပြားပေလိမ့်မည်။

လက်ရှိအနေအထားတွင် ပထမအကြိမ်၏အားနည်းချက်များကို ပြန်လည်တည့်မတ်ပြုပြင်ကြသည့်အပြင် ပြိုင်ဆိုင်မှုပိုများလာပြီး အခက်အခဲများလည်း များပြားလာနိုင်သည်။ ရွေးကောက်ပွဲကျင်းပရေးကို မည်သည့်အနေအထားဖြင့် ပြင်ဆင်ဆောင်ရွက်နေသည်ဖြစ်စေ မဲဆန္ဒရှင်များ၏ အခန်းကဏ္ဍမှာ လွန်စွာအရေးကြီးသဖြင့် မဲဆန္ဒပေးခွင့်ရှိသူ ပြည်သူအားလုံးနီးပါး ပါဝင်မဲပေးနိုင်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရသည်ဖြစ်၍ ကြီးမားကျယ်ပြန့်သောလုပ်ငန်းများကို ဆောင်ရွက်ရသည်။ ရွေးကောက်ပွဲကို တာဝန်ယူဆောင်ရွက်နေသော ရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဆင့်ဆင့်အနေဖြင့် ကနဦးဆောင်ရွက်ချက်များတွင်ပင် အမှားအယွင်းနှင့် လိုအပ်ချက်စသည့် အခက်အခဲများရှိနိုင်ပေသည်။

ထို့ကြောင့် ရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဆင့်ဆင့်နှင့် ဆက်နွှယ်သော သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ အရပ်ဘက် အဖွဲ့အစည်းများ၊ ပြည်သူများက တက်ညီလက်ညီပါဝင်ဆောင်ရွက်ကြဖို့လိုအပ်ပါသည်။ လက်ရှိတွင် မဲဆန္ဒရှင်ပြည်သူများတွင် ဆန္ဒမဲပေးခြင်းဆိုင်ရာ အသိအမြင်များအားနည်းနေသည်ကို တွေ့ရသည်။ ဆန္ဒမဲပေးခွင့်ရှိသူများ၏ ရာခိုင်နှုန်းတစ်ဝက်ကျော်မှာ ရွေးကောက်ပွဲနှင့်ပတ်သက်၍ အသိအမြင်များ နည်းပါးနေသည်ကို ကြားသိရသည်။ အထူးသဖြင့် ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး စိတ်ဝင်စားမှုနည်းပါးနေသောအချက်ကို ဖြေလျှော့ပေးနိုင်ရန်အတွက် ကြိုးပမ်းအားထုတ်ကြရဦးမည်ဖြစ်သည်။

ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၉၀ ကျော်နှင့် တစ်သီးပုဂ္ဂလများလည်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ၎င်းတို့အား ဆန္ဒမဲပေးမည့် မဲပေးခွင့်ရှိသည့် ပြည်သူများ ပါဝင်မှုရာခိုင်နှုန်းများမှသာ အောင်မြင်ပြည့်စုံသော ပီပြင်သည့် ရွေးကောက်ပွဲတစ်ခု ဖြစ်လာပေမည်။ ပြည်သူများ၏ ရွေးချယ်မှုမှန်ကန်ပြီး အားကောင်းမှသာ တိုင်းပြည်၏အနာဂတ်အတွက် ရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို မကြာမြင့်သောကာလတွင် ကျင်းပတော့မည်ဖြစ်ရာ လိုအပ်ချက်များ၊ အခက်အခဲများရှိမည်ဖြစ်သော်လည်း မဲပေးပိုင်ခွင့်ရှိသူများ မဲပေးနိုင်ကြစေရေးအတွက် ကော်မရှင်အဖွဲ့များနှင့်အတူ အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်သူများအားကျယ်ကျယ်ပြန့်ပြန့် အသိပေးမည့် မီဒီယာများတက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။



## တမုတ်ရှင်ပင်ရွှေဂူကြီးစေတီတော် ပရိဝုဏ်ကို ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် သတ်မှတ်ရန်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် သြဂုတ် ၂၁**

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်မြို့ ကျောက်ဆည်-တံတားဦးကားလမ်း၏ တောင်ဘက် ကြောင်ပန်းကုန်း၊ ညောင်ပင်ဆောက်နှင့် ငယ်တိုးကျေးရွာတို့၏ အလယ်တွင် တည်ရှိသော တမုတ်ရှင်ပင်ရွှေဂူကြီးစေတီတော် ပရိဝုဏ်ကို ယဉ်ကျေးမှုအမွေအနှစ်ဒေသ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် (Ancient Monumental Zone) အဖြစ် သတ်မှတ်နိုင်ရန်အတွက် ယဉ်ကျေးမှုဝန်ကြီးဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ လိုအပ်သော အချက်အလက်များရရှိရန် ကွင်းဆင်းသုတေသနပြုခြင်းနှင့် တိုင်းတာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

တမုတ်ရှင်ပင်ရွှေဂူကြီးစေတီတော်ကြီးသည် ပုဂံခေတ်၊ ပင်းယခေတ် ဗိသုကာလက်ရာများ ရှေးမူလက်ရာမပျက်ကျန်ရှိခြင်းတို့ကြောင့် သမိုင်းတန်ဖိုးအရလည်းကောင်း၊ ယဉ်ကျေးမှုဗိသုကာ အနုလက်ရာများအရလည်းကောင်း နိုင်ငံတော်အတွက် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးမြင့်မားသော ရှေးဟောင်းစေတီတော်ကြီးတစ်ဆူဖြစ်သဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ သဘောတူညီချက်ရယူခြင်းလုပ်ငန်းစဉ်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ခွင့်ပြုချက်ရရှိပါက ဥပဒေနှင့်အညီ ယဉ်ကျေးမှု အမွေအနှစ်ဒေသ ရှေးဟောင်း အထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်အဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် သြဂုတ် ၂၁**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၇၂၀၀၀ | - | ၇၇၃၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၇၂၀၀၀ | - | ၇၇၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၆၀ | ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၀၀ | ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၀၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၅. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၄၃. ၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၁. ၁၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၆. ၀၉၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၀. ၈၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၆၂၆ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၄၁. ၀ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၈. ၁၂ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၄၂. ၅၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၅. ၁၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းမှားယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူအမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်းပြဋ္ဌာန်းထားပါသည်။

## ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေတက်မည်

**နေပြည်တော် သြဂုတ် ၂၁**

သြဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၁၁ ပေခန့်မှ ၂၁ ဒသမ ၈၂ ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၁၃-၂၀၁၄ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့် ပေ ၂၂ ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှ သတိပေးအကြောင်းကြားချက်အရ သိရသည်။ **(ကြေးမုံ)**



သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ကြေးမုံ နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးငွေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

## ပြည်တွင်းရေးရာ

☆ ရှေ့ဖုံးမှ

ပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြစ်သည့် နေအိမ်များပြန်လည်တည်ဆောက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ပညာရေး၊ လျှပ်စစ်မီးရရှိရေး စသည့်လုပ်ငန်းများ ဆောင်ရွက်ပေးမည့်အခြေအနေများကို ဆွေးနွေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကျေးရွာအတွက် ထောက်ပံ့လှူဒါန်းထားသည့် ကယ်ဆယ်ရေးပစ္စည်းများဖြစ်သည့် ဆန်၊ ဆီ၊ စားသောက်ကုန်၊ သောက်ရေသန့်၊ အဝတ်အထည်နှင့် မိုးကာစများကို ကြည့်ရှုစစ်ဆေးပြီး ကလေးတပ်နယ်မှ တပ်မတော်သားများ ကျေးရွာအတွင်း လုပ်အားပေးဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကွန်ပျူတာတက္ကသိုလ်(ကလေး)သို့ ရောက်ရှိပြီး ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ပြီး နတ်ကြီးကုန်းကျေးရွာအုပ်စု အေးသာယာကျေးရွာ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ပျက်စီးဆုံးရှုံးမှုနှင့် နေထိုင်စားသောက်ရေးအခြေအနေများကို မေးမြန်း၍ ပြန်လည်ထူထောင်ရေးအတွက် အစွမ်းကုန်ကူညီပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ နည်းပညာတက္ကသိုလ်(ကလေး)သို့ ရောက်ရှိပြီး ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ အားပေးစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကလေးမြို့နယ် ချင်းဆိုင်ကျေးရွာရှိ ကမ္ဘာ့ရန်ကင်းကျောင်းတိုက်(တောင်)၌ TRENDY MYANMAR ကုမ္ပဏီလီမိတက်မှ တစ်နာရီလျှင် ရေဂါလန် ၆၀၀ ကျော် ထုတ်လုပ်နိုင်သည့် ရေသန့်စက်ကြီးဖြင့် ရေဘေးသင့်ပြည်သူများအား သောက်သုံးရေ အခမဲ့ပေးဝေနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ယာယီအမိုးတဲများဖြင့် နေထိုင်လျက်ရှိသည့် ပေါက်ခုံကျေးရွာနှင့် ရေလယ်ဦးကျေးရွာတို့မှ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကျေးရွာအတွက် ထောက်ပံ့လှူဒါန်းထားသည့် ကယ်ဆယ်ရေးပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။**

(ပြန်/ဆက်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကလေးမြို့နယ် နတ်ကြီးကုန်းကျေးရွာအုပ်စု အေးသာယာကျေးရွာ၌ ဒေသခံပြည်သူများကို အားပေးစကားပြောကြားစဉ်။**

(ပြန်/ဆက်)

# မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်များတိုးချဲ့ပျံသန်း

**နေပြည်တော်  ဩဂုတ်  ၂၁**

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်များသည် ၂၀၁၅ ခုနှစ် ဩဂုတ် ၁၇ ရက်မှ ၂၀၁၆ ခုနှစ် မတ် ၂၇ ရက်အထိ တိုးချဲ့ပျံသန်းမည်ဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်းမှ သိရသည်။

ထိုသို့ တိုးချဲ့ပျံသန်းရာတွင် ATR-72 လေကြောင်းဖြင့် သောကြာနေ့မှအပ နေ့စဉ်ခရီးစဉ်များမှာ မန္တလေး-ညောင်ဦး-ရန်ကုန်ခရီးစဉ်ကို မန္တလေးမှ နံနက် ၆ နာရီခွဲတွင် ထွက်ခွာပြီး ညောင်ဦး ထိုမှတစ်ဆင့် ရန်ကုန်သို့ နံနက် ၈ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။

ရန်ကုန်-ညောင်ဦး-မန္တလေး ခရီးစဉ်ကို ရန်ကုန်မှ ညနေ ၆ နာရီခွဲတွင် ထွက်ခွာပြီး ညောင်ဦး ထိုမှတစ်ဆင့် မန္တလေးသို့ ည ၈ နာရီခွဲတွင် ရောက်ရှိမည်။

အလားတူ Embraer-190 (Jet) လေယာဉ်ဖြင့် ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေနေ့များတွင် ရန်ကုန်-စစ်တွေ-ရန်ကုန် ခရီးစဉ်ကို ရန်ကုန်မှ နံနက် ၇ နာရီတွင် ထွက်ခွာပြီး စစ်တွေသို့ နံနက် ၇ နာရီ ၅၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ စစ်တွေမှ နံနက် ၈ နာရီခွဲတွင် ထွက်ခွာပြီး ရန်ကုန်သို့ နံနက် ၉ နာရီ မိနစ် ၂၀ တွင် ရောက်ရှိမည်ဖြစ်သည်။

Embraer-190 (Jet) လေယာဉ်ဖြင့် တနင်္လာနေ့မှအပ နေ့စဉ် ရန်ကုန်မှ ညနေ ၃ နာရီခွဲတွင် ထွက်ခွာပြီး စစ်တွေသို့ ညနေ ၄ နာရီ မိနစ်၂၀ တွင် ရောက်ရှိမည်ဖြစ်သည်။ စစ်တွေမှ ညနေ ၅ နာရီမှထွက်ခွာပြီး ရန်ကုန်သို့ ၅ နာရီ မိနစ် ၅၀ တွင် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးအခမ်းအနား ကျင်းပ

**ရန်ကုန်  ဩဂုတ်  ၂၁**

မြန်မာနိုင်ငံ၏ အနာဂတ်ကိုဦးဆောင်မည့် ထူးချွန်ထက်မြက်သော သားကောင်းရတနာ၊ သမီးကောင်းရတနာများ ပေါ်ထွန်းလာစေရန်နှင့် ကျောင်းသားကျောင်းသူများ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိပြီး စာပေအသိပညာ ဗဟုသုတ ဖွံ့ဖြိုးတိုးတက်ကြွယ်ဝစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးအခမ်းအနားကို ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကံ့ကော်ခန်းမ၌ ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်အောင်ဆင့်က အခမ်းအနား ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ထွေးရင်က ကျင်းပရခြင်း၏ အကျိုးကျေးဇူးများကို လည်းကောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာစန္ဒာမြငြိမ်းက ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများ၏ လိုက်နာရမည့်စည်းကမ်းချက်များ၊ ယှဉ်ပြိုင်ခြင်း အလေ့အကျင့်ကောင်းများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပြိုင်ပွဲဝင်အထက်တန်းနှင့်အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများက ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ Book Review ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူ ၂၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါပြိုင်ပွဲကို ဩဂုတ် ၂၀ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

# ထပ်မံတောင်းခံငွေကျပ် ၁၃ ဘီလီယံကျော် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြု

**ရန်ကုန်  ဩဂုတ်  ၂၁**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မူလခွင့်ပြုဘဏ္ဍာငွေမလုံလောက်မှုကြောင့် ထပ်မံတောင်းခံငွေ ကျပ် ၁၃ ဘီလီယံကျော် တင်ပြတောင်းခံမှုကို ယနေ့ ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၂/၂၀၁၅)စတုတ္ထနေ့တွင် အတည်ပြုလိုက်သည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မူလခွင့်ပြုဘဏ္ဍာငွေဖြင့် လုံလောက်မှုမရှိသောကြောင့် ဌာနအဖွဲ့အစည်း ၁၁ ခုမှ တင်ပြတောင်းခံလာသည့် ငွေကျပ် ၁၃ ဒသမ ၂၂ ဘီလီယံကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြတောင်းခံခဲ့ပြီး ယင်းတွင် သာမန်အသုံးစရိတ်အတွက် ငွေကျပ် ၈၀၆ ဒသမ ၄၃၃ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၁၂ ဒသမ ၃၈၇ ဘီလီယံနှင့် ကြွေးမြီအသုံးစရိတ် ၂၆ ဒသမ ၈၀၄ သန်းဖြစ်ကြောင်း သိရသည်။

ဘဏ္ဍာငွေတောင်းခံရာတွင် တိုင်းဒေသကြီးတရားလွှတ်တော်၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း စသည်ဖြင့် ဌာနအဖွဲ့အစည်း ၁၁ ခုက သာမန်အသုံးစရိတ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် ၁၈ မြို့နယ်အတွင်းရှိ လူနေအိမ်များ မီးရရှိရေး၊ ထရန်စဖော်မာများဝယ်ယူခြင်း၊ မီးကြိုး၊ မီးတိုင်များဝယ်ယူခြင်း၊ လျှပ်စစ်မီးလုံးဝမရရှိသေးသော ကျေးရွာများ လျှပ်စစ်မီးရရှိရေး၊ လျှပ်စစ်မီးမရရှိသေးသော လိုအပ်နေသော တိုက်နယ်ဆေးရုံများတွင် ဆိုလာများတပ်ဆင်ရေးတို့အပါအဝင် ငွေလုံးငွေရင်းအသုံးစရိတ်အနေဖြင့် ငွေကျပ် ၁၂ ဒသမ ၃၈၇ ဘီလီယံ တင်ပြတောင်းခံခဲ့ခြင်းဖြစ်သည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အစိုးရသက်တမ်းကုန်ဆုံးခါနီးအချိန် ဖြစ်သော်လည်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့ခြင်းအပေါ် ကာကွယ်မှုများဆောင်ရွက်ရန်၊ စိုက်ပျိုးရေးရရှိရန်၊ လမ်းပြင်ဆင်ရန်၊ အမှန်တကယ်လိုအပ်နေသော လျှပ်စစ်မီးပေးဝေရန်၊ တိုက်နယ်ဆေးရုံများ လျှပ်စစ်မီးဖြည့်တင်းပေးရန်နှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းများအပါအဝင် ယခုဘဏ္ဍာနှစ်အတွက် ဘဏ္ဍာငွေကျပ် ၁၃ ဒသမ ၂၂ ဘီလီယံ တင်ပြတောင်းခံမှုအပေါ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၂/၂၀၁၅)တွင် အတည်ပြုခဲ့ခြင်းဖြစ်သည်။

**(ဝဝ၁)**

## နိုင်ငံတကာ

## ပေကျင်းမြို့တော်ရှိ ဧကရာဇ်နန်းတော်ဟောင်းကို ၁၃ ရက်ကြာ ပိတ်ထားမည်

**ပေကျင်း ဩဂုတ် ၂၁**

ပေကျင်းမြို့တော်ရှိ ဧကရာဇ်နန်းတော်ဟောင်းကို ဩဂုတ် ၂၂ ရက်မှ စက်တင် ဘာ ၃ ရက်အထိ အများပြည်သူဝင်ရောက် ကြည့်ရှုလေ့လာမှုကို ပိတ်ထားမည်ဖြစ်ကြောင်း နန်းတော်ပြတိုက်မှ အတည်ပြုပြောကြားသည်။

တိန်အန်မင် ရင်ပြင်၏ မြောက်ဘက်တွင် တည်ရှိပြီး သက်တမ်းနှစ် ၆၀၀ ကြာမြင့်ခဲ့ပြီဖြစ်သည့် တရုတ်ဧကရာဇ် နန်းတော်ဟောင်းအား စက်တင်ဘာ ၃ ရက်တွင် ကျင်းပမည့် တရုတ်နိုင်ငံက ဒုတိယ ကမ္ဘာစစ်အတွင်း အောင်ပွဲခံမှုနှင့် ဂျပန်တို့၏ ကျူးကျော်မှုများအပေါ် အောင်နိုင်သည့် နှစ် ၇၀ ပြည့် စစ်ရေးပြအထိမ်းအမှတ် အခမ်းအနားမကျင်းပမီအတွင်း ပိတ်ထားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာ ၃ ရက်တွင် စစ်ရေးပြအခမ်းအနားမကျင်းပမီ စစ်ရေးပြပွဲအကြိုလေ့ကျင့်မှုများ ပြုလုပ်နေစဉ်ကာလအတွင်း စစ်ရေးပြပွဲကျင်းပမည့် နေရာဒေသရှိ လမ်းများပေါ်၌ မော်တော်ယာဉ်များသွားလာမှုကို စက်တင်ဘာ ၃ ရက်အထိ ကန့်သတ်မည်ဖြစ်ပြီး လမ်းပေါ်ရှိ မော်တော်ယာဉ် အရေအတွက် ထက်ဝက်အထိ လျော့နည်းသွားစေရန် ဆောင်ရွက်မည်ဖြစ်သည်။ ၎င်းအပြင် အများပြည်သူသုံး ဘတ်စ်ကားနှင့် မြေအောက်ရထားအချိန် ဇယားများကိုလည်း ထိန်းညှိလုပ်ဆောင်သွားမည်ဖြစ်သည်။

မြို့တော်ပေကျင်းရှိ နေရာဒေသအချို့၌ ဩဂုတ် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဝတ်စုံပြည့် စစ်ရေးလေ့ကျင့်မှုပြုလုပ်နိုင်ရန် လမ်းပိတ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**




## ဖိလစ်ပိုင်တောင်ပိုင်း တပ်စခန်း၌ ပေါက်ကွဲမှုဖြစ်ပွား၊ စစ်သည်တစ်ဦးသေဆုံး

**မနီလာ ဩဂုတ် ၂၁**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ကိုတာဘာတိုမြို့ရှိ တပ်စခန်းတစ်ခု၌ ပေါက်ကွဲမှုဖြစ်ပွားရာ စစ်သည်တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း စစ်ဘက်ဆိုင်ရာ အရာရှိတစ်ဦးက ဩဂုတ် ၂၁ ရက်တွင် ပြောကြားသည်။

သေနတ် သို့မဟုတ် လောင်ချာဖြင့် ပစ်လွှတ်နိုင်သော ၄၀ မမ ဗုံးတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်ဟု ပဏာမ စုံစမ်းမှုအရ သိရကြောင်း ကြည်းတပ် အမှတ်(၆) ခြေလျင်တပ်ရင်း၏ ပြည်သူ့ဆက်ဆံရေး အရာရှိ ဂျိုအန်းပီတင်လေးက ပြောကြားသည်။

ဩဂုတ် ၂၀ ရက် ည ၇ နာရီခွဲခန့်က အမှတ်(၆) အထူးတပ်ဖွဲ့တပ်ရင်း ဌာနချုပ်၏ ကင်းစခန်းအနီးတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

ဒဏ်ရာရရှိသည့် စစ်သည်နှစ်ဦးအနက် တစ်ဦးမှာ ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေစဉ် သေဆုံးခဲ့ရကြောင်း စစ်ဘက်ဆိုင်ရာ အရာရှိက ပြောကြားသည်။ ပြစ်မှုကျူးလွန်သူမှာ မည်သူမည်ဝါ ဖြစ်သည်ကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

**ဆင်ဟွာ။**

## ယူကရိန်း-နေတိုးတပ်ဖွဲ့ဝင်များ ယူကရိန်းနိုင်ငံတွင် ပူးတွဲစစ်ရေးလေ့ကျင့်မည်

**ကီးဗ် ဩဂုတ် ၂၁**

"Sea Breeze-2015" ဟုခေါ်ဆိုသည့် ယူကရိန်း-နေတိုး ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ယူကရိန်းနိုင်ငံတောင်ပိုင်း၌ ဩဂုတ် ၃၁ ရက်တွင် စတင်သွားမည်ဖြစ်ကြောင်း ယူကရိန်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ရသည့်ရည်ရွယ်ချက်မှာ အကျပ်အတည်း ဖြစ်ပေါ်နေသော ဒေသတွင် နိုင်ငံပေါင်းစုံ လုံခြုံရေးဆိုင်ရာစစ်ဆင်ရေးတစ်ရပ်ကို လေ့ကျင့်ရန်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနမှ သတင်းပြန်ကြားရေးအဖွဲ့က ထုတ်ပြန်ချက်တစ်ခုတွင် ဖော်ပြသည်။ စက်တင်ဘာ ၁၂ ရက်ထိ ပြုလုပ်မည့် အဆိုပါ မြေပြင်၊ ရေပြင်နှင့် ဝေဟင်စစ်ရေး လေ့ကျင့်မှုများကို ယူကရိန်းရေတပ်ဖွဲ့နှင့် နေတိုးအဖွဲ့ဝင် ရေတပ်ဖွဲ့များကြား ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေရန်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

နေတိုး၏ ငြိမ်းချမ်းရေးအတွက် မိတ်ဖက်ဆောင်ရွက်မှု အစီအစဉ်အရ ကျင်းပမည့် ယင်းစစ်ရေးလေ့ကျင့်မှုများတွင် ယူကရိန်းနိုင်ငံမှ တပ်ဖွဲ့ဝင် ၁၀၀၀ နီးပါးအပါအဝင် စစ်ဘက်တပ်ဖွဲ့ဝင် ၂၅၀၀ ဝန်းကျင် ပါဝင်မည်ဖြစ်သည်။ စစ်သင်္ဘော ၁၄ စင်း၊ လေယာဉ်နှင့်ရဟတ်ယာဉ် ရှစ်စင်းနှင့် မော်တော်ယာဉ် ၉၀ နီးပါး အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်လေ့ကျင့်မည်ဟု မျှော်မှန်းထားသည်။ "Sea Breeze-2015" ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ၂၀၀၆၊ ၂၀၀၇ နှင့် ၂၀၀၉ ခုနှစ်များမှလွဲ၍ ၁၉၉၇ ခုနှစ်ကတည်းက ယူကရိန်းနိုင်ငံ၌ နှစ်စဉ်ပြုလုပ်ခဲ့သည်။

**ဆင်ဟွာ။**

❖



သမ္မတ မိုင်သရီပါလာ သရီသေနာ(ဝဲ)နှင့် ဝန်ကြီးချုပ် ရာနီးလ်ဝိကရီဆင်းဟာတို့ တွေ့ဆုံစဉ်။

## အာဏာရပါတီနှင့် ညွန့်ပေါင်းအစိုးရဖွဲ့ရန် သီရိလင်္ကာ အတိုက်အခံပါတီ သဘောတူညီ

**ကိုလံဘို ဩဂုတ် ၂၀**

သီရိလင်္ကာနိုင်ငံ၌ ပါလီမန်ရွေးကောက်ပွဲကျင်းပခဲ့ပြီးနောက် ဝန်ကြီးချုပ် ရာနီးလ်ဝိကရီဆင်းဟာ ဦးဆောင်သည့် ညီညွတ်သောအမျိုးသားပါတီ(ယူအင်န်ပီ)နှင့် ညွန့်ပေါင်းအစိုးရဖွဲ့စည်းရန် သမ္မတ မိုင်သရီပါလာ သရီသေနာ ဦးဆောင်သော သီရိလင်္ကာလွတ်မြောက်ရေးပါတီ (အက်စ်အယ်လ်အက်ဖ်ပီ)က သဘောတူညီလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

သီရိလင်္ကာနိုင်ငံ၌ အနည်းဆုံး နှစ်နှစ်တာကာလမျှ တည်ငြိမ်သော ညွန့်ပေါင်းအစိုးရအဖွဲ့ကို ဖွဲ့စည်းနိုင်ရေးအတွက် ဩဂုတ် ၁၇ ရက်တွင် ကျင်းပခဲ့သော ပါလီမန်ရွေးကောက်ပွဲ၌ အောင်ပွဲခံပါတီနှင့် ပူးပေါင်းဆောင်ရွက်ရန် သီရိလင်္ကာလွတ်မြောက်ရေးပါတီက ဆုံးဖြတ်ခဲ့သည်။

သီရိလင်္ကာလွတ်မြောက်ရေးပါတီ၏ ဥက္ကဋ္ဌဖြစ်သူ မိုင်သရီပါလာသည် ပါတီဗဟိုကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲသို့ သမ္မတဟောင်းချန်ဒရီကာ ကုမာရတွန်ဂါလည်း တက်ရောက်ခဲ့သည်။

ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေးဆိုင်ရာ လုပ်ငန်းစဉ်အတွက် မူဝါဒရေးဆွဲနိုင်ရန် သမ္မတဟောင်း ကုမာရတွန်ဂါ ဦးဆောင်မည့် အဖွဲ့ဝင်ခြောက်ဦးပါ ကော်မတီတစ်ရပ်ဖွဲ့စည်းရန် ပါတီဗဟိုကော်မတီက ဆုံးဖြတ်ခဲ့သည်။

**ရိုက်တာ။**

## ပုပ်ရဟန်းမင်းကြီး၏ ဖီလာဒယ်လ်ဖီးယားခရီးစဉ်အတွင်း ဒရုန်းမောင်းနှင်မှုများ ပိတ်ပင်တားမြစ်ထားမည်

**ဖီလာဒယ်လ်ဖီးယား ဩဂုတ် ၂၁**

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ လာမည့်လအတွင်း ဖီလာဒယ်လ်ဖီးယားမြို့သို့လာရောက်မည့် ခရီးစဉ်အတွင်း ဒရုန်းလေယာဉ်များ မောင်းနှင်ပျံသန်းမှုကို ပိတ်ပင်တားမြစ်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပုပ်ရဟန်းမင်းကြီး၏ ပထမဆုံးသော အမေရိကန်ပြည်ထောင်စု ခရီးစဉ်အတွင်း စက်တင်ဘာ ၂၆၊ ၂၇ ရက်များတွင် ဖီလာဒယ်လ်ဖီးယားမြို့တော်သို့ သွားရောက်လည်ပတ်သောအချိန်တွင် လေယာဉ်ငယ်များနှင့် မီးပုံးပျံများ ပိတ်ပင်တားမြစ်မှုအပါအဝင် လေကြောင်းဆိုင်ရာ ကန့်သတ်ချက်များကို ပြည်ထောင်စု လေကြောင်းပျံသန်းရေး စီမံခန့်ခွဲမှုဌာနက ထုတ်ပြန်ခဲ့သည်။ ပိတ်ပင်တားမြစ်မှုများပြုလုပ်ရန် အမေရိကန်ပြည်တွင်း လုံခြုံရေးဌာနက တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း အဆိုပါဌာနက ပြောကြားသည်။ အမေရိကန်ပြည်ထောင်စုတွင် တရားဝင်ခွင့်မပြုထားသည့် လေယာဉ်မောင်းနှင်မှုများ ပြီးခဲ့သည့်နှစ်အတွင်း မြင့်တက်လာခဲ့ပြီး မောင်းသူမဲ့လေယာဉ်များက စီးပွားရေးအရ မောင်းနှင်ပျံသန်းသည့်လေယာဉ်နှင့် ကောင်းကင်ယံတွင် တိုက်မိနိုင်သည် သို့မဟုတ် ယင်းမောင်းသူမဲ့ လေယာဉ်များကို ပစ်မှတ်ထား တိုက်ခိုက်မှုတစ်ခုအတွက် လက်နက်တစ်ခုအဖြစ် အသုံးပြုနိုင်သည်ဟူသော စိုးရိမ်ပူပန်မှုများ မြင့်တက်လာခဲ့သည်။

မောင်းသူမဲ့ လေယာဉ်များကို ဝေဟင်ရှိလေယာဉ်များနှင့် အန္တရာယ်ရှိစွာ အနီးကပ် မောင်းနှင်ကြပြီး မက္ကဆီကိုနိုင်ငံမှ တရားမဝင်မူးယစ်ဆေးဝါးများ အမေရိကန်ပြည်ထောင်စုသို့ ပို့ဆောင်ရာတွင်လည်း ဒရုန်းများကို အသုံးပြုကြသည်။ ယင်းမောင်းသူမဲ့ လေယာဉ်များကြောင့် အိမ်ဖြူတော်တွင် လုံခြုံရေးဆိုင်ရာ အထိတ်တလန့် အခြေအနေတစ်ရပ် ဖြစ်ပေါ်စေခဲ့သည်။

လေကြောင်းဆိုင်ရာ ကန့်သတ်ချက်များနှင့်အတူ အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပိတ်ထားခြင်း၊ ဖီလာဒယ်လ်ဖီးယားမြို့လယ်ရှိ စတုရန်းမိုင် ၄ မိုင်ပတ်လည်ကို ပိတ်ထားခြင်းနှင့် သမ္မတနှင့် နိုင်ငံ့အကြီးအကဲများ၏ လုံခြုံရေးကို ထမ်းရွက်ကြသည့် လျှို့ဝှက်ထောက်လှမ်းရေးဌာန (Secret Service) က လုံခြုံရေးကို စီမံခန့်ခွဲခြင်းအပါအဝင် မြေပြင်လုံခြုံရေးဆိုင်ရာလုပ်ငန်း အသေးစိတ်အချက်အလက်များကို ထုတ်ပြန်လိုက်သည်။ ပုပ်ရဟန်းမင်းကြီးနှင့် အနီးကပ်ဆက်သွယ်လိုသူများ စိတ်ပျက်သွားမည်ဖြစ်ကြောင်း ဖီလာဒယ်လ်ဖီးယားမြို့တော်ဝန် မိုက်ကယ်နပ်တာက သတင်းစာရှင်းလင်းပွဲတွင် ဟာသနှော၍ပြောကြားခဲ့သည်။

**ရိုက်တာ။**



# ငြိမ်းချမ်းရေးကိစ္စမဆောင်ရွက်ဘဲ ဒီမိုကရေစီလမ်းကြောင်း အပြည့်အဝအောင်မြင်နိုင်မည်မဟုတ်

**နေပြည်တော် ဩဂုတ် ၂၁**


တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှုတို့အပေါ်တွင် အခြေခံပြီး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်မှ အခြားနိုင်ငံများနည်းတူ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်နိုင်မှာဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးကိစ္စ မဆောင်ရွက်ဘဲ ဒီမိုကရေစီလမ်းကြောင်း အပြည့်အဝ အောင်မြင်နိုင်မည် မဟုတ်ကြောင်း၊ ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးမည့် အဖွဲ့များအား ကြိုဆိုနေပါကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဥရောပသမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီး H.E. Mr. Roland KOBIA အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဥရောပသမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီးနှင့် နိုင်ငံရေးအကြံပေး Dr. Colin Steimbach တို့ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ဧည့်သည်တော်သံအမတ်ကြီးက မြန်မာနိုင်ငံတွင် ကျရောက်ခဲ့သည့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ တပ်မတော်မှ ကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်နိုင်မှု၊ တစ်နိုင်ငံလုံးမှ ပြည်သူအပေါင်းက ရေဘေးအန္တရာယ်အား စုစည်းညီညွတ်စွာ ကူညီထောက်ပံ့ပေးမှုများအား တွေ့မြင်ရသည့်အတွက် ချီးကျူးဂုဏ်ပြုပါကြောင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များ၊ မကြာမီ ကျင်းပမည့် အထွေထွေရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအား အပြန်အလှန် ဆွေးနွေးကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နံနက် ၁၀ နာရီတွင် ဂျပန်နိုင်ငံ အဆာဟိရှင်ဘွန်းသတင်းဌာန ရန်ကုန်ဌာနခွဲမှ အကြီးအကဲ Mr. Makoto Igarashi အား လက်ခံတွေ့ဆုံပြီး မြန်မာ့နိုင်ငံရေးနှင့် တပ်မတော်၏ အခန်းကဏ္ဍ၊ မကြာမီ ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲကာလအလွန်အခြေအနေများ၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ မြန်မာနိုင်ငံအတွင်းဖြစ်ပေါ်ခဲ့သော သဘာဝဘေးဒဏ် ကျရောက်မှုတွင် တပ်မတော်မှ ပါဝင်ဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာ့တပ်မတော်နှင့် နိုင်ငံတကာ တပ်မတော်များ၏ ဆက်ဆံရေးအခြေအနေများနှင့် စပ်လျဉ်း၍ မေးမြန်းမှုများအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းပြောကြားသည်။

**(မြဝတီ)**



# ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ နေ့လယ်စာဖြင့်တည်ခင်းဧည့်ခံ

**နေပြည်တော် ဩဂုတ် ၂၁**

ဂျပန်နိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဟီဒဲအိုဝါတာနာဘေးက ဩဂုတ် ၂၀ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် တိုကျိုမြို့ရှိ Daigo စားသောက်ဆိုင်၌ ဧည့်ခံသော နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ထို့နောက် ညပိုင်းတွင် ဂျပန်နိုင်ငံ Nippon Foundation ဥက္ကဋ္ဌ ရိုရှီ အဲဆဆခါဝါက ဂုဏ်ပြုဧည့်ခံသည့် ညစာစားပွဲသို့ အထူးဧည့်သည်တော်အဖြစ် တက်ရောက်သည်။



အဆိုပါ ကြိုဆိုဧည့်ခံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ ဇနီး ဒေါ်သန်းသန်းနွယ်၊ မြန်မာ့တပ်မတော်အရာရှိကြီးများ၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ)ဗိုလ်မှူးချုပ်ဝင်းကိုကိုနှင့် ဇနီးတို့ တက်ရောက်ကြပြီး ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အကီရာ ဆာတို၊ ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး၏ အထူးအကြံပေးပုဂ္ဂိုလ် အငြိမ်းစားဗိုလ်ချုပ်ကြီး ရှိဂဲရု အီဝဆာကီ၊ ဂျပန်ကိုယ်ပိုင် ကာကွယ်ရေးတပ်ဖွဲ့ ပူးတွဲစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ခဆုတိုရှိ ခါဝါနို နှင့် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ အရာရှိကြီးများ၊ Nippon Foundation ဥက္ကဋ္ဌ ရိုရှီအဲ ဆဆခါဝါ၊ ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဟီဒဲအို ဝါတာနာဘေး နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(မြဝတီ)**

# ငါ့သရောက်တွင် မိုးရွာသွန်းမှုအားကောင်းခဲ့သဖြင့် မြေပဲခင်းများ အောင်မြင်ဖြစ်ထွန်း

**ငါ့သရောက် ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်တွင် ဇူလိုင်လအတွင်းက မိုးရွာသွန်းမှု အားကောင်းခဲ့ပြီး မြို့နယ်အတွင်းရှိ တောင်သူများစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းနှင့် အဆိုပါ မြေပဲစိုက်ခင်းများတွင် မြေပဲအထွက်နှုန်း ကောင်းမွန်နိုင်ရေး ပိုးသတ်ဆေးနှင့် မြေပဲဥအားဆေးများ ပက်ဖျန်းခြင်း၊ မြေပဲခင်းများအတွင်း ပေါင်းထိုးပေါင်းနုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြကြောင်း သိရသည်။

"ကျွန်တော်တို့ ငါ့သရောက်မြို့နယ်မှာရှိတဲ့ တောင်သူတွေ ဒီနှစ်နှမ်းစိုက်ရာသီမှာ မိုးရွာသွန်းမှုအားနည်းခဲ့တာကြောင့် ပျက်စီးဆုံးရှုံးမှုတွေနဲ့ ကြုံခဲ့ရပါတယ်။ အခုမြေပဲစိုက်ခင်းတွေကတော့ ပြီးခဲ့တဲ့ဇူလိုင်မိုးကြောင့် အောင်မြင်ဖြစ်ထွန်းပါတယ်။ တောင်သူလုပ်ငန်းနဲ့ စီးပွားရေးကို အဓိကလုပ်ကိုင်နေရတော့ သီးနှံတစ်မျိုးလွဲချော်သွားပြီဆိုရင် တောင်သူတွေအနေနဲ့ အရင်းအနှီးဆုံးရှုံးမှု တော်တော်များပါတယ်။ ဒါကြောင့် နှမ်းအစားမြေပဲအထွက်တိုးကောင်းမွန်ဖို့ တောင်သူတွေ ကြိုးစားပမ်းစား လုပ်ကိုင်နေကြပါတယ်။ ဒီနှစ်မိုးရွာသွန်းမှုကကောင်းတော့ မြေပဲခင်းတွေ မနှစ်ကထက်ပိုပြီး အထွက်နှုန်းကောင်းလိမ့်မယ်ထင်တယ်"ဟု ရွာပုလဲကျေးရွာမှ တောင်သူတစ်ဦးကပြောသည်။ ငါ့သရောက်မြို့နယ်တွင် ဆီထွက်သီးနှံဖြစ်သည့် မြေပဲကိုသုံးလပဲ(ခေါ်)ပင်ထောင်မြေပဲနှင့် ပင်ပြန့်မြေပဲ(ပဲကြီး)များ အများဆုံးစိုက်ပျိုးကြပြီး အခြားသီးနှံများဖြစ်သည့် ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် ပင်ထောင်ခရမ်းချဉ်များလည်း စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

**ရဲဝင်းနိုင်(IPRD)**

## ဓာတ်ပုံမြင်ကွင်း




**ရန်ကုန်မြို့ သာကေတ ရှုခင်းသာပန်းခြံရှေ့လမ်းမပေါ်တွင် ဩဂုတ် ၂၁ ရက် ညနေ ၅ နာရီခွဲက အရှိန်လွန်မောင်းနှင်ရာမှ ယာဉ်တိုက်မှုဖြစ်ပွား၍ ကားမီးလောင်မှုဖြစ်ပွားသည်ကို တွေ့ရစဉ်။** (ဓာတ်ပုံ-သီဟသူ)

# မျက်နှာချင်းဆိုင်မှ လမ်းမှားဝင်လာသည့် မော်တော်ဆိုင်ကယ်အား ရှောင်တိမ်းရာမှ ၂၂ ဘီးယာဉ် တိမ်းမှောက်

**နေပြည်တော် ဩဂုတ် ၂၁**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အပိုင် သာဝတ္ထိမြို့ ရန်ကုန်-မန္တလေး လမ်းဟောင်း မိုင်တိုင်အမှတ်(၂၁၈/၄)နှင့် (၂၁၈/၅) ကြား၌ ဓာတ်မြေဩဇာအိတ်များ တင်ဆောင်လာသော 6D/----SINO TRUK ၂၂ ဘီးယာဉ်သည် မျက်နှာချင်းဆိုင်မှ လမ်းမှားဝင်ရောက်လာသည့် မော်တော်ဆိုင်ကယ်အား ရှောင်တိမ်းစဉ် လမ်း၏ညာဘက်ရှိ ကုက္ကိုပင်အားဝင်တိုက်၍ တိမ်းမှောက်သွားကြောင်းသိရသည်။

**ကိုကိုရှပ(နေပြည်တော်)**



ပြည်တွင်းရေးရာ

# အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၂၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဥရောပသမဂ္ဂ သံအမတ်ကြီး H.E. Mr. Roland Kobia အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အားလုံးပါဝင်ပူးပေါင်းဆောင်ရွက်ရေး၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အဆင်ပြေချောမွေ့အောင်မြင်စေရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# မြန်မာနိုင်ငံတွင် ကြယ်ပဲကို စမ်းသပ်စိုက်ပျိုးဆဲကာလဖြစ်ပြီး အသီးထွက်ရှိမှုနှင့် စီးပွားရေးတွက်ခြေကိုက်မှုအပေါ်မူတည်၍ နည်းပညာတိုးချဲ့ဖြန့်ဖြူးပေးသွားမည်

**နေပြည်တော် ဩဂုတ် ၂၁**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၈၅)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြန်လည်ဖြေကြားသည်။

ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့်၏ **နိုင်ငံခြားဈေးကွက်ဝင် နှစ်ရှည်သီးနှံပဲမျိုးဖြစ်သော ကြယ်ပဲကို နိုင်ငံခြားတိုင်းပြည်များရှိ သက်ဆိုင်ရာကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်နေမှု လက်တွေ့နမူနာပြ စိုက်ပျိုးပြသရာ၌ အောင်မြင်မှု ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကြယ်ပဲစိုက်ပျိုးမှုအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၀ ခုတွင် ၂၀၁၅ ခုနှစ်အတွင်း ၂၂၄ ဒသမ ၆၅ ဧက စမ်းသပ်စိုက်ပျိုးထားပြီး ၄၇ ဒသမ ဝ၃ ဧကအတွက် ပျိုးထောင်ထားရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ကြယ်ပဲကို စမ်းသပ်စိုက်ပျိုးဆဲကာလဖြစ်ပြီး အသီးထွက်ရှိမှုနှင့် စီးပွားရေးတွက်ခြေကိုက်မှုအပေါ်မူတည်၍ နည်းပညာတိုးချဲ့ဖြန့်ဖြူးပေးသွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်က အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည့် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ **နိုင်ငံတော်၏ အဓိကစားသုံးသီးနှံဖြစ်သည့် ဆန်စပါးစိုက်ပျိုးမှုကို မထိခိုက်စေဘဲ မိမိတို့လယ်ယာမြေပေါ်တွင် မိမိတို့ကြိုက်နှစ်သက်သည့်သီးနှံကို လွတ်လပ်စွာရွေးချယ်စိုက်ပျိုးခွင့်**ပြုထားပြီးဖြစ်သဖြင့် ကြယ်ပဲနှင့်ပတ်သက်၍ နှစ်ရှည်စီမံကိန်း ချမှတ်ထားခြင်းမရှိပါကြောင်းနှင့် နည်းပညာအကူအညီများ လိုအပ်ပါက သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီးများရှိ စိုက်ပျိုးရေးဦးစီးဌာနများက ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးအုန်းသန်း။



ပုသိမ်ကြီး မဲဆန္ဒနယ်မှ ဦးအောင်သန့်။

ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင်၏ **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနပိုင် မဟာအောင်မြေမြို့နယ် အကွက်အမှတ်(ခ-၁၀) မြေကွက်ပေါ်ရှိမြေဧရိယာ ၇ ဒသမ ၉၀ ဧကအား ပြင်ပဌာနဆိုင်ရာများက ဝင်ရောက်တိုင်းတာခြင်း၊ အဆောက်အအုံဆောက်လုပ်နေရာချထားမှုတို့ ပြုလုပ်နေခြင်းသည် တရားဥပဒေနှင့်အညီ နည်းလမ်းတကျ ဆောင်ရွက်နေခြင်း ဟုတ်၊ မဟုတ်** သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် (၆၇/၆၈) လမ်းကြား သိပ္ပံလမ်းပေါ်ရှိ မြေကွက်အမှတ် (ခ-၁၀) ဦးပိုင်အမှတ် (၁၀) နှင့် (၁၂) အတွင်းရှိ မြေဧရိယာ ၀ ဒသမ ၅၅၁ ဧက မြေကွက်ပေါ်တွင် အစားထိုးတည်ဆောက်ထားရှိပြီးသော ၄ ခန်းတွဲ ၄ ထပ်ပါ ဝန်ထမ်းအိမ်ရာ အဆောက်အအုံ(၂)လုံးကို စိုက်ပျိုးရေးဦးစီးဌာနပိုင်အဖြစ် လည်းကောင်း၊ ကျန်အဖွဲ့အစည်းအဆောက်အအုံများဖြစ်သည့် အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး၊ စစ်မှုထမ်းဟောင်းရုံးအဆောက်အအုံများအဖြစ် အသုံးပြုထားသည့် မြေနေရာများကို စွန့်လွှတ်ခြင်းမပြုဘဲ ကျန်ရှိသည့်ပိုနေသော မြေလွတ်ဧရိယာကို ဌာနပိုင်အဖြစ်မှစွန့်လွှတ်ပြီး လုပ်ထုံးလုပ်နည်းဥပဒေများနှင့်အညီ နိုင်ငံတော်သို့ ပြန်လည်အပ်နှံရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သည့် **အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေကြမ်း**နှင့် **မော်တော်ယာဉ်ဥပဒေကြမ်း**တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့ပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တင်သွင်းသည့် **လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း အတည်ပြုခဲ့သည်။

ယနေ့အစည်းအဝေးတွင် လယ်ယာကဏ္ဍဆိုင်ရာမေးခွန်း သုံးခု မေးမြန်းဖြေကြားခြင်း၊ **အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်း**နှင့် **မော်တော်ယာဉ်ဥပဒေကြမ်း**တို့နှင့် စပ်လျဉ်းဆွေးနွေးနိုင်ကြောင်း အသိပေးခြင်း၊ **လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**ကို ပြင်ဆင်ချက်ဖြင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**(သတင်းစဉ်)**

## လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းလွှာများ စိစစ်မည့်နေ့ရက် ပြောင်းလဲပြင်ဆင်သတ်မှတ်

**နေပြည်တော် ဩဂုတ် ၂၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၆ ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ဩဂုတ် ၃ ရက်တွင် ကြေညာချက်အမှတ်(၄၁/၂၀၁၅)ဖြင့် လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့် စပ်လျဉ်းသည့် နေ့ရက်များပြောင်းလဲပြင်ဆင်သတ်မှတ်ခဲ့သည်။

ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် လက်ရှိလွှတ်တော်ကိုယ်စားလှယ်များပါဝင်နေပြီး လွှတ်တော်အစည်းအဝေးများ တက်ရောက်နေရသဖြင့် ကိုယ်တိုင်သွားရောက်စိစစ်မခံနိုင်ကြောင်း သိရသည်။

သို့ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာများ စိစစ်မည့်ရက်ကို ၁၃၇၇ ခုနှစ် ဝါခေါင်လဆန်း ၃ ရက်မှ ဝါခေါင်လပြည့်ကျော် ၁ ရက် (၂၀၁၅ ခုနှစ် ဩဂုတ် ၁၈ ရက်မှ ၃၁ ရက်အထိ) ပြောင်းလဲပြင်ဆင်တိုးမြှင့်သတ်မှတ်လိုက်ကြောင်း ယနေ့တွင် ကြေညာချက်အမှတ် (၄၇/၂၀၁၅) ဖြင့် ထုတ်ပြန်ခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ် (၄၁/၂၀၁၅) အပိုဒ် ၂ (ဃ)ကိုလည်း အဆိုပါကြေညာချက်ဖြင့် ကျော်လွှန်ပယ်ဖျက်လိုက်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဩဂုတ် ၂၁**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာဒေါ်သက်ယု ခေါင်းဆောင်သည့် အုပ်ချုပ်သူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၇၆ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၈၅)ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

**(သတင်းစဉ်)**

## အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း၊ ဓာတ်အားလိုင်းနှင့် မလွတ်သော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၂၂-၈-၂၀၁၅ ရက်နေ့တွင် အင်းစိန်မြို့နယ် ကြို့ကုန်း အရှေ့၊ အနောက်၊ ရွာမအနောက်၊ အောင်မင်္ဂလာအဝေးပြေး၊ မ. ယ. က၊ ချစ်တီးကုန်း၊ လှိုင်သာယာမြို့နယ်(စက်မှုဇုန်အချို့၊ ကျန်စစ်သားအိမ်ရာ)များတွင် ၀၉း၀၀ နာရီမှ ၁၃း၀၀ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်ပါမည်။

၃။ ၂၃-၈-၂၀၁၅ ရက်နေ့တွင် မင်္ဂလာတောင်ညွန့်မြို့နယ် (ကန်အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ လွတ်လပ်ရေး၊ တောင်ညွန့်ကြီး၊ ဖဆပလ၊ သိမ်ဖြူမီးရထား၊ ရေတွင်းကုန်း၊ သာယာကုန်း)တို့တွင် ၀၉း၀၀ နာရီမှ ၁၅း၀၀ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်ပါမည်။

၄။ ယင်းသို့ဓာတ်အားပိတ်လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် အဆင်မပြေသူများ၊ အခက်အခဲဖြစ်ပေါ်လာပါက နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများသို့ လေးစားစွာဖြင့် အသိပေးပန်ကြားအပ်ပါသည်။

**(ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း)**

## ကူညီထောက်ပံ့မှုများ

# မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၀**

ဇွန်၊ ဇူလိုင်လများအတွင်း ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် စစ်တက္ကသိုလ်အမှတ်စဉ်(၄၁) တပ်မတော်(ရေ)အရာရှိများက ငွေကျပ် ၁၀ သိန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနက ငွေကျပ် ငါးသိန်း**(ယာပုံ)**၊ Mr. In-Jin KIM, Project Manager of Moon Engineering Co.,Ltd က အမေရိကန်ဒေါ်လာ ၁၀၀၀၊ ပြည်ပတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် မြန်မာ သံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး၊ စစ်သံရုံးဝန်ထမ်းများက အမေရိကန်ဒေါ်လာ ၂၄၆၃၊ ယူရို ၄၂၀၊ ဂျပန်ယန်း ၉၆၀၀၀ နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ နီပေါနိုင်ငံသံရုံးမှ တရုတ်ယွမ် ၄၁၀၀တို့အား လှူဒါန်းပွဲကို ဩဂုတ် ၂၀ ရက်တွင် နေပြည်တော်၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်နှင့် ဒုတိယ အမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်တို့က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ နိုင်ငံ/အဖွဲ့အစည်းများက အလှူငွေနှင့်ပစ္စည်းများလှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၀**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ နိုင်ငံ/အဖွဲ့အစည်းများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလျက်ရှိရာ ဩဂုတ် ၂၀ ရက်တွင် ရခိုင်ပြည်နယ် ရေဘေးသင့်ဒေသများအတွက် ဇေယျာအောင်ကုမ္ပဏီက တရုတ်နိုင်ငံထုတ် ရေသန့်အိတ် ၁၀၀၀ အား လှူဒါန်းရန်နှင့် ထိုင်းနိုင်ငံမှ ဆေးဘက်ဆိုင်ရာဝန်ထမ်း ၇၀ ပါ ကျန်းမာရေးအထောက်အကူပြုအသင်းအား ဧရာဝတီတိုင်းဒေသကြီးအတွင်း အမှန်တကယ် အကူအညီလိုအပ်သည့် နေရာများသို့ စေလွှတ်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရေဘေးသင့်ပြည်သူများအတွက် သီရိလက်ာအစိုးရက လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၂၅၀၀၀ အား မြန်မာနိုင်ငံသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးအဖွဲ့ ငွေစာရင်းအမှတ်သို့ ဩဂုတ် ၁၈ ရက်က လွှဲပြောင်းပေးပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ဒေသရှိ တိရစ္ဆာန်များအတွက် အစာနှင့်ဆေးဝါးများ ပေးပို့လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၀**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး ရှိ ရေဘေးသင့်ဒေသများတွင် တိရစ္ဆာန်အစာနှင့် ဆေးဝါးများ အခက်အခဲဖြစ်ပေါ်နေသော ဒေသများသို့ ဩဂုတ် ၁၃ ရက် မှ ၂၀ ရက်အထိ တိရစ္ဆာန်အစာ တန်ဖိုး ၂၇ ဒသမ ၁ ကျပ်သန်း၊ တိရစ္ဆာန်ဆေးဝါး အမျိုးမျိုး တန်ဖိုး ၄၁ ဒသမ ၉၄ ကျပ်သန်းအား ပေးပို့လှူဒါန်းပြီး ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍လည်း ရေဘေးသင့်ဒေသများသို့ တိရစ္ဆာန်အစာနှင့် ဆေးဝါးများ ပေးပို့လှူဒါန်းလျက်ရှိကြောင်း သိရသည်။ အလားတူပင် တိရစ္ဆာန်အစာနှင့် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုကလည်း ပေးပို့လှူဒါန်းလျက်ရှိပြီး တိရစ္ဆာန်အစာနှင့် ဆေးဝါးများ လှူဒါန်းလိုပါက ဒေါက်တာစိုးဝင်း ညွှန်ကြားရေးမှူး နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၇၅၊ ၀၉-၄၉၂၀၈၇၂၅ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရေဘေးသင့်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၀**

ကျန်းမာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံတစ်ဝန်း ရေဘေးသင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ထောက်ပံ့ ပို့ဆောင်ခြင်း၊ အရေးပေါ်တုံ့ပြန်မှုဗဟိုဌာန ဖွင့်လှစ်၍ ကြီးကြပ်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ပြည်သူ့ကျန်းမာရေး ဦးစီးဌာန အနေဖြင့် ဩဂုတ် ၂၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များနှင့် ကလေးဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ရေဘေးသင့်ဒေသများတွင် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ ရောဂါကာကွယ်တားဆီး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ၊ ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းများ၊ ပိုးလောက်လမ်းနှိမ်နင်းခြင်း လုပ်ငန်းများ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများနှင့် အခြားပြည်သူ့ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

တိုင်းရင်းဆေးပညာ ဦးစီးဌာန အနေဖြင့်လည်း ချင်းပြည်နယ်၌ ဟားခါးမြို့ ကာစင်ခရစ်ယာန်ကျောင်း ကယ်ဆယ်ရေးစခန်းနှင့် တီးတိန်မြို့ RC ကက်သလစ်ဘုရားကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ကင်မွန်းချုံရွာ၊ အောင်ရတနာ၊ ကျောက္ကာ ကယ်ဆယ်ရေးစခန်းများ၌ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး၌ မကွေးမြို့ မိချောင်းရဲရွာသစ်၊ ပွင့်ဖြူမြို့ ဖုန်းမြင့်ရွာ၊ ပခုက္ကူမြို့ ကွဲဘဲရွာ ကယ်ဆယ်ရေး၊ ရခိုင်ပြည်နယ်၌ ပုဏ္ဏားကျွန်းမြို့ ကြံခင်းရွာ၊ ကျောက်တော်မြို့ ရဲအောင်ရွာ၊ မြောက်ဦးမြို့ မြောက်ဦး ကယ်ဆယ်ရေးစခန်း၊ မင်းပြားမြို့ ပြေတော်လှရွာ၊ မောင်တောမြို့ အမှတ်(၁)အခြေခံပညာကျောင်းခွဲ၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၌ ပုသိမ်မြို့ အမှတ်(၁)ရပ်ကွက် အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်း၊အမှတ်(၂) ရပ်ကွက် ပုဂံဘုန်းတော်ကြီးကျောင်း၊ ကျောင်းကုန်းမြို့ အမှတ်(၁)ရပ်ကွက် ဂုန်လျှော်ဂိုဒေါင်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ညောင်တုန်းမြို့ ရန်ကင်းစံရာရွာ၊ ကျုံပျော်မြို့ ခနန်းချောင်းရွာ၊ ကြံခင်းမြို့ ဇရပ်ကုန်းရွာ၊ ဇလွန်မြို့ ကျုံရှုရွာ၊ ဟင်္သာတမြို့ ကရင်အင်းရွာ၊ သာပေါင်းမြို့ ဆိပ်ကြီးရွာ၊ လေးမျက်နှာမြို့ ညောင်ပင်ဝဲရွာ၊ ရေကြည်မြို့ ကြို့ကုန်းရွာ ကယ်ဆယ်ရေးစခန်းများတွင် လည်းကောင်း ရေဘေးသင့်ပြည်သူများအား တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် ကျန်းမာရေး အသိပညာပေးလုပ်ငန်း ဆောင်ရွက်မှုများကို ဩဂုတ် ၂၀ ရက်တွင် ယာယီဆေးခန်း ၁၄၉ ခန်း၊ ရွေ့လျားဆေးခန်း ၁၈၉ ခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ရေတွင်း၊ ရေကန်ပေါင်း ၈၂၀၈ ကန်ကို ကလိုရင်းဆေးခတ်ပေးခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ၃၂၂ ကြိမ် ဆောင်ရွက်ခြင်း၊ ခြင်၊ ယင်နှိမ်နင်းခြင်း အကြိမ် ၁၈၀ ဆောင်ရွက်ခြင်း၊ အာဟာရ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၁၉၇ ကြိမ် ဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင် စောင့်ရှောက်ပေးခြင်း ၃၁၅ ကြိမ်ဆောင်ရွက်ခြင်းနှင့် အခြားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။ တိုင်းဒေသကြီး/ပြည်နယ်များရှိ ရေဘေးသင့်ဒေသများသို့ ကလိုရင်းရေသန့်ဆေးမှုန့် ၅၀ ကီလိုဂရမ်ပုံး ၂၆၇ ပုံး၊ ဆေးစိမ်ခြင်ထောင် အထည် ၃၄၃၀၊ ရေသန့်ဆေးထုပ် ၁၈၉၀၀၊ ကလိုရင်းဆေးပြား ၂၈၈၀၀၊ DHF Test Kit ၃၀ နှင့် အိမ်သာခွက် ၁၄၇၀၀ တို့ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအတွက် အလှူပစ္စည်းများလက်ခံရရှိ

**နေပြည်တော် ဩဂုတ် ၂၀**

ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များက အလှူပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၂၀ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် နေပြည်တော်ရုံးများသို့ အလှူရှင်များ လာရောက်လှူဒါန်းသည့် ပစ္စည်းများမှာ အဝတ်အထည် ၁၃ ထုပ်၊ ဆန် (၂၄ ပြည်ပါ) ၅၄ အိတ်၊ ဆန် (၅ ပြည်ပါ) တစ်အိတ်၊ Sleeping Bags ၅၀၅ ခု၊ ခေါက်ဆွဲခြောက် ၂၃ ဖာ၊ ဖယောင်းတိုင်တစ်ဖာ၊ ဓာတ်မီးအိတ် ၅၀၊ ဆေးတစ်ဖာ၊ ဆပ်ပြာမှုန့်တစ်အိတ်၊ ပန်းကန်ခြောက်ဖာ၊ စာအုပ်တစ်ထုပ်၊ ပစ္စည်းစုံ တစ်ထုပ်၊ ဖိနပ်တစ်အိတ်၊ မီးခြစ်တစ်ဖာ၊ ဓာတ်ဆားသုံးဖာ၊ အချိုရည် ၂၁ဖာနှင့် ဆားတစ်ထုပ်ဖြစ်ပြီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၁၂၀၀၀ ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဧရာဝတီတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ မြိတ်မြို့မှ ရေယာဉ်ဖြင့် ပို့ဆောင်

**နေပြည်တော် ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီရန် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၊ ကော့သောင်းမြို့နှင့် ထားဝယ်မြို့တို့မှ ဒေသခံပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ လှူဒါန်းသော အဝတ်အထည် ၂၁၇၂ အိတ်၊ ငါးသေတ္တာ ၁၅၁၉ ပါကင်၊ ခေါက်ဆွဲခြောက် ၃၄၅၆ ပါကင်၊ ကြက်ဥ ၁၁၉ ပါကင်၊ ရေသန့်ဘူးအိတ် ၃၂၆၀၊ ပစ္စည်းမျိုးစုံ ၂၀၅၁ အိတ်၊ ပစ္စည်းစုစုပေါင်း ၁၂၁၆၆ နှင့် စားသောက်ကုန်များကို မြိတ်မြို့မှ ပြည့်ဖြိုးထွန်း-၉ သင်္ဘောကြီးဖြင့် ပို့ဆောင်ခဲ့ရာ ပုသိမ်မြို့သို့ ဩဂုတ်၂၀ ရက် ညနေတွင် ရောက်ရှိခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီး ပို့ဆောင်ရေးနှင့်လမ်းကြောင်းရှင်းလင်းရေး ဆပ်ကော်မတီမှ မော်တော်ယာဉ်ဖြင့် ပုသိမ်မြို့ ကိုးသိန်းမိုးလုံလေလုံအားကစားရုံသို့ ပို့ဆောင်လျက်ရှိပြီး ထောက်ပံ့ပစ္စည်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ရေဘေးသင့်ပြည်သူများသို့ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

**ပွင့်ဖြူ ဩဂုတ် ၂၀**

ပွင့်ဖြူမြို့နယ်အတွင်း ရွာပေါင်း ၂၀၅ ရွာရှိရာ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သောရွာပေါင်း ၁၅၈ ရွာရှိ ပညာရေးကျောင်းပေါင်းမူလယ်၊ထက် စုစုပေါင်း ၁၂၈ ကျောင်းတွင် ကျောင်းအတွင်း အနံ့အသက်များကောင်းမွန်ရန်နှင့် ဆရာ ဆရာမ ၁၂၁၀ ၊ ကျောင်းသားကျောင်းသူစုစုပေါင်း ၂၃၁၈၇ ဦး စာသင်ကြားနေစဉ်အတွင်း ခြင်မကိုက်စေရန်အတွက် ခြင်ဆေးဖျန်းခြင်း၊ ကျောင်းအိမ်သာများသန့်ရှင်းစေရန် ဆေးဖျန်းခြင်းနှင့် သောက်သုံးရေများအား ရောဂါကင်းဝေးစေရန် ဆေးခတ်ခြင်းတို့ကို တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများ၊ NGO အဖွဲ့အစည်းများ၊ ကြက်ခြေနီအဖွဲ့များ၊ မိတ်ဖက်မြို့နယ် အသင်းအင်အား ၅၀ တို့က ဆောင်ရွက်၍ မြို့နယ်နှင့် ကျေးရွာများရှိ ရေဘေးသင့်ခဲ့သော ကျောင်းပေါင်း ၁၂၈ ကျောင်းအား ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး ဩဂုတ် ၆ ရက်မှ ယနေ့အထိကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းပို့ဆောင်

**နေပြည်တော် ဩဂုတ် ၂၀**

သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

မြန်မာအမျိုးသားလေကြောင်းနှင့် ကမ္ဘောဇလေကြောင်းတို့မှ လေယာဉ်ဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများပို့ဆောင်ပေးလျက်ရှိရာ ဩဂုတ် ၂၁ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ခေါက်ရေသုံးခေါက်ဖြင့် ဆန်၊ စားသောက်ကုန်၊ ဆေးပစ္စည်းမျိုးစုံ၊ အဝတ်အထည်နှင့် မိုးကာလိပ်များကို ပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သဘာဝဘေးသင့် ကလေးဒေသအတွက် ပြန်လည်ထူထောင်ရေးအားစမ်းပွဲ

**ဟန်နီဝင်း**

သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတင်းအချက်အလက် မှန်ကန်ရေးသည် အဓိကကျသည့် အကြောင်းအရင်းတစ်ရပ်ဖြစ်သည်။

ထို့သို့ ပြန်လည်ထူထောင်ရေးလုပ်ဆောင်ရာတွင် မှန်ကန်သော အချက်အလက်များအပေါ် အခြေခံ၍ နိုင်ငံတော်အစိုးရ၏အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်မှုနှင့်အတူ ဒေသခံများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများ၏ ကူညီပါဝင်မှုကိုလည်း ထည့်သွင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်ကြောင့် တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုမှ အိမ်ထောင်စု ၄၀၅၂၆၈ စု လူဦးရေ ၁၆၃၀၈၇၅ဦးတို့သည် သဘာဝဘေးခံစားခဲ့ရပြီး သေဆုံးသူ ၁၁၇ ဦးရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရပြီး အဆိုပါ သဘာဝဘေးခံစားခဲ့ရသည့် ပြည်သူများအတွက် သေဆုံးမှုထောက်ပံ့ကြေး အပါအဝင် တန်ဖိုးငွေကျပ်သန်း ၆၆၀ ဒသမ ၄၃၇ သန်းကို ပေးပို့ထောက်ပံ့ခဲ့ကြောင်း သိရသည်။

သဘာဝဘေးကျရောက်မှုကြောင့် အရေးပေါ်အခြေအနေ ထုတ်ပြန်ခဲ့ရသည့် ကလေးဒေသတွင် ရေဘေးသင့်အိမ်ထောင်စု ၅၃၂၂ စုမှ လူဦးရေ ၂၂၄၀၈ ဦးရှိခဲ့သည်။ ယခုအခါ ရေပြန်လည်ကျဆင်းနေပြီဖြစ်ရာ ယခုလ ၁၅ ရက်မှ စတင်ကာ နေရပ်များသို့ ပြန်လည်ပြောင်းရွှေ့နေကြပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြပြီ ဖြစ်သည်။

ကလေးဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ လုပ်ဆောင်နိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပျက်စီးဆုံးရှုံးမှု အချက်အလက်များကို ပြုစုလျက်ရှိရာ စိုက်ပျိုးမြေဧရိယာ ၅၁၃၃၉ ဧက ရေဝင်နစ်မြုပ်ခဲ့ပြီး ၎င်းအနက် ပျက်စီးမှုဧရိယာ ၄၁၅၃၁ဧက၊ ထိခိုက်မှုဧရိယာ ၄၆၀၅၉ ဧက ရှိခဲ့ကာ ၁၀၂၃ ဧကတွင် ပြန်လည်စိုက်ပျိုးနိုင်ခဲ့သည်။

စိုက်ပျိုးမြေ ၁၅၇၅ ဧကအတွက် ရွှေသွယ်ရင် စပါးမျိုး၁၅၇၅ တင်း၊ စိုက်ပျိုးမြေ ၂၃၃၂ ဧကစာအတွက် GW1 စပါးမျိုး၂၆၃၂၅ ကီလိုအား ကလေးဒေသ ရေဘေးသင့်တောင်သူများအား ဖြန့်ဝေထောက်ပံ့နိုင်ရန် ကလေးမြို့နယ် နတ်ချောင်းကျေးရွာသို့ ပို့ဆောင်ခဲ့သည်။

လတ်တလော စိုက်ပျိုးရန် မျိုးအခက်အခဲဖြစ်ပေါ်နေသော ထောက်ကြန့်၊ ကြာအင်း၊ ကံပုလဲ၊ နတ်ချောင်း၊ နတ်မြောင်းနှင့် ကင်မွန်းခြုံ စသည့် ကျေးရွာအုပ်စုများမှ တောင်သူများ၏ စိုက်ပျိုးမြေဧက ၁၇၆၈ အတွက် စပါးတင်း ၁၂၃၈၈ ကီလိုအား ကလေးမြို့ နတ်ချောင်းကျေးရွာမှတစ်ဆင့် ဖြန့်ဝေပြီးဖြစ်သည်။

ထို့အတူ ရေဘေးသင့်ကျေးရွာများမှ တိရစ္ဆာန်များအား ကာကွယ်ရေးနှင့်ကုသရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယခုလ ၁၆ ရက်အထိ နွားကောင်ရေ တစ်ထောင်ကျော်ကို ကာကွယ်ဆေးထိုးပေးခဲ့ပြီးဖြစ်သည်။



ကလေးမြို့နယ် ဇင်းကလင်း-ရေလဲဦး-ပေါက်ခုံ ကျေးရွာလမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။

ရေဘေးသင့် ပြည်သူများအတွက် အဓိကကျသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် ပါဝင်သည့် မူလလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေး ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာများကိုလည်း ပုံမှန်လည်ပတ်နိုင်ရန် တစ်ဆက်တည်း ဆောင်ရွက်ကြမည်ဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်း ကဏ္ဍများစွာအနက် ရေဘေးသင့်ကလေးငယ်များ၏ ပညာရေးအတွက် ကျောင်းများ အမြန်ပြန်လည်ဖွင့်လှစ်ပြီး စာသင်ကြားနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြသည်။

ထို့ပြင် ရေဘေးသင့်ဒေသများတွင် ရေကျပြီးနောက်ဖြစ်ပွားတတ်သည့်ရောဂါများကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း ဆောင်ရွက်လျက်ရှိရာ ရေဘေးကယ်ဆယ်ရေးစခန်း ၁၁ ခုတွင် ယာယီဆေးပေးခန်းများ ဖွင့်လှစ်ဆောင်ရွက်နေသကဲ့သို့ ရွေ့လျားဆေးအဖွဲ့များဖြင့်လည်း ဆေးကုသမှုနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများ ဆောင်ရွက်လျက်ရှိသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံးမှုနှင့် အိမ်ထောင်စုဇယား ပျောက်ဆုံးပျက်စီးမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံသားစိစစ်ရေးကတ်ပျောက်ဆုံးပျက်စီးခဲ့မှု ၂၅၇၇ ဦး အနက်မှ ၂၄၄၂ ဦးနှင့် အိမ်ထောင်စုဇယားပုံစံ (၆၆/၆) ပျောက်ဆုံးပျက်စီးမှု ၂၇၆၅ ဦးအနက်မှ ၂၇၆၃ ဦးတို့အတွက် ထုတ်ပေးပြီးဖြစ်သည်။

ကလေးဒေသ ရေဘေးသင့်ပြည်သူများအတွက် လက်ခံရရှိမှု၊ ဖြန့်ဝေထုတ်ပေးမှုနှင့် ကျန်ရှိမှုတို့ကို စာရင်းဇယားများဖြင့် စနစ်တကျပြုစုကာ ကယ်ဆယ်ကူညီရေးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ရေဘေးသင့်ပြည်သူများထံ ခွဲဝေဖြန့်ဝေပေးလျက်ရှိရာ ယခုလ ၁၆ ရက်အထိ ဖြန့်ဝေပြီးဖြစ်ကြောင်းနှင့် ထောက်ပံ့ပစ္စည်းများစွာ ကျန်ရှိနေကြောင်းလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စာရင်းများအရ သိရသည်။

ထိုကဲ့သို့ ကလေးဒေသအပါအဝင် တစ်နိုင်ငံလုံးရှိ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ နေအိမ်၊ လမ်း၊ တံတားများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအပြင် ရေဘေးသင့်ပြည်သူများ၏ အခြေခံလိုအပ်ချက်များအတွက် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး သီးသန့်ရန်ပုံငွေမှ ငွေကျပ် ၃၉ ဒသမ ၀၅၄ ဘီလီယံ သုံးစွဲခဲ့ပြီးဖြစ်သည့်အပြင် ပျက်စီးဆုံးရှုံးမှုများအတွက် စာရင်းပြုစုရရှိမှုအလိုက် အဆိုပါ သီးသန့်ရန်ပုံငွေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံး ကြိုးပမ်းဆောင်ရွက်ကြမည်ဖြစ်သည်။

သို့ဆိုလျှင် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သော ကလေးဒေသ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်သည် အရှိန်အဟုန်မြင့်လာပြီး မူလအနေအထားထက် ကျော်လွန်အသွင်ပြောင်းသွားနိုင်မည်မှာ အသေအချာပင်ဖြစ်သည်။

❂



ကလေးမြို့နယ် ထိုမာကျေးရွာလမ်းပေါ်မှ နုန်းများ ဖယ်ရှားဆောင်ရွက်ပေးနေစဉ်။

# ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးရန်ပုံငွေဂီတဖျော်ဖြေပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၁**

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက ဦးစီးကျင်းပသော ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး ရန်ပုံငွေဂီတဖျော်ဖြေပွဲကို Iron Cross တီးဝိုင်းနှင့်အတူ ပင်တိုင်အဆိုတော်များဖြစ်သည့် လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်းတို့က ဩဂုတ် ၂၁ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ စည်ကားသိုက်မြိုက်စွာ ဖျော်ဖြေခဲ့သည်။

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းအနေဖြင့် အဆိုပါ ရန်ပုံငွေဂီတဖျော်ဖြေပွဲမှရရှိသည့် ငွေနှင့် အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေများအားလုံးကို ရေဘေးသင့်ဒေသများဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်ရှိ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၎င်းတို့နှင့်အတူ ရုပ်ရှင်သရုပ်ဆောင်လွင်မိုးနှင့် ဦးအောင်လွင်တို့ကလည်း ရခိုင်ဒေသ ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ကမ္ဘောဇဘဏ်အုပ်စုအနေဖြင့် ပြည်သူတို့၏ ဘာသာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ၂၀၀၇ ခုနှစ်မှစတင်ကာ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းအမည်ဖြင့် တည်ထောင်ခဲ့သည်။ စတင်တည်ထောင်ချိန်မှ ယခုအချိန်အထိ ရေဘေးသင့်ပြည်သူများအတွက် အပါအဝင် အမေရိကန်ဒေါ်လာ ၇၂ သန်းကျော် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်းသိရသည်။

အနယ်နယ်အရပ်ရပ်မှ အလှူရှင်များအနေဖြင့် ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အလှူငွေများလှူဒါန်းလိုပါက KBZ Brighter Future Myanmar Foundation (ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း) ဘဏ်စာရင်း160 103 16000413001 သို့ မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ ဘဏ်စာရင်း 057 109 16000413001 သို့ နိုင်ငံခြားငွေဖြင့် လည်းကောင်း လှူဒါန်းနိုင်သည့်အပြင် နိုင်ငံခြားရှိ အလှူရှင်များမှ လှူဒါန်းလိုပါက 2C2P ဖြင့်လည်း လှူဒါန်းနိုင်ကြောင်း သိရသည်။

Iron Cross တီးဝိုင်းသည် ပထမဆုံးအနေဖြင့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းနှင့်အတူ ရေဘေးသင့်ပြည်သူများအတွက် ကူညီရန်ဖျော်ဖြေပွဲကို ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဆက်လက်၍ Bo Bo Entertainment နှင့်အတူ ပြင်ဦးလွင်နှင့် ရန်ကုန် ပြည်သူ့ရင်ပြင်တို့တွင် ရန်ပုံငွေပွဲများကို ဆက်လက်ပြုလုပ်သွားမည်ဟု Iron Cross တီးဝိုင်းမှ ပင်တိုင်အဆိုရှင် မျိုးကြီးက ပြောသည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)**



ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးရန်ပုံငွေဂီတဖျော်ဖြေပွဲ ပြုလုပ်စဉ်။

# ရေကြီးနစ်မြုပ်ဒဏ်ခံရသည့်ဒေသများတွင် နိုင်ငံတော်အစိုးရ၏ လယ်ယာကဏ္ဍနှင့် လူမှုရေးဆိုင်ရာ ဆောင်ရွက်ချက်များ



ကလေးမြို့ ပြည်သူ့ဆေးရုံ ကလေးကုသဆောင်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုကိုတွေ့ရစဉ်။



ကလေးမြို့ ပင်လုံလမ်း အမှိုက်များဖယ်ရှားရှင်းလင်းနေစဉ်။



ပွင့်ဖြူမြို့နယ် ပြည်လုံးကျော်ကျေးရွာအုပ်စုတွင် ထွန်စက်များဖြင့် ထွန်ယက်ပေးနေစဉ်။



ဇင်းကလင်း-ရေလဲဦး-ပေါက်ခုံ ကျေးရွာလမ်းပြုပြင်ဖောက်လုပ်နေစဉ်။



တောင်ကုတ်မြို့နယ် ကုတို့ဆိပ်ကျေးရွာတွင် ထွန်စက်များဖြင့် ထွန်ယက်ပေးနေစဉ်။



ကောလင်းမြို့နယ် ရေကန်သာကျေးရွာတွင် တောင်သူပိုင် လယ်ယာသုံးစက်ကိရိယာများကို ပြုပြင်ပေးနေစဉ်။

## လယ်ယာကဏ္ဍတွင် အဓိကဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ

- ရေကျသည့် လယ်မြေများအား တစ်ကွက်ပေါ် တစ်ကွက်ထွန်စနစ်ဖြင့် ထွန်ယက်ပေးခြင်း၊
- ထွန်စက်ရေ့ဂေါ်များဖြင့် သဲနုန်းများ ဖယ်ရှားပေးခြင်း၊
- ရေနစ်မြုပ်သွားသော တောင်သူပိုင် လယ်ယာသုံး စက်ကိရိယာများ ပြုပြင်ပေးခြင်း၊

## လူမှုရေးဆိုင်ရာ ဆောင်ရွက်မှုများ

- ဆေးရုံ၊ ကျောင်းများတွင် ရွှံ့ညွန်များ ဖယ်ရှားပြီး သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊
- လမ်းပေါ်တွင် တင်ကျန်နေသည့် ရွှံ့ညွန်များကို ရှင်းလင်းဖယ်ရှားပေးခြင်း၊
- ရေ၊ မီးလိုင်းများ ပြန်လည်ပြုပြင်ပေးခြင်း၊
- အမှိုက်များ ဖယ်ရှားရှင်းလင်းပေးခြင်း၊
- ရေနုတ်မြောင်းများ ပြုပြင်မွမ်းမံခြင်း၊



ကလေး-ကလေးဝလမ်း ရေမြောင်းတူးဖော်နေစဉ်။

# ခွန်အားမျှပါ နွံထဲက ကြာ

နေသန့်၊ နိုင်လင်းကြည်



**အဟုန်ပြင်းလှသောရေထုသည် မြင့်မားလှသောတောင်တန်းကြီးများကို တိုက်စားဖြိုချ၍ အောက်အရပ် ပင်လယ်သို့တိုင် စီးဆင်းရင်း မြန်မာနိုင်ငံ၏ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးများအထိ ရေကြီးဖုံးလွှမ်းနစ်မြုပ်စေခဲ့သည်။**

အထက်အရပ်မှ ရေပင်လယ်ကြီးသည် အောက်အရပ်သို့ ရွေ့လျော စီးဆင်းသွားခဲ့သည်။ ဒေသအတော်များများ ရေပင်လယ်ကြီးဖုံးလွှမ်းမှုမှ ယခုအချိန်တွင် ကျဆင်းခဲ့ပြီ ဖြစ်သော်လည်း ယင်း၏ လက်ဆောင် နွံပင်လယ်ပြင်ကြီးက ဆက်လက်စိန်ခေါ်လျက် ရှိပေသည်။

ထူထဲလှသော နွံထုကြီး ဖုံးအုပ်ခံရသည့် ကြာဖူးငုံလေးများ သို့မဟုတ် ရေလွှမ်းခံဒေသများမှ ပညာသင်ကျောင်းသား ကျောင်းသူလေးများ၊ ဆရာ ဆရာမလေးများ၏ ရုန်းကန်ရင်ဆိုင်နေကြပုံများကိုလည်း တွေ့မြင်ရပေမည်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်နှင့် စေတုတ္တရာ မြို့နယ်တို့တွင် ရေလွှမ်းမိုးခဲ့ရာ အခြေခံပညာကျောင်း ၁၄၂ ကျောင်း ရေဝင်ရောက်၍ မူ၊ လယ်၊ ထက် အဆင့် အခြေခံပညာကျောင်းပေါင်း ၁၇ ကျောင်း ပျက်စီးခဲ့သည်။

အခက်အခဲများကြားမှ ရေပြန်လည်ကျဆင်းချိန်တွင် ပွင့်ဖြူမြို့နယ်ရှိ အခြေခံပညာကျောင်းများကို ဩဂုတ် ၇ ရက်မှ ၁၈ ရက်အတွင်း လည်းကောင်း၊ စေတုတ္တရာမြို့နယ်ရှိ ကျောင်းများကို ဩဂုတ် ၉ ရက်မှ ၁၈ ရက်အတွင်း လည်းကောင်း၊ ကလေးမြို့နယ်ရှိ ကျောင်းများကို ဩဂုတ် ၁၇ ရက်က လည်းကောင်း ပြန်လည်ဖွင့်ခဲ့သည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျောင်းလေးများ သင်ကြားသင်ယူသံ စီစီညံဖြင့် ပြန်လည်အသက်ဝင်လာခဲ့ပြီ။ ခရီးလမ်းသွားလာရေး အခက်အခဲရှိပြီး ချို့တဲ့မှုများ ရှိနေဆဲဖြစ်သော်လည်း ကျောင်းသားနှင့်ဆရာတို့ ပညာလမ်းအဆက်မပြတ်ရေး ကြိုးပမ်းကြသည်။

ကလေးမြို့နယ်တွင်တော့ ရေကြီးနစ်မြုပ်ပြီးနောက် ကြီးမားလှသော နွံထုကြီးက နေထိုင်ရေး၊ သွားလာရေးများအတွက် ကြီးစွာသော အခက်အခဲကြီးအဖြစ် ကျန်ရစ်ခဲ့သည်။

"အိမ်တွေ အလုံးလိုက်ကျွတ်ပါကုန်ပြီး ကြီးမားလှတဲ့ နွံထုကြီးပဲ ကျန်ခဲ့တယ်။ အိမ်ထဲကို ဝင်လို့ မရသေးဘူး။ တဲထိုးပြီးနေရတယ်။ ရွာလုံးကျွတ် ပျက်စီးဆုံးရှုံးမှု ကြုံခဲ့ရတဲ့ ရွာတွေကတော့ ကလေးမြို့နယ်ထဲက ကျောက္ကာရွာနဲ့ တမူးမြို့နယ်ထဲက နတ်သမီးရွာတွေပါပဲ။ အဲဒီကျေးရွာတွေအပါအဝင် ကျေးရွာရှစ်ရွာလောက်က ကိုယ့်ရွာကိုယ်မပြန်နိုင်ကြသေးဘူး။ ပြန်နိုင်တဲ့ ရွာတွေကျတော့လည်း နွံတွေက ရင်စို့လောက်တက်နေတော့ နွံဆေးဖို့က မလွယ်ဘူး။ နွံဆေးဖို့က စက်ငှားပြီး ဆေးမယ်ဆိုရင် တစ်နာရီကို ကျပ် ၅၀၀၀ ကနေ ၁၀၀၀၀ အထိ အမျိုးမျိုးပေးရတယ်။ အဲဒါမတတ်နိုင်လို့ မပြန်နိုင်သေးဘူး"ဟု ရေပြန်ကျချိန်ကြုံတွေ့နေရသည့်အခြေအနေကို ကလေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမဒေါ်ရီရီခင်လတ်က ပြောသည်။

"ရေက ပြန်ကျသွားပြီဖြစ်လို့ ကျောင်းတွေအကုန်လုံးနီးပါး ပြန်ဖွင့်နိုင်ခဲ့ပြီဖြစ်ပေမယ့်လည်း ကျွဲ၊ နွား စားကျက်တွေ မရှိတော့လို့ စားကျက်ရှိတဲ့နေရာတွေမှာ ကျွဲ၊ နွားတွေ ကျောင်းနေရတဲ့ ကျောင်းသား ကျောင်းသူတွေလည်း အတော်များများ ရှိသေးတယ်။ သူတို့ကတော့ ကျောင်းပြန်ဖွင့်ပေမယ့် ကျောင်းပြန်မတက်နိုင်ကြသေးဘူး"ဟု အခက်အခဲအမျိုးမျိုးကြောင့် ကျောင်းကို ရောက်မလာနိုင်သေးတဲ့ ကလေးများအတွက် ကရုဏာသက်စွာဖြင့် ၎င်းက ပြောသည်။

"အရင်က ရေတက်တယ်ဆိုတာ ခြေမျက်စိသာသာ တက်တာကိုများလှပြီထင်ခဲ့တယ်။ အခုလို ရုတ်တရက် ကြုံရတဲ့အခါ မိသားစုအားလုံးကိုယ်လွတ်ရုန်းခဲ့ကြရတယ်။ ဘာမှ မသယ်လိုက်နိုင်ဘူး။ ရေကျချိန်မှာ အိမ်အခွံနဲ့ နွံတွေပဲ ကျန်ခဲ့တယ်။ လေးတန်းနဲ့ ကိုးတန်းသမီးနှစ်ယောက်ရှိတယ်။ အခုသူတို့ ကျောင်းပုံမှန်သွားနိုင်အောင်ပဲ ဦးစားပေး ရုန်းကန်နေရတယ်။ သူတို့လည်း ရှိတဲ့ဝတ်စုံလေးနဲ့ပဲ ကျောင်းသွားနေကြတယ်။ ဖြစ်သလိုစားပြီး နွံတွေကို တစ်ယောက်တည်း လက်နဲ့ပဲ ရှင်းနေရတယ်။ စက်လည်း မငှားနိုင်ဘူးလေ။ ကျွန်တော်ဆို ဒီအင်္ကျီတစ်ထည်တည်းနဲ့တင် ရက်များစွာ ကြာခဲ့ပါပြီ"ဟု ကလေးမြို့ အောင်မင်္ဂလာရပ်ကွက်နေ ကျောင်းသားမိဘတစ်ဦးက ပြောသည်။

အမျိုးမျိုးသော အခြေအနေများကြားတွင် မိဘ၊ ဆရာ၊ ကျောင်းသားတို့သည် ပညာရေးလမ်းကို အခက်အခဲများကြားမှ လျှောက်လှမ်းနေကြသည်။ ပွင့်ဖြူမြို့နယ်နှင့် စေတုတ္တရာမြို့နယ်အတွင်း ရန်ပုံငွေ ၁၅၃ သန်းကျော် လိုအပ်သည်ဟု သိရသည်။

ကျောင်းသား ၅၀၀၀ ခန့်နှင့် ဆရာ ဆရာမ ၂၀၀ ကျော်ရှိသည့် ကလေးတက္ကသိုလ်တွင် ရေဘေးသင့်ဒေသ၌ နေထိုင်သည့် ဆရာ ဆရာမ ၃၀ ကျော်ရှိသည်ဟု သိရသည်။ အဆိုပါကျောင်း၌ လာမည့်စက်တင်ဘာ ၁၇ ရက်တွင် ကျင်းပမည့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဒုတိယပညာသင်ကာလအတွက် စာမေးပွဲမေးခွန်းများ ရိုက်နှိပ်ခြင်း လုပ်ငန်းကို စက်တင်ဘာ ၁ ရက်မှ ၁၀ ရက်အထိ မဖြစ်မနေဆောင်ရွက်ရတော့မည်ဖြစ်သည်။ ကလေးတက္ကသိုလ်အနေဖြင့် ယခင်က မီးမကြာခဏလာသော်လည်း ရေကြီးမှုဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်း လုံးဝမရနိုင်တော့သဖြင့် ၆၀ ကေဗွီအေ မီးစက် ခုတ်မောင်းနိုင်ရန် စက်သုံးဆီများလည်း လိုအပ်လျက်ရှိကြောင်း သိရသည်။

ထူထဲသည့် နွံထုအောက်က ထွက်လာမည့် ကြာဖူးငုံလေးများ သို့မဟုတ် အနာဂတ်၏ ရင်သွေးရတနာ ကျောင်းသား ကျောင်းသူလေးများ ပညာသင်ကြားမှု အတတ်နိုင်ဆုံးချောမွေ့စေရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်တွင်းပြည်ပ စေတနာရှင်၊ ပရဟိတစေတနာရှင် အပေါင်းမှ ပွဲပြီးမီးသေမနေကြဘဲ ဆက်လက်ပံ့ပိုး ကူညီကြပါရန် အကြောင်း နှိုးဆော်ရေးသားအပ်ပါသည်။ ။

## ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၁**

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၇ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှရေထုတ်လွှတ်လျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၄. ၁၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၄. ၃၀' |
| ၃။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၂. ဝ၆' |
| ၄။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၁. ၉၀' |
| ၅။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၈၀' |
| ၆။ | ကင်းတပ်ရေထိန်းတမံ | ၃၈၂၉၅ | ၄. ၃၀' |
| ၇။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၀. ၅၀' |
| ၈။ | ရာဇဂြိုလ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၆၀' |
| ၉။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၁. ၄၀' |
| ၁၀။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၁၀' |
| ၁၁။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၁. ၉၀' |
| ၁၂။ | မြောက်ယမားရေကူ ရေလှောင်တမံ | ၁၂၂၉၀၀ | ၁. ၀၀' |
| ၁၃။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၀. ၉၀' |
| ၁၄။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၈၀' |
| ၁၅။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၇၀' |
| ၁၆။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၂၀' |
| ၁၇။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၅၀' |
| ၁၈။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၄၀' |
| ၁၉။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၂၀' |
| ၂၀။ | ဇလပ်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၁၀' |
| ၂၁။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၁၀' |
| ၂၂။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၀. ၆၆' |
| ၂၃။ | စဥ့်ကူးချောင်းဂေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၁၀' |
| ၂၄။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၀. ၄၀' |
| ၂၅။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၆၀' |
| ၂၆။ | တောင်ညိုရေလှောင်တမံ | ၂၀၀၀၀၀ | ၁. ၆၀' |
| ၂၇။ | ဘော်ဘင်ရေလှောင်တမံ(၁) | ၉၇၆၄၆ | ၀. ၀၅' |
| ၂၈။ | ဘော်ဘင်ရေလှောင်တမံ(၂) | ၂၆၅၈၈ | ၀. ၁၅' |
| ၂၉။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၀. ၄၀' |
| ၃၀။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၀. ၆၀' |
| ၃၁။ | မာလဲနတ်တောင် ရေလှောင်တမံ | ၅၀၉၇၀ | ၁. ၃၀' |
| ၃၂။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၆၀' |
| ၃၃။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၂၀' |
| ၃၄။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၅၀' |
| ၃၅။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၃၅' |
| ၃၆။ | မုံးရင်ရေလှောင်တမံ | ၂၅၉၀၀ | ၀. ၆၀' |
| ၃၇။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၄၀' |

(သတင်းစဉ်)

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့်ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်း

၂၀၁၅ ခုနှစ် ဩဂုတ် (၂၀) ရက်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း (ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၁၂၇ | ၂၈၄၇၄ | ၁၅၆၆၃ | ၁၂၇၉၁ | ၅၅၁၉ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၇ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၀၃၁ | ၅၀၃၁ | ၅၀၃၁ | ၂၉၀၉ | - |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၈၀၁၁ | ၁၈၁၇၄၉ | ၁၄၅၄၅၅ | ၁၁၆၅၁၀ | ၂၈၈၆၁ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၁၉၆၄၈ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၇၃၂ | ၉၆၈၄၆ | ၉၅၈၅၈ | ၆၆၉၁ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၁၇၈၂၃၆ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၆၂၆၆၄ | ၆၆၇၇၁ | ၁၅၀၃၇ | ၁၅၃၃ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၄၉ | ၁၃၃၄၉ | ၃၈၂၉ | ၂၆၁၉ | ၃၀၅ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၁၅ | ၁၅၆၅၅၈ | ၁၄၅၁၃၁ | ၈၁၁၇၀ | ၆၈၇၉ |
| | စုစုပေါင်း | ၁၄၄၃၈၉၂ | ၁၂၂၉၆၂၅ | ၉၈၅၁၇၇ | ၆၆၇၁၈၈ | ၂၄၇၇၅၅ |


## ငါးသိုင်းချောင်းမြို့တွင် သတ်မှတ်စိုးရိမ်ရေမှတ်အောက် ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ငါးသိုင်းချောင်းမြို့၏ ငဝန်မြစ်စိုးရိမ်ရေမှတ်သည် ဩဂုတ် ၈ ရက်မှစ၍ နေ့စဉ်လျော့နည်းကျဆင်းလျက်ရှိရာ ယနေ့တွင် သတ်မှတ်စိုးရိမ်ရေမှတ်အောက် ကျဆင်းသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်ရှိ ငဝန်မြစ်၏ နေ့အလိုက်ရေမှတ်များ



# အခုလက်ရှိမှာတော့ တစ်နှစ်ကိုအများဆုံးထုတ်လုပ်နိုင်တဲ့ သစ်ပမာဏထက် လျှော့ချထုတ်လုပ်နေပြီး သဘာဝမထိခိုက်စေတဲ့နည်းနဲ့ ထုတ်လုပ်နေပါတယ်

**ဒုတိယအထွေထွေမန်နေဂျာ ဦးစောဂျွန်ရွှေဘာ**

မြန်မာနိုင်ငံအတွင်းဖြစ်ပေါ်နေသည့် ရေကြီး၊ ရေလျှံ၊ မြေပြိုမှု စသည့် သဘာဝဘေးအန္တရာယ်ကျရောက်မှုနှင့်ပတ်သက်၍ လူမှုကွန်ရက် အသိုင်းအဝိုင်းတွင် သစ်တောပြုန်းတီးမှုနှင့် သက်ဆိုင်ကြောင်း ယူဆချက်များ ကြားသိနေရသည်။

အဆိုပါယူဆချက်များနှင့်ပတ်သက်ပြီး စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ တာဝန်ရှိသူများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန တာဝန်ရှိသူများ၏ ဆွေးနွေးပြောကြားချက်များနှင့် သုံးသပ်ချက်များကို ဖော်ပြထားပါသည်-

**ဦးဝင်းမျိုးသူ (ဥက္ကဋ္ဌ)**
**စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်း**

ပညာရှင်ရှုထောင့်ကနေတွက်ရင် ရေထိန်းဖို့၊ မြေထိန်းဖို့၊ ဇီဝမျိုးကွဲတွေထိန်းဖို့၊ ရာသီဥတုမျှတဖို့ဆိုရင် ကျွန်တော်တို့တွက်တာကတော့ တစ်နိုင်ငံလုံးရဲ့ အနည်းဆုံး ၂၀ ရာခိုင်နှုန်းကနေ ၂၅ ရာခိုင်နှုန်းလောက်ကောင်းတဲ့ သစ်တောတွေ ချန်ရပါမယ်။ အခုကျွန်တော်တို့တွေ့နေတာက ကောင်းတဲ့သစ်တောက ၁၉ ရာခိုင်နှုန်းလောက်ရှိပြီး ကျန်တာတွေက မကောင်းတဲ့တောတွေ၊ တောပွင့်တွေဖြစ်နေတယ်။ အမိန့်ကြော်ငြာစာအရ သစ်အလုံးလိုက်တင်ပို့မှုတွေ ရပ်ဆိုင်းထားပေမယ့် တစ်ဖက်မှာ တရားမဝင်သစ်ခိုးထုတ်မှုတွေရှိနေတယ်။

လက်ရှိအနေနဲ့ကတော့ export လုပ်လို့မရတော့ဘူး။ နိုင်ငံတကာကို သင်္ဘောနဲ့ အလုံးလိုက်တင်ပို့ဖို့က ခွင့်မပြုတဲ့အတွက် ရပ်ထားတယ်။ သို့သော်လည်း နယ်စပ်ဖြတ်ကျော်ပြီးတော့ သွားနေတယ်။ ခိုးပြီးသွားနေတာလေးတွေရှိတယ်။

**တိုက်ကြီးမြို့နယ် ဒေသခံတစ်ဦး**

အရင်တုန်းက ပဲခူးရိုးမပေါ်မှာ ကျွန်းပင်တွေ၊ ထင်းပင်တွေရှိတယ်။ အခုမရှိတော့ဘူး။ လူတွေကလည်း သဘာဝပစ္စည်းတွေကို မထိန်းသိမ်းဘဲ ဒီလိုစည်းကမ်းမဲ့ခုတ်တဲ့အတွက် တဖြည်းဖြည်းနဲ့ ရာသီဥတုက ဖောက်ပြန်လာတယ်။

**ဦးစောဂျွန်ရွှေဘာ (ဒုတိယအထွေထွေမန်နေဂျာ)**
**မြန်မာ့သစ်လုပ်ငန်း**

သဘာဝပတ်ဝန်းကျင်အခြေအနေအရ အရင်က တစ်နှစ်ကို သစ်ထုတ်လုပ်တဲ့နေရာမှာ ကျွန်းကို နှစ်သိန်းခွဲ သုံးသိန်းလောက်ထုတ်ပါတယ်။ သစ်မာကို တစ်ဆယ့်နှစ်သိန်းကျော် ထုတ်ပါတယ်။ အခုချိန်မှာဆိုရင် ၂၀၁၄- ၂၀၁၅ ကစပြီးတော့ ကျွန်းကိုခြောက်သောင်း၊ သစ်မာကို ခြောက်သိန်းခုနှစ်သောင်း စတင်ပြီးတော့ လျှော့ထုတ်တာပေါ့။ နောက်တဖြည်းဖြည်းနဲ့ လျှော့သွားမှာပါ။ **အခုလက်ရှိမှာတော့ တစ်နှစ်ကို အများဆုံးထုတ်လုပ်နိုင်တဲ့ သစ်ပမာဏထက် လျှော့ချထုတ်လုပ်နေပြီး သဘာဝမထိခိုက်စေတဲ့နည်းနဲ့ ထုတ်လုပ်နေပါတယ်။**

သစ်ထုတ်တဲ့အခါမှာ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ပါတယ်။ သစ်ပင်ဆိုတာ အောက်ခြေအပင်အသေးလေးကနေ အလွှာလိုက် အလွှာလိုက် အစဉ်လိုက်ရှိပါတယ်။ အကြီးဆုံးအပင်ကိုသာ ရွေးချယ်ခုတ်လှဲခြင်းဖြစ်တဲ့အတွက်ကြောင့် ခုတ်ပြီးတဲ့အချိန်မှာ နောက်သစ်ပင်တွေ အဆင့်ဆင့်ကျန်ရှိနေတာ ဖြစ်ပါတယ်။ ကျန်ရှိတဲ့အပင်ကို နောက်အနှစ်သုံးဆယ်မှာ ထပ်မံပြီးတော့ ထုတ်ယူနိုင်မှာဖြစ်ပါတယ်။

**ဦးထွန်းပေါ်ဦး (သဘာဝပတ်ဝန်းကျင်ပညာရှင်)**
**မြန်မာနိုင်ငံသစ်တောအသင်း**

သစ်တောဧရိယာတွေ လျော့ကျလာတယ်။ ဥပမာ ၁၉၉၀ တုန်းကဆိုရင် ၅၇ ရာခိုင်နှုန်းရှိတယ်။ ၂၀၀၀ ပြည့်နှစ်မှာ ၅၁ ရာခိုင်နှုန်း၊ ၂၀၁၀ မှာတော့ ၄၆ ဒသမ ၉ ရာခိုင်နှုန်းရှိတယ်။ ၂၀၁၅ မှာဆိုရင်တော့ ၄၅ ရာခိုင်နှုန်းရှိတယ်။ အဲဒီတော့ သစ်တောတွေကို လူတွေရဲ့ နေထိုင်စားသောက်မှုမှာ အသုံးပြုတယ်။ နိုင်ငံခြားပို့တယ်။ အဲဒီလိုဆိုရင် ထုတ်ယူသုံးစွဲတဲ့အခါမှာ ဧရိယာကတော့ လျော့ကျဖို့ရှိပါတယ်။

မြန်မာနိုင်ငံမှာ ယခုလက်ရှိ ဖြစ်နေတာက ကမ္ဘာ့ရာသီဥတုပြောင်းလဲတယ်။ မြန်မာနိုင်ငံရဲ့ ရာသီဥတုပြောင်းလဲတယ်။ မိုးတွေရွာတဲ့အချိန် မြန်မာပြည်ရဲ့ မြောက်ပိုင်းမှာ ဆိုင်ကလုန်းကိုမန်ကဝင်လာတယ်။ နောက်တစ်ခုက ရက်ရှည်မိုးရွာတယ်။ မိုးရွာတဲ့အခါမှာ မိုးရေချိန်လက်မ အများဆုံးရွာတယ်။ မိုးရွာချတဲ့မြေဟာ တစ်ခါတည်းရေစိမ့်ဝင်တယ်။ ရေတွေဟာ အလွယ်တကူမျောပါသွားတယ်။ ဒါမြေအနေအထားပါ။ နောက်တစ်ချက်က လူတွေရဲ့ ပယောဂကြောင့်


ဦးဝင်းမျိုးသူ။


ဦးစောဂျွန်ရွှေဘာ။


ဦးထွန်းပေါ်ဦး။


ဦးဘိုနီ။

သစ်တောပြုန်းတီးမှုဖြစ်တယ်။ သစ်တောမြေကို အခြားမြေအသုံးချဖို့ဖြစ်တယ်။ မတ်စောက်တဲ့ နေရာတွေမှာ တောင်ယာတွေလုပ်တာရှိတယ်။ သတ္တုတူးလို့ တောင်တွေကို ဖြိုလိုက်ရတာရှိတယ်။ ဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ်တယ်။ လမ်းတွေဖောက်တဲ့အခါ တောင်စောင်းတို့ မတ်စောက်တဲ့နေရာမှာ စနစ်တကျဖောက်ဖို့၊ ထိန်းသိမ်းဖို့ အားနည်းမှုတွေလည်းရှိနေတယ်။

မြန်မာနိုင်ငံက သစ်တောကို တရားဝင်ဥရောပနဲ့ တခြားနိုင်ငံတွေကို ပို့မယ်။ တစ်ဖက်ကလည်း အစိုးရချင်းဆက်သွယ်ပြီးတော့ တရားမဝင်သစ်ထုတ်တာကို လျော့နည်းအောင်လုပ်ရမှာဖြစ်ပါတယ်။ ထိုင်းနိုင်ငံက သစ်ခုတ်တာကို ပိတ်ထားတယ်။ တရုတ်ပြည်က သစ်ခုတ်တာကိုပိတ်ထားတယ်။ မြန်မာနိုင်ငံက သစ်တွေ တရားမဝင်ထွက်နေတာနဲ့ပတ်သက်လို့ တကယ့်နိုင်ငံအဆင့် ပြောဆိုညှိနှိုင်းပြီးတော့ ဆောင်ရွက်ရမယ်လို့ အကြံပြုစေလိုပါတယ်။

**ဦးဘိုနီ (ညွှန်ကြားရေးမှူး သစ်တောဦးစီးဌာန)**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန**

မြန်မာနိုင်ငံမှာရှိတဲ့ သစ်တောတွေကို စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်ဖို့အတွက် ကျွန်တော်တို့က မူဝါဒတွေ၊ ဥပဒေ၊ နည်းဥပဒေတွေ ပြဋ္ဌာန်းရေးဆွဲထားတယ်။ နောက်တစ်ခါ ကျွန်တော်တို့ မဟာဗျူဟာချမှတ်ပြီးတော့ စနစ်တကျဆောင်ရွက်နေတာဖြစ်ပါတယ်။ အထူးပြောချင်တာကတော့ မြန်မာနိုင်ငံရဲ့ သစ်တောကဏ္ဍဆိုင်ရာ မဟာဗျူဟာကတော့ ၂၀၀၁ မှ ၂၀၃၀ ခုနှစ်ထိ ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိတဲ့ သစ်တောကဏ္ဍက နှစ်၃၀ ပင်မ စီမံကိန်းဖြစ်ပါတယ်။ အဲဒီ နှစ် ၃၀ ပင်မစီမံကိန်းအရ မြန်မာနိုင်ငံမှာ သစ်တောနယ်မြေလို့ခေါ်တဲ့ သစ်တောကြိုးဝိုင်းပါတယ်။ ကြိုးပြင်ကာကွယ်တောတွေပါတယ်။ ဒီနှစ်ခုပါတဲ့ သစ်တောနယ်မြေကို နိုင်ငံတစ်ခုလုံးဧရိယာရဲ့ ၃၀ ရာခိုင်နှုန်းဖွဲ့စည်းမယ်။ နောက်တစ်ခါ ဘေးမဲ့တောတို့လို အမျိုးသားဥယျာဉ်တို့လို သဘာဝနယ်မြေတွေပါဝင်တဲ့ဧရိယာကို နိုင်ငံဧရိယာရဲ့ ၁၀ ရာခိုင်နှုန်း ဖွဲ့စည်းမယ်လို့ သတ်မှတ်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနဲ့ ဖွံ့ဖြိုးရေးအဖွဲ့ရဲ့ ငါးနှစ်တစ်ခါ သစ်တောသယံဇာတအကဲဖြတ်ချက် အစီရင်ခံစာတွေရှိပါတယ်။ ၂၀၁၀ ခုနှစ်က အစီရင်ခံစာအရနဲ့ ၂၀၁၅ ခန့်မှန်းချက်အရဆိုရင် နိုင်ငံရဲ့သစ်တောပြုန်းတီးမှုဟာ ၄၅ ရာခိုင်နှုန်းရှိပါတယ်။ သစ်တောဖုံးလွှမ်းမှု အခြေအနေဟာ အာရှ ပစိဖိတ်ဒေသမှာတော့ အမြင့်ဆုံး သစ်တောဖုံးလွှမ်းမှု ရာခိုင်နှုန်းဖြစ်ပါတယ်။ ဆိုလိုရင်းကတော့ သစ်တောပြုန်းတီးမှုဟာ သဘာဝဘေးအန္တရာယ်တွေဖြစ်ပွားရခြင်းရဲ့ အခြေခံအကြောင်းအရင်း မဟုတ်ပါဘူး။

သစ်ခိုးထုတ်မှုကတော့ ပြောပြရမယ်ဆိုရင် ဖွံ့ဖြိုးဆဲနိုင်ငံတွေ အများစုမှာကြုံတွေ့နေရတဲ့ ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ခုဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ကနေပြီးတော့ အခု ၂၀၁၅ ခုနှစ် ဇူလိုင်လအထိ တစ်နိုင်ငံလုံးမှာ သစ်တန် ၁၈၀၀၀၀ ဖမ်းဆီးခဲ့ပြီးဖြစ်ပါတယ်။ Forest in Law Importment governance and tarde ဆိုတဲ့ အစီအစဉ်မှာ ကျွန်တော်တို့က ပူးပေါင်းပြီးတော့ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းစဉ်ရဲ့ အဓိကရည်ရွယ်ချက်ကတော့ တရားဝင်ထုတ်တဲ့သစ်တွေ ဥရောပဈေးကွက်ကနေပြီးတော့ လက်ခံမယ်။ တရားမဝင်သစ်ထုတ်လုပ်မှုတွေကို တဖြည်းဖြည်းနဲ့ ပပျောက်အောင် ဆောင်ရွက်မယ်ဆိုတဲ့ အစီအစဉ်တစ်ခုလည်း ဖြစ်ပါတယ်။

တရားဝင်သစ်ထုတ်မှု၊ တရားမဝင်သစ်ထုတ်မှုတွေဟာ ကျွန်တော်တို့ သစ်တောအတန်းအစားကျချိန်ကို ဖြစ်ပေါ်စေတယ်။ သစ်တောဧရိယာထဲကို မြန်မာနိုင်ငံမှာ လူဦးရေတိုးပွားလာတာနဲ့အတူ စိုက်ပျိုးမြေတွေ ပိုမိုပြီးတော့ လိုအပ်ပါတယ်။ တိုင်းပြည်ရဲ့ စီးပွားရေးတိုးတက်လာတာနဲ့အတူ သဘာဝသယံဇာတထုတ်ဖော်မှုတွေ ပိုပြီးတော့များလာတယ်။ အဲဒီအတွက် သစ်တောမြေတွေကတော့ တဖြည်းဖြည်းဆုံးရှုံးမှု ဖြစ်လာပါတယ်။ သစ်တောကြီးတွေကို ကျွန်တော်တို့က ခြံစည်းရိုးခတ်ပြီးတော့ ထိန်းသိမ်းထားလို့မရနိုင်ပါဘူး။ ဒါကတော့ တစ်ကမ္ဘာလုံးမှာ ဖြစ်တဲ့ဖြစ်စဉ်ဖြစ်ပါတယ်။ ဒါတွေကတော့ ထိန်းသိမ်းကာကွယ်ဖို့ခက်ခဲတဲ့ အနေအထားဖြစ်ပါတယ်။

**သတင်းအဖွဲ့**

**မိတ္ထီလာမှ**

ဆင်နင်းခံရပြီး နာကျင်ဝေဒနာများခံစားရကြောင်းလည်းသိရသည်။ ဆင်ရိုင်းတွေ ငရုတ်ခင်းဘက်ကိုလာတော့ သူတို့ထဲက တစ်ကောင်ကို ခဲနဲ့ တမင်လွှဲချော်အောင်ပစ်ပြီး မောင်းလိုက်တဲ့အချိန်မှာ အဲဒီဆင်က ဦးဆီကို တည့်တည့်ပြေးလာပြီး နင်းမယ့်လုပ်တော့ ဦးပြေးတာ။ ဦးကို မီတော့ ဦးကလဲသွားပြီ။ အဲဒီမှာ ဆင်က ဦးကိုတည့်တည့်တော့ မနင်းချဘူး။ ချော်ပြီးတော့ပဲနင်းတယ်။ ဘယ်ဘက်ဒူးခေါင်းကို ထိခိုက်မိတယ်။ အနင်းခံရပြီးတော့ မူးမေ့သွားတယ်။ အဲဒီဆင်က ဦးကိုချော်နင်းပြီးတော့ နောက်ပြန်လှည့်သွားတယ်။ ကျန်တဲ့ဆင်တွေလည်း ဦးဆီကို ဦးတည်လာရာက နောက်ပြန်လှည့်သွားကြတယ်။ အဲဒီအနီးက ကြာပေါက်ကျေးရွာသူ ကျေးရွာသားတွေက ဝိုင်းဝန်းပြုစုတာမို့ ဦးသက်သာလာတာ။ အခု သားသမီးတွေက လှည်းနဲ့ ပြန်ခေါ်တာမို့ ရွာပြန်လာတာဟု ဦးကျော့အောင်က ပြောသည်။

ညနေ ၃ နာရီခွဲကျော်အချိန်က ဖက်ကြီးကျေးရွာနေထိုင်သူ ဦးကျော့အောင်ကို ဆင်တစ်ကောင်မှ ချော်နင်းပြီးနောက် ညနေ ၄ နာရီခန့်တွင် မိတ္ထီလာမြို့နယ် ညောင်ပင်လှိုကျေးရွာအုပ်စု ကြာပေါက်ကျေးရွာမှတစ်ဆင့် မလှိုင်မြို့နယ် မိုးကောင်း၊ ဘီးစပ်ကုန်း၊ ခင်တဲကျေးရွာများဘက်သို့ ဦးတည်ထွက်ခွာသွားကြောင်း တွေ့ရှိလိုက်ရသည့် ဖက်တောကြီးကျေးရွာဒေသခံများက ပြောကြားသည်။ ၎င်းဆင်ခြောက်ကောင် ထွက်ခွာရာနောက်သို့ မိတ္ထီလာမြို့နယ် သစ်တောဦးစီးဌာနတာဝန်ရှိသူများ လိုက်လံစောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

# ရေကြီးနစ်မြုပ် ရထားလမ်းပိုင်းများ ဆက်လက်ပြုပြင်

**နေပြည်တော် ဩဂုတ် ၂၁**

မြန်မာ့မီးရထား တိုင်းအမှတ်(၇) ကွမ်းတောင်-ကျောက်တော်လမ်းပိုင်း၊ စစ်တွေ- ဇော်ဘူဂျာကြား၊ မိုင် ၅/၁-၅/၂ တွင် သဲအိတ် ၁၅၀ နှင့် မိုင် ၆/၂၁-၂၂ ကြားများတွင် သဲအိတ် ၆၅၀ စီထပ်ခြင်း၊ တာပေါင်ရေစားခြင်းတွင် ပြည်တော်သာ-ရေချမ်းပြင်လမ်းပိုင်း၌ သဲအိတ်စုစုပေါင်း ၄၂၉၀ နှင့် ကွမ်းတောင်-ယိုးတရုတ်လမ်းပိုင်း၌ သဲအိတ် စုစုပေါင်း ၂၂၆၀ စီ ထပ်ပြီးဖြစ်ပါသည်။

မြန်မာ့မီးရထား တိုင်းအမှတ်(၉)၊ ဒါးက-ဘဲဂရက်ကြား ရေကျဆင်းသော်လည်း တံတား ၉၀ တွင် ရေစီးကြမ်းနေခြင်း၊ မိုင် ၁၇၂/၇-၈ ကြား သံလမ်း(၅)ဆက် ရေတိုက်စားမှု ဖြစ်ပေါ်ခဲ့ပြီး ၎င်းနေရာ၌ ကျောက်ကြီးချခြင်းနှင့် သဲအိတ်ချခြင်း လုပ်ငန်းများကို အင်ဂျင်နီယာ (သံလမ်း)နှင့် လုပ်သား ၂၅ ဦးက လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ ဂုံမင်း-ယိုးဒယားတက် လမ်းပိုင်းအား ဩဂုတ် ၂၀ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး အမှတ် (၁၈၅) အဆန်၊ (၁၈၆) အစုန်၊ (၁၈၇) အဆန်နှင့် (၁၈၈)အစုန်ရထားများ အသုတ် - ဟင်္သာတ ခရီးစဉ် ပြေးဆွဲလျက်ရှိသည်။


သရက် - ဘုရားပေါ်လမ်းပိုင်း၊ ကံမ- ညောင်ကိုင်းကြား၊ မိုင် ၂၄၃/၅၆ ရှိ (၃၀' × ၁၀' × ၆') တောင်ပြိုမြေနှင့် သံလမ်းဝဲဘက်ခြမ်းရှိ (၅၀' × ၅' × ၆') တောင်ပြိုမြေစာပုံများအား အင်ဂျင်နီယာ (သံလမ်း/ကံမ)နှင့် လုပ်သား ၁၈ ဦးတို့က ဖယ်ရှားရှင်းလင်းခဲ့ပြီး ဩဂုတ် ၂၀ ရက် ညနေ ၅ နာရီ ၃၅ မိနစ်တွင် အဆိုပါရထားလမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တောကြောင်လက်ခမောင်းခတ် ကျပ်-ဒေါ်လာ လဲနှုန်း

တေနိုင် (အသုံးချဘောဂဗေဒ)

ယခုနှစ်အစကတည်းက ပူပူလောင်လောင်လှုပ်လှုပ်ရွရွဖြစ်နေခဲ့သော ပြင်ပဈေးကွက်ပေါက်ဈေးကျပ်-ဒေါ်လာလဲလှယ်နှုန်းသည် ဇူလိုင် ၁၃ ရက်၌ ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကို ရုတ်ခြည်းအရှိန်ဖြင့် တစ်ဒေါ်လာ ကျပ် ၁၂၀၀ သို့ မြှင့်တင်ခဲ့ပြီးနောက် ယခင်ကကဲ့သို့ တရကြမ်းတက်သည့် အခြေအနေမျိုးမဟုတ်တော့ဘဲ အနည်းငယ်ကျန္ဒြေရလာခဲ့သည်။ **ဇူလိုင်လတတိယပတ်အတွင်းတွင် ဖြည်းဖြည်းချင်းမြင့်တက်ခဲ့သော်လည်း စတုတ္ထပတ်အရောက်တွင် ပြန်လည်ကျဆင်းလာခဲ့သည်မှာ ဩဂုတ်လပထမပတ်အထိဖြစ်သည်။ အံ့ဩစရာကောင်းသည်မှာ ပြင်ပဈေးကွက် လဲလှယ်နှုန်းသည် ဗဟိုဘဏ်ရည်ညွှန်းနှုန်းအောက်ပင် အနည်းငယ်ကျဆင်းသွားသည်အထိ မဖြစ်စဖူး ထူးထူးခြားခြားဖြစ်ခဲ့ခြင်းဖြစ်သည်။** ဩဂုတ်လဒုတိယပတ်အစတွင် ပြင်ပဈေးကွက်လဲနှုန်းသည် ပြန်လည်မြင့်တက်လာခဲ့ပြန်သည်။ သို့သော် ဗဟိုဘဏ်ရည်ညွှန်းနှုန်းနှင့် မတိမ်းမယိမ်း အခြေအနေဖြင့်သာ ရှိနေခဲ့သည်။ ဩဂုတ် ၁၀ ရက်နောက်ပိုင်းတွင်ကား ရုတ်တရက် အရှိန်ဖြင့်မြင့်တက်လာခဲ့ပြန်လေသည်။ သဘာဝဘေးအန္တရာယ်ရေကြီးနစ်မြုပ်မှုများကြောင့် တစ်ပြည်လုံးနီးပါး ပူပင်သောကဖြစ်နေချိန်တွင်ပင် ကျပ် - ဒေါ်လာလဲလှယ်နှုန်းသည် ဈေးကွက်အင်အားစုများကို စိတ်လှုပ်ရှားမှုတိုးလာစေခဲ့သည်။




**ကျပ်ငွေနှင့် ဒေါ်လာတို့၏ ပြင်ပဈေးကွက်လဲလှယ်နှုန်းကို ယခုထက်ပိုမိုမြင့်တက်လာစေရန် ဈေးကွက်သဘာဝမဟုတ်သည့် ဖန်တီးမှုမျိုးဖြင့် ဆွဲမတင်သင့်၊ ယခုကဲ့သို့ တစ်ပြည်လုံး သဘာဝဘေးအန္တရာယ် ရင်ဆိုင်နေရချိန်တွင် အချင်းချင်းဝိုင်းဝန်းဖေးမကူညီမှုထက် အခွင့်အရေးယူတတ်သည့် တောမီးလောင် တောကြောင်လက်ခမောင်းခတ်သည့်အခြေအနေမျိုး မပြုမိစေရန် သတိပြုသင့်ပေသည်။**

အချိန်ကာလသည်ကား တစ်ကြိမ်တစ်ခါမှ မကြုံခဲ့ဖူးသော ရေကြီးနစ်မြုပ်မှုကို မြန်မာနိုင်ငံဒေသအများစု၌ တစ်ပြိုင်နက် အကြီးအကျယ်ခံစားနေသည့်အချိန်ဖြစ်၏။ ဒေါ်လာဈေးတက်နေသည်၊ ကျနေသည်ကို မစဉ်းစား၊ မခံစားအားတော့ တစ်ပြည်လုံး ကိုယ်ချင်းစာနာစိတ်များဖြစ်ပေါ်လျက် ရေကြီးနစ်မြုပ်သည့်ဒေသများကို ကူညီထောက်ပံ့နိုင်ရေးအတွက်ကိုသာ ဝိုင်းဝန်းလုံးပမ်းလုပ်ဆောင်နေကြသည့် အချိန်အခါဖြစ်နေသည်။ လူတစ်ဦး တစ်ယောက်ချင်းမှစ၍ တာဝန်ရှိသည့်ဌာနများ၊ အဖွဲ့အစည်းများတစ်ပြည်လုံးနီးပါး လှုပ်လှုပ်ရှားရှားဖြစ်ကာ သဘာဝဘေးအန္တရာယ်အခြေအနေနှင့် ရင်ဆိုင်ရမည့်အခက်အခဲများပေါ်တွင်သာ အာရုံစိုက်မိနေကြ၏။ ဇူလိုင်လ ၃၁ ရက်တွင် အစိုးရက သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသများကို တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။ **ရေကြီးနစ်မြုပ်မှုကို ကြုံတွေ့နေရစဉ် (ဂရပ်ပုံထဲတွင် ဇူလိုင် ၂၀ရက်မှ ဩဂုတ် ၁၀ရက်အတွင်း) ပြင်ပဈေးကွက်ပေါက်ဈေး ဒေါ်လာ-ကျပ်ငွေလဲနှုန်းမှာကျဆင်းခြင်း၊ ဗဟိုဘဏ် ရည်ညွှန်းနှုန်းနှင့် များစွာကွာဟမှုမရှိဘဲ နီးနီးကပ်ကပ် ဖြစ်နေခြင်းတို့ ဖြစ်နေခဲ့သည်။** သို့သော် ထိုအခြေအနေမျိုးကြာကြာမဖြစ်ဘဲ ဩဂုတ် ၁၀ ရက်အကျော်တွင် ပြန်လည်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

- ✻ ပြည်တွင်း၌ ဒေါ်လာဝယ်လိုအားများစေသည့် သို့မဟုတ် ဒေါ်လာရောင်းလိုအားနည်းစေသည့် အကြောင်းတရားများ ရုတ်တရက် ဖြစ်ပေါ်၍လော။
- ✻ ပြင်ပကမ္ဘာ၌ ဒေါ်လာငွေတန်ဖိုးနှင့် အပြောင်းအလဲဖြစ်စေသည့် အကြောင်းတရားများ ရုတ်တရက် ရှိနေ၍လော။

ရေကြီးနစ်မြုပ်မှုဒဏ်ခံနေရချိန်တွင် ရေနစ်မြုပ်မှုခံစားနေရသူများနှင့် ထိုသူများကို ထောက်ပံ့ကူညီသူများကို အမြတ်တင်ရောင်းချရန် သွင်းကုန်များ ရုတ်ခြည်းအများအပြားသွင်းရန်အတွက် ဒေါ်လာဝယ်လိုအားမြင့်လာသောကြောင့်လော၊ တင်ပို့နေကျပို့ကုန် အများစု ရုတ်တရက်ရပ်ဆိုင်းသွား၍ ဒေါ်လာအဝင် ရုတ်တရက် လျော့နည်းသွား၍လော စသဖြင့် ဒေါ်လာငွေ ပမာဏ လျော့နည်းသွားနိုင်ခြင်း ရှိ၊ မရှိ မှန်းဆကြည့်သည်။

ပို့ကုန်နှင့်ပတ်သက်၍ အားနည်းနေခဲ့သည်မှာ ကြာခဲ့ပြီ။ ယခုရေကြီးနစ်မြုပ်မှုများဖြစ်ပွားသည့် တစ်ပတ်နှစ်ပတ်အတွင်း ပို့ကုန်တင်ပို့မှုမှာ ယခင်ကာလနှင့် မတူဘဲ သိသိသာသာ လျော့ကျခြင်းမျိုးလည်းမကြားမိပေ။ **မြန်မာနိုင်ငံဆန်စပါးကုန်သည်ကြီးများအသင်းက ရေကြီးမှုဒဏ်ခံရသည့်နယ်မြေများတွင် ဆန်ဈေးကြီးမြင့်မှုမဖြစ်ပေါ်စေရန်နှင့် ကူညီလှူဒါန်းသူများအလွယ်တကူ ဝယ်ယူနိုင်စေရန် တစ်ဖက်တစ်လမ်းမှဖြည့်ဆည်းကူညီသည့်အနေဖြင့် ဆန်စပါးတင်ပို့မှုကို ဩဂုတ်လ ၁ ရက်မှ စက်တင်ဘာလလယ်ထိ ယာယီရပ်ဆိုင်းမည်ဟု ကြေညာခဲ့ခြင်းသာရှိသည်။ ထိုကြေညာချက်ထွက်ပေါ်ပြီးနောက်တွင်လည်း ဒေါ်လာဈေးနှုန်းမှာ သိသိသာသာ မြင့်တက်ခဲ့ခြင်းမဖြစ်ပေါ်ခဲ့။** စုစုပေါင်း ပို့ကုန်အခြေအနေနှင့် စဉ်းစားပါကလည်း ဆန်တင်ပို့မှု ခေတ္တရပ်ဆိုင်းခြင်းသည်လည်း ဒေါ်လာဈေး ရုတ်တရက်မြင့်စေသော အဓိကအကြောင်းတရား မဖြစ်နိုင်ပေ။ ပြည်တွင်းသို့ ဒေါ်လာငွေများ စီးဝင်လာမှုနှင့်ပတ်သက်၍ ရေဘေးအန္တရာယ်အတွက် ကူညီကြမည့် နိုင်ငံတကာမှ မိမိနိုင်ငံသားများ၊ နိုင်ငံခြားသားများ တစ်ဦးတစ်ယောက်ချင်းမှစ၍ အဖွဲ့အစည်းများမှတစ်ဆင့် ရောက်ရှိလာမည့် ထောက်ပံ့ကူညီရေးပစ္စည်းများ၊ နိုင်ငံခြားငွေများကိုလည်း စဉ်းစားထားနိုင်သည်။ တဖြည်းဖြည်းချင်း ဝင်ရောက်လာသော ကူညီထောက်ပံ့မှုများကြောင့် ဒေါ်လာငွေပမာဏ (ရောင်းလိုအား)သည် ပြည်တွင်းရှိ ဒေါ်လာငွေကြေးပမာဏအပေါ် လတ်တလော သက်ရောက်နိုင်သည့် အချက်များဖြစ်သည်။

ထပ်မံစဉ်းစားသင့်သည့် နိုင်ငံတကာအခြေအနေများတွင် ဒေါ်လာငွေပင်ရင်းဇာစ်မြစ် အမေရိကန်နိုင်ငံ၏ ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် သက်ဆိုင်သည့် သိသာသောလှုပ်ရှားမှုများ ဤရက်များအတွင်း မတွေ့ရခြင်းဖြစ်သည်။ အမေရိကန်ဗဟိုဘဏ်သည် အတိုးနှုန်းတိုးမြှင့်ရန် အစီအစဉ်ရှိသော်လည်း အရေးယူလုပ်ဆောင်ခြင်းမရှိသေးဘဲ စဉ်းစားသုံးသပ်မှုများသာ ရှိနေသေးသည့် အခိုက်အတန့်ဖြစ်နေသည်။ အမေရိကန်မှ အာရုံစိုက်နေသည့် **တရုတ်နိုင်ငံ ဗဟိုဘဏ်ကမူ ဩဂုတ်လ ၁၀ ရက်နောက်ပိုင်းမှစ၍ ယွမ်ငွေကို တန်ဖိုးချမှုများ ဆက်တိုက်ပြုလုပ်ခဲ့သည်ကို တွေ့လိုက်ရသည်။ ၁၅ ရက်နေ့တွင် ယွမ်တန်ဖိုးချခြင်း ရပ်သွားသည်။** တရုတ်နိုင်ငံမှ ယွမ်ငွေတန်ဖိုးချခြင်းသည် အာရှရှိအခြားနိုင်ငံများ၏ ငွေကြေးများအားလုံးပေါ်တွင် တူညီသော သက်ရောက်မှုဖြစ်ပေါ်ခြင်းမရှိပေ။ သက်ဆိုင်ရာနိုင်ငံ၏ ငွေကြေးပေါ်လစီဆိုင်ရာတုံ့ပြန်ဆောင်ရွက်ချက်များပေါ်မူတည်၍ ကွဲပြားခြားနားသော အခြေအနေများဖြစ်နေသည်ကို တွေ့ရသည်။ **မြန်မာနိုင်ငံတွင်း၌မူ ယွမ်ငွေ စတင်တန်ဖိုးချကတည်းက ဒေါ်လာဈေးနှုန်းမြင့်တက်မှုမှာ မြန်ဆန်နေပြီး တစ်ဒေါ်လာလျှင် ကျပ် ၁၂၅၀ ပင်ကျော်လွန်လျက် ဆက်လက်၍လည်း မြင့်တက်နေခဲ့သည်။**

ဩဂုတ်လ ၁၅ ရက်၊ ၁၆ ရက်နေ့များတွင် ပြည်တွင်းဒေါ်လာဈေးနှုန်း ထပ်မံမြင့်တက်လာခြင်းသည် ခဏတာသာဖြစ်မည်ဟု သုံးသပ်ချက်များဖြစ်ပေါ်ခဲ့သည်။ ဒေါ်လာဈေးနှုန်းထပ်မံမြင့်တက်မှုကို ခဏတာသာ သုံးသပ်ချက်များ ထွက်ပေါ်လာပြီး တစ်ရက်အလွန် ၁၈ ရက်နေ့တွင် ပုဂ္ဂလိကဘဏ်များနှင့်ပတ်သက်၍ ကောလာဟလများ ထပ်မံပျံ့နှံ့ ဖြစ်ပေါ်လာခဲ့ပြန်သည်။ ထိုကောလာဟလသတင်းများကြောင့် ပုဂ္ဂလိကဘဏ်များမှ ငွေထုတ်ယူမှုများ များပြားခဲ့သည်။ ထိုကောလာဟလသည် ဘဏ်ကိစ္စဖြစ်သော်လည်း ကျပ်-ဒေါ်လာ လဲလှယ်နှုန်းပေါ်တွင် တိုက်ရိုက်သက်ရောက်မှု ရှိလာနိုင်သည်။ ဘဏ်များမှာ ကျပ်ငွေထုတ်ယူမှုများပြားလာခြင်းသည် စီးပွားရေးအဆောက်အအုံအတွင်း ကျပ်ငွေ ပမာဏများပြားလာနိုင်ပြီး ဒေါ်လာဈေးမြင့်တက်မှုဆီသို့ ဦးတည်သွားနိုင်သောကြောင့်ဖြစ်သည်။ ဗဟိုဘဏ်မှ တာဝန်ရှိသူများ တရားဝင်ပြောဆိုမှုများ၊ ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားမှုများကြောင့် အခြေအနေပြန်လည်တည်ငြိမ်မှုရရှိခဲ့သည်။

နိုင်ငံခြားငွေဈေးကွက်ထဲတွင် ကျပ်-ဒေါ်လာ လဲလှယ်နှုန်းသည် နိုင်ငံ၏စီးပွားရေးအခြေအနေ၊ ကုန်သွယ်မှုအခြေအနေများပေါ်မူတည်၍ ဈေးကွက်သဘာဝအရ အတက်အကျ များများရှိနိုင်သော်လည်း လတ်တလော ရင်ဆိုင်နေရသည့် သဘာဝဘေးအန္တရာယ်ဒဏ်နှင့် ပြည်တွင်းတွင် တစ်တိုင်းပြည်လုံးနီးနီး ပြည်ပကလည်း နိုင်ငံများ၊ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များက ကရုဏာသက်ရောက်မှုများ အင်နှင့်အားနှင့်ရှိနေချိန် ရုတ်ခြည်းမြင့်တက်သည့်အခြေအနေမျိုးမှာ ဖြစ်နိုင်စရာအကြောင်းမရှိ၊ နိုင်ငံခြားမှ တင်သွင်းရန်လိုအပ်လာ၍ ဒေါ်လာငွေလိုအပ်မှု (ဝယ်လိုအား) များပြားမှုဖြစ်ခဲ့လျှင်ပင် နိုင်ငံရပ်ခြားရှိ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများက နိုင်ငံခြားငွေကြေးများ ဝင်ရောက်လာနိုင်၍ ဒေါ်လာငွေပမာဏ (ဒေါ်လာရောင်းလိုအား)မှာလည်း များလာနိုင်သောကြောင့် ယခုကဲ့သို့ ရုတ်တရက် ဒေါ်လာဈေးနှုန်း မြန်မြန်ဆန်ဆန် မြင့်တက်လာရန် အကြောင်းမရှိပေ။

စာရင်းအင်းကိန်းဂဏန်းရရှိရန် ခက်ခဲသော၊ ပုံမှန်မဟုတ်သော ဈေးကွက်နယ်ပယ်ကြီးထွားနေသည့် စီးပွားရေးအဆောက်အအုံတစ်ခုအတွင်း မကြာခဏ ကောလာဟလ သတင်းများ၊ ဈေးကစားမှုများဖြင့် ဈေးကွက်ထိန်းချုပ်ရန် ကြိုးစားမှုများရှိတတ်သည်။ အကြောင်းရှာ၍ ဈေးနှုန်းတက်တတ်သည်။ အကြောင်းရှာစရာ မလိုလောက်အောင် အကြောင်းများစွာရှိနေသည့် မြန်မာ့စီးပွားရေးအဆောက်အအုံအတွင်း ယခုအချိန် ဒေါ်လာဈေးနှုန်း ပြန်လည်မြင့်တက်မှုမှာ အကြောင်းရှာတတ်သည့်အခြေအနေမျိုး ဖြစ်နေသည်။ **ဆန်တင်ပို့မှုခေတ္တရပ်ခြင်း၊ တရုတ် ယွမ်ငွေ တန်ဖိုးချခြင်းတို့သည်လည်း ဒေါ်လာဈေးနှုန်းမြင့်စေသည့် အကြောင်းဖြစ်နိုင်သည်။ သဘာဝဘေးအန္တရာယ်ပြန်လည်ထူထောင်ရေးအတွက် မကြာမီ ထပ်မံတောင်းဆိုရမည့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲမှုတွင် ပိုမိုတောင်းခံမည့် အသုံးစရိတ်များသည်လည်း ဒေါ်လာဈေးတက်စေသည်ဟု လက်ညှိုးထိုးနိုင်သည်။ အကယ်၍ အမေရိကန်ဗဟိုဘဏ်ကသာ အတိုးနှုန်းမြှင့် ပေါ်လစီကျင့်သုံးခဲ့လျှင် မြန်မာကျပ်ငွေနှင့် ဒေါ်လာလဲလှယ်နှုန်းတွင် ဒေါ်လာဈေးမြင့်တက်နိုင်ရေးအကြောင်းတစ်ခုအဖြစ် ကိုးကားစရာဖြစ်လာနိုင်ပါသေးသည်။**

၂၀၁၄ ခုနှစ်ကတည်းက အရှိန်ယူကာ တက်ခဲ့သော၊ ၂၀၁၅ မတ်လကတည်းက မြင့်တက်နေခဲ့သော ဒေါ်လာတန်ဖိုးသည် ကျပ်ငွေနှင့် ဒေါ်လာလဲလှယ်နှုန်းတွင် သင့်တင့်သော ဈေးနှုန်းအဆင့်တစ်ခုသို့ ရောက်ရှိနေခဲ့ပြီ။ ဗဟိုဘဏ်သည်လည်း နည်းဗျူဟာအသစ်တို့ဖြင့် မြန်မာကျပ်ငွေတန်ဖိုးကို ဈေးကွက်အခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန် အားထုတ်လုပ်ဆောင်လျက် ရှိနေပြီဖြစ်သည်။ ကျပ်ငွေနှင့် ဒေါ်လာတို့၏ ပြင်ပဈေးကွက်လဲလှယ်နှုန်းကို ယခုထက်ပိုမိုမြင့်တက်လာစေရန် ဈေးကွက်သဘာဝမဟုတ်သည့် ဖန်တီးမှုမျိုးဖြင့် ဆွဲမတင်သင့်၊ ယခုကဲ့သို့ တစ်ပြည်လုံးသဘာဝဘေးအန္တရာယ် ရင်ဆိုင်နေရချိန်တွင် အချင်းချင်းဝိုင်းဝန်းဖေးမကူညီမှုထက် အခွင့်အရေးယူတတ်သည့် တောမီးလောင် တောကြောင်လက်ခမောင်းခတ်သည့် အခြေအနေမျိုး မပြုမိစေရန် သတိပြုသင့်ပေသည်။ နိုင်ငံပြုပြင်ပြောင်းလဲရေး တည်ဆောက်နေစဉ်ကာလအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် နှောင့်နှေးမှုများ မဖြစ်ပေါ်စေရန် နိုင်ငံတကာမှ ဝိုင်းဝန်းကူညီဖေးမမှုများနှင့်အတူ အစိုးရနှင့်ပြည်သူ လက်တွဲဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာပေါ်ရှိ အဆင်းရဲဆုံးနိုင်ငံဖြစ်သော ဟေတီနိုင်ငံမှ ချမ်းသာသည့်ဂျပန်နိုင်ငံအထိ သဘာဝဘေးအန္တရာယ်ကြောင့် ပြည်တွင်း ငွေကြေးတန်ဖိုးအပေါ် သက်ရောက်ခဲ့သည့် အတွေ့အကြုံများကိုလည်း ဥပမာကောင်းများအဖြစ် လေ့လာ၍ လိုအပ်သလို နည်းနာယူနိုင်ပေသည်။ ပြည်တွင်းနှင့် နိုင်ငံတကာမှ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးအကူအညီများကိုလည်းကောင်း၊ ပြည်သူအသုံးစရိတ်များကိုလည်းကောင်း ချိန်ဆသုံးစွဲခြင်း၊ ငွေကြေးပေါ်လစီ၊ ဘဏ္ဍာရေး ပေါ်လစီ၊ ကုန်သွယ်ရေး ပေါ်လစီများကို ထိရောက်စွာ အသုံးပြု၍ ဈေးကွက်အခြေအနေနှင့် သင့်လျော်စွာ တုံ့ပြန်ခြင်းများဖြင့် သဘာဝဘေးအန္တရာယ်အခက်အခဲများမှ ပြန်လည်ထူထောင်နိုင်စွမ်းရှိလာပြီး ကျပ်-ဒေါ်လာ လဲလှယ်နှုန်းဈေးကွက် ဣန္ဒြေရနိုင်ရေးကိုလည်း အားထုတ်နိုင်မည်ဟု ယုံကြည်လျက်ရှိနေသည်။ ။

အားကစား

## စီမံခန့်ခွဲမှုနှင့် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းဖွင့်

**သန်လျင် ဩဂုတ် ၂၁**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် သန်လျင်မြို့ ရှင်စောပုခန်းမ၌ ဩဂုတ် ၁၃ ရက်နံနက် ၉ နာရီက မြစိမ်းရောင်စီမံကိန်းကျေးရွာများဖြစ်သည့် ငပ၊ ညောင်လေးပင်၊ ဖားကူး၊ ဥယျာဉ်၊ ကဒတ်ဖြာ၊ ပြည်တော်သာ၊ စိကုန်း၊ ပုဂံတောင်၊ မင်္ဂလွန်း၊ ပေါက်တော၊ ညောင်ဝိုင်း၊ ရုံးသပြေကန်၊ ချောင်းစောက်ကျေးရွာများမှ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များအား မြစိမ်းရောင်ကျေးရွာစီမံကိန်းစီမံခန့်ခွဲမှုနှင့် ငွေစာရင်းဆိုင်ရာကျွမ်းကျင်သင်တန်းကို ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**






## ဝိဂိုနယ်လ်ဒိုနှင့် မက်ဆီတို့နှစ်ဦးစလုံးအား တစ်ပြိုင်နက်တည်း ခေါ်ယူရန်ပြင်ဆင်နေသည့် ပီအက်စ်ဂျီ

ပီအက်စ်ဂျီအသင်းပိုင်ရှင် အခီလိုင်ဖီက ကမ္ဘာ့အကောင်းဆုံး ကစားသမားများဖြစ်သည့် စီရိုနယ်လ်ဒိုနှင့် မက်ဆီတို့အပြင် မန်စီးတီးတိုက်စစ်မှူး အဂူရိုနှင့် ဘာစီလိုနာတိုက်စစ်မှူးနေမာတို့ကိုပါ နောက်နှစ်နွေဈေးကွက်အတွင်း ခေါ်ယူရန်ကြိုးပမ်းသွားမည်ဟု ဘလီချာ ဒေ့ါကွန်းတွင် ဖော်ပြသည်။ အခီလိုင်ဖီသည် ပီအက်စ်ဂျီအသင်းအား ကမ္ဘာ့အင်အားအကြီးဆုံးကလပ်အဖြစ် အသက်သွင်းရန် အိပ်မက်မက်နေပြီး စီရိုနယ်လ်ဒိုနှင့် မက်ဆီတို့အား ကလပ်အသင်းကစားဖော်များအဖြစ်အတူတကွ တွဲဖက်ကစားသည်ကို မြင်တွေ့လိုသည့်စိတ်ကူးကို တကယ့်လက်တွေ့အကောင်အထည်ဖော်ဆောင်သွားရန် ဆန္ဒပြင်းပြနေသူဖြစ်သည်။

မက်ဆီနှင့် စီရိုနယ်လ်ဒိုတို့ကို ခေါ်ယူ၍ မရမှသာလျှင် နေမာနှင့် အဂူရိုတို့နှစ်ဦးအား ဒုတိယဦးစားပေးစီမံကိန်းအနေဖြင့် ခေါ်ယူလိုနေခြင်းဖြစ်သည်။ သို့ရာတွင် ပီအက်စ်ဂျီအနေဖြင့် အဆိုပါကမ္ဘာ့အကောင်းဆုံး ကစားသမားနှစ်ဦးအတွက် အနည်းဆုံး ပေါင်သန်း ၅၅၀ အထိ အသုံးပြုရမည်ဖြစ်ရာ ဖီဖာမှချမှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းနှင့် ယှဉ်ထိုးချိန်ဆကြည့်ပါက မည်သို့မျှမဖြစ်နိုင်သော ကိစ္စရပ်ဖြစ်သည်ဟု ပြင်သစ်ဘောလုံးကျွမ်းကျင်ပညာရှင် ဆန်းချက်ဇ်က သုံးသပ်ခဲ့သည်။

"ဒါကို ခင်ဗျားတို့က စိတ်ကူးယဉ်မှုသက်သက်ပဲလို့ ထင်နေကြတာလား။ ကျွန်တော်တို့အသင်းမှာ မဖြစ်နိုင်ဘူး ထင်ထားတာတွေကို ဖြစ်အောင်လုပ်ဆောင်နိုင်ပါတယ်။ အခုဆို နောက်ဆုံးသုံးနှစ်ဆက်တိုက် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ကို တက်ရောက်နိုင်ခဲ့ပြီး ချန်ပီယံလိဂ်မှာ ဗိုလ်စွဲနိုင်ဖို့ တဖြည်းဖြည်းနီးစပ်လာပါပြီ။ ဒီလိုဆို ကမ္ဘာ့အကောင်းဆုံးဆိုတဲ့ ကစားသမားတွေဟာ ဒီလိုကလပ်အသင်းမျိုးမှာ ကစားဖို့အတွက် လာရောက်ပူးပေါင်းကြတော့မှာပါ" ဟု အခီလိုင်ဖီက ဆိုခဲ့သည်။

အခီလိုင်ဖီက လီဂူး-၁အနေဖြင့် လာလီဂါ၊ ဘွန်ဒက်စ်လီဂါနှင့် ပရီမီယာလိဂ်တို့၏ လွှမ်းမိုးမှုအောက်မှ ရုန်းထွက်နိုင်ရန်အတွက် ယူအီးအက်ဖ်အေ၏ ဘဏ္ဍာရေးမူဝါဒကို ပြန်လည်ပြင်ဆင်သုံးသပ်ပြီး ယခုထက်ငွေကြေးအင်အားတိုးမြှင့်သုံးစွဲခွင့်ကို ခွင့်ပြုပေးရန် တောင်းဆိုထားကြောင်း သိရသည်။

**မေလှဲ့သင်း**

## ပရီမီယာလိဂ်ရင်ခုန်သံ-၃

ပရီမီယာလိဂ်ပွဲစဉ် (၂) မှာတော့ လက်ရှိချန်ပီယံချယ်လ်ဆီးဟာ မန်စီးတီးကို သုံးဂိုးပြတ်နဲ့ အရေးနိမ့်ခဲ့ရမှုနဲ့အတူ နှစ်ပွဲကစားပြီးချိန်မှာ တစ်မှတ်သာရရှိတဲ့အခြေအနေနဲ့ ရင်ဆိုင်သွားခဲ့ရပါတယ်။ ဒါကြောင့် ချယ်လ်ဆီးအနေနဲ့ဒီတစ်ပတ်ဩဂုတ် ၂၂၊ ၂၃၊ ၂၅ ရက်တို့မှာ ယှဉ်ပြိုင်ကစားမယ့် ပွဲစဉ် (၃)မှာနိုင် ပွဲပြန်ရမလားစောင့်ကြည့်ရဖို့ရှိသလို အာဆင်နယ်နဲ့ လီဗာပူးဆုံတွေ့တဲ့ပွဲကလည်း အကြိတ်အနယ်ရှိမှာ သေချာနေပါတယ်။

### မန်ယူ - နယူးကာဆယ် ည ၆း၁၅ (၂၂-၈-၁၅)

ဒီပွဲမတိုင်ခင်နဲ့အပြီးမှာ မန်ယူဟာ ချန်ပီယံလိဂ်ခြေစစ်ပွဲတွေရှိနေတာကြောင့် ဒီပွဲမှာ ခြေကုန်ထုတ်ဖို့ခက်ပါလိမ့်မယ်။ ဒါ့အပြင် လက်ရှိမန်ယူရဲ့ တိုက်စစ်ပိုင်းကလည်း အဆုံးသတ်ပိုင်းအားနည်းမှုတွေရှိနေတယ်။ နယူးကာဆယ်ကလည်း နှစ်ပွဲအပြီးမှာ တစ်မှတ်သာ ရသေးတာကြောင့် ခံကစားဖို့ရှိတယ်။ ဒါကြောင့် မန်ယူအခက်တွေ့နိုင်ပါတယ်။

### ပဲလေ့စ် - ဗီလာ ည ၈း၃၀ (၂၂-၈-၁၅)

အာဆင်နယ်နဲ့ကစားခဲ့တဲ့ပွဲမှာ ပဲလေ့စ်ရဲ့တုံ့ပြန်ထိုးဖောက်အားကောင်းမွန်တယ်ဆိုပေမယ့် ခံစစ်ပိုင်းအားနည်းမှုတွေရှိခဲ့တာကို သတိပြုရမှာဖြစ်ပါတယ်။ ဗီလာကလည်း အိမ်ကွင်းဖြစ်တာကြောင့် အမှတ်ပြန်လည်ရယူနိုင်ဖို့ အားစိုက်မှာပါ။ နှစ်သင်းစလုံး ဒီပွဲအပြီးမှာ ကက်ပီတယ်ဝမ်းဖလားပွဲစဉ် ကစားရဖို့ရှိတာကြောင့်လည်း ခြေကုန်ထုတ်ဖို့တော့ ခက်ပါလိမ့်မယ်။ ခြေစွမ်းမကွာတာကြောင့် ဒီပွဲဟာ သရေကျသွားဖို့များတယ်လို့ ယူဆမိပါတယ်။

### ဝက်စ်ဟမ်း - ဘုန်းမောက် ည ၈း၃၀ (၂၂-၈-၁၅)

လက်စတာကို ရှုံးနိမ့်ခဲ့ရတဲ့ ဝက်စ်ဟမ်းဟာ အိမ်ကွင်းဖြစ်တဲ့ ဒီပွဲစဉ်မှာ အနိုင်ရရှိဖို့အတွက် အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ဘုန်းမောက်ကတော့ ခြေစွမ်းအရ သာမန်သာရှိပေမယ့် တိုက်စစ်ပိုင်းကလည်း သာမန်သာရှိတာကြောင့် ဝက်စ်ဟမ်းကို တုံ့ပြန်နိုင်ဖို့ မလွယ်ပါဘူး။ ဝက်စ်ဟမ်းအနေနဲ့ ဒီပွဲစဉ်အပြီးမှာ ကက်ပီတယ်ဝမ်းဖလားလည်းကစားရဖို့ မရှိတဲ့အတွက် ဒီပွဲမှာ အားစိုက်ကစားပြီးနိုင်ပွဲရယူသွားမှာပါ။

### နော့ဝှစ်ချ် - စတုတ် ည ၈း၃၀ (၂၂-၈-၁၅)

စပါးကိုသရေခံကစားခဲ့တဲ့ပွဲနဲ့ လီဗာပူးကို ကပ်ရှုံးခဲ့ရတဲ့ ပွဲစဉ်တွေမှာ စတုတ်ကစားပုံ ကောင်းမွန်ခဲ့တာကို သတိပြုရမှာ ဖြစ်ပါတယ်။ နှစ်ပွဲကစားပြီးချိန်မှာ နိုင်ပွဲမရရှိသေးတာကြောင့်လည်း စတုတ်တို့ အားစိုက်လာမှာပါ။ နော့ဝှစ်ချ်က ဆန်းဒါးလန်းကို ဂိုးပြတ်အနိုင်ရခဲ့ပေမယ့် ခြေစွမ်းမတည်ငြိမ်သေးပါဘူး။ နော့ဝှစ်ချ်အသင်း အမြင့်ဆုံးသရေပဲရမယ်။

### ဆန်းဒါးလန်း - ဆွမ်ဆီး ည ၈း၃၀ (၂၂-၈-၁၅)

နှစ်ပွဲကစားပြီးချိန်မှာနိုင်ပွဲမရှိဘဲ ခုနစ်ဂိုးအထိပေးထားရတဲ့ ဆန်းဒါးလန်းရဲ့ခြေစွမ်းနဲ့ ခံစစ်ပိုင်းဟာ အားနည်းမှုတွေ များလွန်းပါတယ်။ ဒါပေမယ့် နှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲစလုံး ဂိုးပြတ်ရှုံးနိမ့်ခဲ့ရတာကြောင့် ဒီအိမ်ကွင်းပွဲစဉ်မှာတော့ ဆန်းဒါးလန်းတို့ အားစိုက်ကစားဖို့ ရှိတယ်။ ဆွမ်ဆီးက နှစ်ပွဲစလုံးကစားပုံကောင်းခဲ့ပြီး ချယ်လ်ဆီးကို သရေ၊ နယူးကာဆယ်ကို နိုင်ခဲ့ပေမယ့် ဒီပွဲမှာတော့ ဆန်းဒါးလန်းရဲ့ ရုန်းအားကို စောင့်ကြည့်ရမယ်။

### လက်စတာ - စပါး ည ၈း၃၀ (၂၂-၈-၁၅)

နှစ်ပွဲကစားပြီးချိန်မှာ ခြောက်ဂိုးသွင်းပြီး နိုင်ပွဲဆက်ခဲ့တဲ့ လက်စတာခြေကောင်းမွန်ပါတယ်။ ဒါပေမယ့် အဆိုပါနှစ်ပွဲမှာ သုံးဂိုးပြတ်ပေးခဲ့ရတဲ့ ခံစစ်ပိုင်းကတော့ မတည်ငြိမ်ပါဘူး။ စပါးကလည်း နှစ်ပွဲကစားပြီးချိန်မှာ တစ်မှတ်သာရသေးလို့ အားစိုက်လာမှာဖြစ်သလို ဒီပွဲအပြီးမှာလည်း ကက်ပီတယ်ဝမ်းဖလားပွဲမရှိတာကြောင့် ပိုမိုအားစိုက်ဖို့ရှိပါတယ်။ အဝေးကွင်းဖြစ်ပေမယ့် စပါးနိုင်ပွဲစရသွားမှာပါ။

### ဝက်စ်ဘရွန်း - ချယ်လ်ဆီး ည ၇း၀၀ (၂၃-၈-၁၅)

နှစ်ပွဲပြီးချိန်မှာ နိုင်ပွဲမရသေးတဲ့အတွက် ချယ်လ်ဆီးတို့ ဒီပွဲမှာတော့ မဖြစ်မနေအားစိုက်လာဖို့ ရှိနေပါတယ်။ အထူးသဖြင့် ဝက်စ်ဘရွန်းဟာ ဒီရာသီအစမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုလုံးဝမရှိဘဲ တိုက်စစ်ကလည်း ဂိုးသွင်းခွင့်တွေ ပျောက်ဆုံးနေပြီး နှစ်ပွဲပြီးချိန်မှာ နိုင်ပွဲလုံးဝမရှိသေးသလို ဂိုးလည်းလုံးဝသွင်းယူနိုင်ခြင်းမရှိသေးတာ တွေ့ရတယ်။ ဒါကြောင့် ချယ်လ်ဆီးကို တုံ့ပြန်ထိုးဖောက်နိုင်ဖို့ ခက်ခဲနိုင်ပါတယ်။ ချယ်လ်ဆီးအနေနဲ့ အဝေးကွင်းဖြစ်ပေမယ့်လည်း ဒီပွဲမှာတော့ နိုင်ပွဲစတင်ရရှိသွားမှာပါ။

### အဲဗာတန် - မန်စီးတီး ည ၉း၃၀ (၂၃-၈-၁၅)

နှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲစလုံး အနိုင်ရရှိခဲ့ပြီး တိုက်စစ်က ခြောက်ဂိုးသွင်းယူကာ ပေးဂိုး လုံးဝမရှိသေးတဲ့ မန်စီးတီးရဲ့ခြေစွမ်းပိုင်းဟာ အကောင်းဆုံးပုံစံမှာ ရှိနေပါတယ်။ အဲဗာတန်ကလည်း အဖွင့်ပွဲစဉ်မှာ ဝက်ဖို့ဒ်နဲ့ သရေကျခဲ့ရပေမယ့် ဆောက်သမ်တန်နဲ့ပွဲစဉ်မှာ သုံးဂိုးပြတ်အနိုင်ရခဲ့သလို ကစားပုံကောင်းမွန်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒါပေမယ့်လည်း အဲဗာတန်ဟာဒီပွဲအပြီးမှာ ကက်ပီတယ်ဝမ်းဖလားပွဲစဉ် ကစားရဖို့ရှိနေတာကြောင့် အခက်တွေ့နိုင်ပါတယ်။ မန်စီးတီးတို့ ဒီပွဲစဉ်မှာ အဲဗာတန်ရဲ့ ရုန်းအားကြောင့် မထင်မှတ်ဘဲ အခက်တွေ့နိုင်ပြီး နိုင်မယ်ဆိုရင်တောင် ပြတ်သားဖို့ခက်ပါတယ်။

### ဝက်ဖို့ဒ် -ဆောက်သမ်တန် ည ၉း၃၀ (၂၃-၈-၁၅)

အဲဗာတန်ကို သုံးဂိုးပြတ်နဲ့ အရေးနိမ့်ခဲ့ရမှုကြောင့် ဒီပွဲစဉ်မှာ ဆောက်သမ်တန်တို့အနိုင်ရရှိရေး အားစိုက်လာဖို့ ရှိပါတယ်။ ဒါပေမယ့် သတိပြုရမှာက ဒီပွဲစဉ်မတိုင်ခင်မှာ ယူရိုပါလိဂ်ခြေစစ်ပွဲကစားခဲ့ရလို့ ပွဲပန်းလာနိုင်သလို ဒီပွဲအပြီးမှာလည်း ယူရိုပါလိဂ်ခြေစစ်ပွဲအဖြစ် ဒုတိယအကျော့ကျန်နေသေးတာကြောင့် ဆောက်သမ်တန် ခြေကုန်ထုတ်ဖို့ ခက်ပါလိမ့်မယ်။ အဲဗာတန်၊ ဝက်စ်ဘရွန်းတို့ကို သရေခံကစားခဲ့တဲ့ခြေစွမ်းပိုင်းအရ ဝက်ဖို့ဒ်ရဲ့ခံကစားအားကလည်း ကောင်းမွန်တယ်လို့ သုံးသပ်နိုင်တာကြောင့် ဆောက်သမ်တန် ကပ်နိုင်ဖို့ပဲရှိတယ်။

### အာဆင်နယ် - လီဗာပူး နံနက် ၁း၃၀ (၂၅-၈-၁၅)

ပွဲကောင်းတစ်ပွဲပါ။ အသင်းကြီးနှစ်သင်း ထိပ်တိုက်ဆုံတွေ့မှုကြောင့် အကြိတ်အနယ်ရှိဖို့လည်း သေချာနေပါတယ်။ အထူးသဖြင့် အာဆင်နယ်ဟာ ဒီပွဲစဉ်မတိုင်ခင်မှာ ပဲလေ့စ်ကို အနိုင်ရရှိခဲ့တာကြောင့် နိုင်ပွဲဆက်နိုင်ဖို့ အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ဒါပေမယ့် သတိပြုရမှာက အာဆင်နယ်ဟာ ပဲလေ့စ်နဲ့ပွဲမှာလည်း ခြေစွမ်းကောင်းမွန်မှုမရှိခဲ့သလို တိုက်စစ်ပိုင်းကလည်း အဆုံးသတ်ပိုင်း အားနည်းခဲ့တာတွေ့ရပါတယ်။ ဒါကြောင့် အိမ်ကွင်းဖြစ်ပေမယ့် လီဗာပူးရဲ့ ကစားအားကိုကျော်ဖြတ်ဖို့ ခက်ခဲနိုင်သလိုဒီပွဲမှာတော့ အာဆင်နယ်တို့ သရေလောက်သာ ရဖို့ရှိတယ်။

**ရှိုင်းမင်းမင်း**

# မြေပဲဆီများနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အောက်ဖော်ပြပါစားသုံးဆီ အမှတ်တံဆိပ်များမှာ မြေပဲဆီဟု ဖော်ပြထားပြီး မြေပဲဆီအစစ်မဟုတ်ဘဲ **စားအုန်းဆီနှင့် အခြားစားသုံးဆီအရောများ**ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အမှတ်တံဆိပ်ပါဖော်ပြချက်နှင့် ကိုက်ညီမှုမရှိသည့် စံမညီစားသုံးဆီများဖြစ်ကြောင်း အများပြည်သူသိရှိနိုင်ရန် အသိပေးကြေညာအပ်ပါသည်။

အဆိုပါ အမှတ်တံဆိပ်ဖြင့် မြေပဲဆီထုတ်လုပ်သည့် လုပ်ငန်းများအနေဖြင့် အဆိုပါ စံမညီစားသုံးဆီများအား ဈေးကွက်မှ အမြန်ဆုံးပြန်လည်ရုပ်သိမ်းသွားရန်နှင့် ဆက်လက်ထုတ်လုပ်ရောင်းချကြောင်း စိစစ်တွေ့ရှိပါက အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၂၈(ခ)အရ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

လုပ်သားပြည်သူများ၏ နေ့စဉ်မရှိမဖြစ်စားသုံးဆီများသည် သတ်မှတ်စံနှုန်းများနှင့် ညီညွတ်စေရန်အတွက် ဈေးကွက်များရှိ စားသုံးဆီများအား ဆက်လက်စစ်ဆေးဖော်ထုတ် ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်-

**အမှတ်တံဆိပ်နှင့် အစားအသောက်အမျိုးအစားများ**

| စဉ် | အမှတ်တံဆိပ် | အစားအသောက် အမျိုးအစားဖော်ပြချက် | ထုတ်လုပ်သည့် လုပ်ငန်းအမည်နှင့်လိပ်စာ | စိစစ်တွေ့ရှိချက် |
|---|---|---|---|---|
| ၁။ | စိန်မမ | ပဲဆီသန့် | စိန်မမ ပဲဆီသန့်၊ ကွက်သစ်ရပ်၊ တံတားဦးမြို့။ | စားအုန်းဆီ ဖြစ်ပါသည်။ |
| ၂။ | မော်ကွန်းသစ် (MKT) | ပဲဆီသန့် | မော်ကွန်းသစ် ပဲဆီသန့် ရောင်းဝယ်ရေး အိမ်အမှတ် (၅၆၃)စည်သာရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေး။ | စားအုန်းဆီ ဖြစ်ပါသည်။ |
| ၃။ | Hi Plus | မြေပဲဆီသန့် | ဖော်ပြထားခြင်းမရှိပါ။ | စားအုန်းဆီ ဖြစ်ပါသည်။ |
| ၄။ | စိန် | မြေပဲဆီသန့် | Sein Lin Tun Trading | စားအုန်းဆီ ဖြစ်ပါသည်။ |
| ၅။ | ရွှေအိုး | မြေပဲဆီ | ဖော်ပြထားခြင်းမရှိပါ။ | စားသုံးဆီအရော ဖြစ်ပါသည်။ |
| ၆။ | ရွှေပဒေသာ | ရာနှုန်းပြည့်ပဲဆီသန့် | ဖော်ပြထားခြင်းမရှိပါ။ | စားသုံးဆီအရော ဖြစ်ပါသည်။ |
| ၇။ | ကံသာမြင့် | ပဲဆီ | ကံသာမြင့်ကုမ္ပဏီလီမိတက် ၁၇လမ်း၊ ၈၈×၈၉ လမ်းကြား အောင်မြေသာစံမြို့နယ်၊ မန္တလေး။ | စားသုံးဆီအရော ဖြစ်ပါသည်။ |
| ၈။ | GoldenRoyal (ရွှေတော်ဝင်) | ပဲဆီ | Distributed By: GOLD FISH Oil Factory,Industrial Zone Mandalay Myanmar | စားသုံးဆီအရော ဖြစ်ပါသည်။ |
| ၉။ | Ruby(ပတ္တမြား) | မြေပဲဆီသန့် | Ruby Lion Manufacturing Co.,Ltd | စားသုံးဆီအရော ဖြစ်ပါသည်။ |
| ၁၀။ | သပြေ | မြေပဲဆီသန့် | သပြေဆီစက်၊ အမှတ် (၅/၂၈)၊ ရွှေချီရပ်၊ ၈ လမ်း၊ပျဉ်းမနားမြို့။ | စားသုံးဆီအရော ဖြစ်ပါသည်။ |

**ကျန်းမာရေးဝန်ကြီးဌာန**

စားသုံးဆီအရောဖြစ်ပါသည်။




စားသုံးဆီအရောဖြစ်ပါသည်။




စားအုန်းဆီဖြစ်ပါသည်။




စားအုန်းဆီဖြစ်ပါသည်။




## ဓာတ်ငွေ့ယိုစိမ့်၍မီးလောင်ရာမှ သုံးဦးဒဏ်ရာရ

**ရန်ကုန် သြဂုတ် ၂၁** ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းလမ်းရှိ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းပိုင် ဓာတ်ငွေ့စက်ရုံ၌ ယနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် ဓာတ်ငွေ့အိုးဖြည့်တင်းရာမှ ယိုစိမ့်၍ မီးလောင်မှုဖြစ်ပွားရာ ဝန်ထမ်းသုံးဦး ထိခိုက်ဒဏ်ရာရရှိသွားပြီး မီးမှာ မွန်းတည့် ၁၂ နာရီခန့်တွင် ငြိမ်းသွားခဲ့ကြောင်း ကနဦးသတင်းအရ သိရသည်။



ဖြစ်ပွားပုံမှာ ဓာတ်ငွေ့အက်ဆစ်တလင်းကို ပိုက်လိုင်းမှတစ်ဆင့် ဓာတ်ငွေ့အိုးများအတွင်းသို့ ဖြည့်သွင်းရာ ယိုစိမ့်လာပြီး မီးထွက်ရှိသည်ကို တာဝန်ကျဝန်ထမ်းသုံးဦးဖြစ်သော အောင်သူ၊ အောင်ကိုလတ်နှင့် သိန်းသန်းလင်းတို့က ယိုစိမ့်သည့်နေရာများကို လိုက်လံပိတ်စဉ် မီးဟပ်၍ ဒဏ်ရာများရရှိသွားကြောင်း သိရသည်။ ၎င်းတို့သုံးဦး၏ တာဝန်ကျေပွန်မှုကြောင့်ပင် မီးမှာ မွန်းတည့် ၁၂ နာရီ ခန့်တွင် ငြိမ်းသွားခဲ့ကြောင်း သိရသည်။

**(ဌေးအောင်)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ခ/၆၄၀၄ ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါ ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ က-ည-န(ခရိုင်ရုံး) (ရန်ကုန်အနောက်ပိုင်း)

**ဖခင်အမည်မှန်**

မိုင်းလုံမြို့၊ အထက ဒသမတန်းမှ မောင်စန္ဒီရမ်း၏ ဖခင်အမည်မှန်မှာ ဦးဂျဘီလာပ် ၁၃/ကမန(နိုင်)၀၅၂၇၅၂ ဖြစ်ပါကြောင်း။

**ဦးဂျဘီလာပ်**

**ဖခင်အမည်မှန်**

မိုင်းလုံမြို့၊ အထက နဝမတန်းမှ မောင်လာဆာ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးလာတား ဖြစ်ပါကြောင်း။

**ဦးလာတား**

**ဒလမောင်းတက်/ဆင်း တံတားခေတ္တပိတ်မည့်ကိစ္စ**

ဒလဘက်ကမ်းရှိ ဒလမော်တော်ယာဉ်မောင်းတက်/ဆင်းတံတား၏ အောက်ခံသံပေါင်ယက်မနှင့် ဆင့်တန်းများ၊ သစ်သားကြမ်းခင်း လဲလှယ် ပြုပြင်ခြင်းလုပ်ငန်းကို ၂၀-၈-၂၀၁၅ရက်မှ ၂၅-၈-၂၀၁၅ရက် အထိ (၆)ရက်ခန့်ဆောင်ရွက်မည်ဖြစ်ပါ၍ မော်တော်ယာဉ်များ တံတား ဖြတ်သန်းအသုံးပြုခြင်းကို ခေတ္တယာယီပိတ်ထားမည်ဖြစ်ပါကြောင်း တံတားအသုံးပြုသူများအား အသိပေးအပ်ပါသည်။

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

MEGA Wecare

CAREER OPPORTUNITY

Position : Territory Sales Manager ( Consumer Division )
Location : Yangon / Mandaly / Naypyitaw / Laisho / Taunggyi
Responsibilities :
Enhance the maximum sales volume in line with target and maintaining the good relationship with customer in assign territory. Training & coaching of promoters.
Requirements :
University graduate and minimum 2-3 years related experience in FMCG sales field as supervisory level. Must have strong negotiation and communication skills.
Dead Line : 31st August 2015 [ as a urgent vacancy your early application is encouraged. ]

To Apply & More information
Universal Building, No 1 A/7, Shwe Pin Lon Housing Estate, Bayint Naung Road, Ward 27, North Dagon Township.
Tel : ( 959 450057194) Email : thihaaung@megawecare.com

ဥပဒေကြမ်း

# မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း

## ( ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။)

မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း
( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )
၁၃၇၇ ခုနှစ်၊ လ ရက်
( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေ**ကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေတွင် -

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (က)ကိုအောက်ပါအတိုင်းအစားထိုးရမည်။

" (a) **officer assigned duty by the Myanma Port Authority** means any officer assigned duty by the Myanma Port Authority to levy the light-dues, expenses, costs and fines, and to perform the other duty under this Act."

(ခ) ပုဒ်မ ၂၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၇၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၂)၊ ပုဒ်မခွဲငယ် (က)နှင့် ပုဒ်မ ၁၈ တို့၌ပါရှိသော **"President of the Union"** ဆိုသည့်စကားရပ်ကို"Ministry of Transport"ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဂ) ပုဒ်မ ၂၊ ပုဒ်မခွဲ(င)၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၂၁ နှင့် ပုဒ်မ ၂၂ တို့၌ပါရှိသော**"President** သို့မဟုတ် **President of the Union"** ဆိုသည့်စကားရပ်ကို **"Myanmar** Port **Authority"**ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဃ) ပုဒ်မ ၃၊ ပုဒ်မ ၈၊ ပုဒ်မခွဲ (၁)နှင့် ပုဒ်မ ၁၆ တို့၌ပါရှိသော **"President of the Union may "**ဆိုသည့်စကားရပ်ကို "Ministry of Transport **may, with the approval of the Union Government"**ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(င) ပုဒ်မ ၄ နှင့် ပုဒ်မ ၅ တို့ကိုပယ်ဖျက်ရမည်။

၃။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေပုဒ်မ ၆ ကိုအောက်ပါအတိုင်းအစားထိုးရမည် -

"6. The Myanma Port Authority shall be responsible for supervision and management of the general lighthouses with the power to make the necessary arrangements, and if it thinks fit, by contract or otherwise, it may, with the approval of the Ministry of Transport discharge this responsibility."

၄။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၁၁ နှင့် ပုဒ်မ ၁၄ တို့၌ပါရှိသော"Customan–Collector"ဆိုသည့် စကားရပ်ကို "officer assigned duty by the Myanma Port Authority" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေတွင် -

(က) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၃) ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(3) If any person refuses or neglects to produce any register or other papers or otherwise to satisfy the officer assigned duty by the Myanma Port Authority as to the true tonnage of any ship when required to do so under this section, such person shall be liable to pay the expenses of the measurement of the ship and of the ascertainment of the tonnage. And such person, shall further be liable to pay a fine from a minimum of fifty thousand to a maximum of one hundred thousand kyats, on the reasonable ground of willfully commission, under the order passed by the Master Attendant or any officer assigned duty by the Myanma Port Authority with the approval of the Managing Director or the Chief Executive Officer of the Myanma Port Authority. "

(ခ) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၃)၏ နောက်တွင် ပုဒ်မခွဲ (၄)ကိုအောက်ပါအတိုင်း ဖြည့်စွက်ရမည် -

" (4) The person who dissatisfies with the order of the Master Attendant or any officer assigned duty by the Myanma Port Authority, passed under sub-section (3), may appeal to the Ministry of Transport within 60 days from the day of such order."

၆။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေပုဒ်မ ၁၃ ကို အောက်ပါအတိုင်းအစားထိုးရမည် -

13. If any dispute arises as to whether light-dues, expenses or costs are payable in respect of any ship under this Part of this Act, or as to the amount of such dues, expenses or costs, the dispute shall, on application made in this behalf by either of the disputing parties, be heard and determined by the Master Attendant or any officer assigned duty by the Myanma Port Authority with the approval of the Managing Director or the Chief Executive Officer of the Myanma Port Authority, and such determination shall be final."

၇။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေပုဒ်မ ၁၅ ကိုအောက်ပါအတိုင်းအစားထိုးရမည် -

"15. (1) If the owner or master of a ship willfully evades or attempts to evade the payment of any light-dues, expenses or costs payable in respect of the ship under this Part of this Act, such person shall be liable to pay a fine from a minimum of three times to a maximum of five times the amount of the sum payable, on the reasonable ground of willfully commission, under the order passed by the Master Attendant or any officer assigned duty by the Myanma Port Authority with the approval of the Managing Director or the Chief Executive Officer of the Myanma Port Authority.

(2) The person who dissatisfies such order passed under sub-section (1) may appeal to the Ministry of Transport within 60 days from the day of such order. "

၈။ (က) မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေပုဒ်မ ၂၀၊ ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(1) The Master Attendant may, at any time, and any officer of Lighthouses Division may, if authorized in this behalf by a general or special order in writing of the Myanma Port Authority, enter upon and inspect any local lighthouse and make such inquiries in respect there of or of the management there of as he thinks fit. "

(ခ) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (၄)၊ ပုဒ်မ ၂၂ ၏ ခေါင်းစဉ်၊ ဘေးခေါင်းစဉ်နှင့် ပုဒ်မ ၂၂ တို့၌ ပါရှိသော **"Government"** ဆိုသည့် စကားရပ်ကို **"Myanma Port Authority"**ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေ၏ဇယားကို အောက်ပါဇယားဖြင့် အစားထိုးရမည် -

SCHEDULE

1. Lighthouse on islands or reefs:-
   (a) **at the Tanintharyi Region**
      (1) Kyauk Phyu Kyun Island.
      (2) Meepya Kyun (Dawei) Island.
      (3) Malisoon Island.
      (4) Kalwin.
      (5) Myeik Seik Kan Thar.
      (6) Palawpalin.
   (b) **at the Mon State**
      (1) Kyaik Kha Mi Island.
      (2) Kyun Nyi Naung Island.
   (c) **at the Rakhine State**
      (1) May Yu Island.
      (2) Sittwe
      (3) Myaepone Island.
      (4) Thantar Island.
      (5) Phaung Net Gyi Island.
      (6) Man Aung Island.
      (7) Mhan Aung Chaung Wa.
      (8) Kyauk Ne Maw.
      (9) Sin Gaung Island.
      (10) Ohan Ta Bin Island.
      (11) Lone Thar.
      (12) Nanthar Kyun Island.
   (d) **at the Yangon Region**
      (1) Thante
      (2) Min Glar Island .
   (e) **at the Ayeyarwady Region**
      (1) Pathein Reef
      (2) Thamee Hla Island.
      (3) Chaug Gyi.
      (4) Pyitaw Thar.
2. Any other Lighthouse in the Republic of the Union of Myanmar declared by the Ministry of Transport to be a general lighthouse.



မအူပင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးဦးသိန်းထွန်းနှင့်ဆရာဆရာမများ ဦးဆောင်ပြီး ကင်းထောက်လူငယ်မောင်မယ်၊ ကျောင်းသား ကျောင်းသူ ၃၂ ဦးတို့ ညောင်တုန်းမြို့ ရေဘေးသင့် ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအတွက် ဆန်၊ ရေသန့်၊ ဗလာစာအုပ်နှင့်စာရေးကိရိယာများအား ညောင်တုန်းမြို့ ရေဘေးကာကွယ်ရေး ကွပ်ကဲမှုရုံးသို့ ဩဂုတ် ၁၆ ရက်က လာရောက်လှူဒါန်းစဉ်။

ထွန်းကျော် (ညောင်တုန်း)

## လျှပ်စစ်ဓာတ်အား မပြတ်တောက်စေရေးနှင့် အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်လျက်ရှိ

**ပုသိမ် ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ၆၆/၁၁ ကေဗွီ 20 MVA ဓာတ်အားခွဲရုံတွင် ဝေနိမြစ်ရေမြင့်တက်မှုကြောင့် Control Room တွင် ရေများဝင်ရောက်ခဲ့ရာ ပုသိမ်မြို့အတွင်း လျှပ်စစ်ဓာတ်အားမပြတ်တောက်စေရေးနှင့် အန္တရာယ်ကင်းရှင်းစေရေးအတွက် Cable Duct အတွင်းမှ စိမ့်ရေများအား နေ့စဉ်စုပ်ထုတ်ခြင်း၊ Cable များ ယာယီမြှင့်တင်ခြင်း၊ သဲအိတ်များဖြင့် တမံပိတ်ကာထားခြင်း၊ ကွန်ကရစ်ဖြင့် တမံပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ပုသိမ်မြို့အတွင်း ရပ်ကွက် (၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈)ထိ၊ ရပ်ကွက် (၁၂၊ ၁၄)နှင့် ရှမ်းရွာ၊ ပေပင်ရွာနှင့် ငပုတောမြို့များသို့ ပုံမှန်ဓာတ်အား ဖြန့်ဖြူးပေးထားသည်။ ထို့ပြင် ဥမ္မာဒန္တီ (315×2) KVA၊ ရေတပ် (500)KVA၊ ဝဲဒေါင့် (315) KVA ထရန်စဖော်မာများ၏ 400 V Panel Cable ကြိုးနှင့် Horn Gap Fuse များအား ရေလွတ်ရေိယာသို့ မြှင့်တင်ခြင်းများ ဆောင်ရွက်ပြီး ဓာတ်အားပြန်လည်ဖြန့်ဖြူးနိုင်ခဲ့သည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြစ်ရေလျှံမှုကြောင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်အတွက် အင်္ဂပူမြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်တို့တွင် ဓာတ်အား ယာယီဖြတ်တောက်ပေးခဲ့သော ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာနှင့် အိမ်သုံးမီတာများ၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းများ မြစ်ရေပြန်လည်ကျဆင်းခဲ့သဖြင့် အန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ခဲ့ပြီး ငါးသိုင်းချောင်းမြို့တွင် ၄၀၀ ဗို့ လိုင်း ၄၅ ခန်း၊ အိမ်သုံးမီတာ ၇၀၊ အင်္ဂပူမြို့တွင် ထရန်စဖော်မာ လေးလုံး၊ အိမ်သုံးမီတာ ၁၇၈လုံးတို့ကို ပုံမှန်ဓာတ်အားပြန်လည်ပို့လွှတ်ပေးထားပြီးဖြစ်သည်။

ကျန်ရှိနေသည့် ထရန်စဖော်မာ၊ ဓာတ်အားလိုင်းနှင့် မီတာများအား မြစ်ရေများပြန်လည်ကျဆင်းသွားပါက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ပြီး ဓာတ်အားအမြန်ပြန်လည်ပေးနိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ ကြီးကြပ်ကွပ်ကဲပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့်ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်တင်လှိုင်(ဟိုတယ်/ခရီး)**

❐

# ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်း

## ( ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။)

ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်း
( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ။ )
၁၃၇၇ ခုနှစ်၊ လ ရက်
( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်**

၁။ ဤဥပဒေကို **ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာ တူးမြောင်း ဥပဒေ**ဟုခေါ်တွင် စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ကုန်သွယ်ရေကြောင်း**ဆိုသည်မှာ စီးပွားရေးအလို့ငှာ ကုန်စည်ကို ဖြစ်စေ၊ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်နှင့် ခရီးသည် နှစ်မျိုးလုံး ကိုဖြစ်စေ တစ်နေရာမှ တစ်နေရာသို့ သယ်ယူပို့ဆောင်ရန်အသုံး ပြုသောရေကြောင်းခရီးကို ဆိုသည်။

(ခ) **တူးမြောင်း**ဆိုသည်မှာကုန်သွယ်ရေကြောင်းခရီးဖြင့် သယ်ယူ ပို့ဆောင်ရေးအတွက် ပင်လယ်နှင့် သော်လည်းကောင်း ၊ မြစ်နှင့် သော်လည်းကောင်း ၊ ချောင်းနှင့် သော်လည်းကောင်း အသုံးပြု နိုင်ရန် ဆက်စပ်၍ တူးဖော်ဖောက်လုပ်ထားသော ကမ်းပါး နှစ်ဖက်ရှိသည့် ရေကြောင်းနယ်မြေကို ဆိုသည်။ သို့ရာတွင် ယင်းစကားရပ်၌ စိုက်ပျိုးရေးလုပ်ငန်းအတွက် ဖောက်လုပ်ထား သော တူးမြောင်းနှင့် ရေနုတ်မြောင်းများ မပါဝင်။

(ဂ) **တူးမြောင်းနယ်**ဆိုသည်မှာ တူးမြောင်း၏ လက်ဝဲလက်ယာ ကုန်းပိုင်းတွင် တည်ဆဲသတ်မှတ်ထားပြီး နယ်နိမိတ်ကို သော် လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သီးခြားသတ်မှတ်ထားသော နယ်နိမိတ်ကို သော် လည်းကောင်း၊ ထိုသို့ သတ်မှတ်ထားခြင်း မရှိသည့် တူးမြောင်း တွင် တစ်နှစ်အတွင်း ဒီရေအမြင့်ဆုံးတက်ချိန်၌ ဒီရေရောက်ရှိ သည့် သို့မဟုတ် မြစ်ရေတက်ချိန် အမြင့်ဆုံး ပုံမှန် ရေမြင့်မှတ် ရောက်ရှိသည့် ကမ်းပါးနယ်မြေမှ ကုန်းတွင်းပိုင်းသို့ ပေ ၁၅၀ အထိရှိသော ကုန်းမြေနယ်နိမိတ်ကိုသော်လည်းကောင်း ဆိုသည်။

(ဃ) **ကမ်းပါးနယ်**ဆိုသည်မှာ ရေစစ်မျဉ်းနှင့် ရေပြည့်မျဉ်းအကြားရှိ ကမ်းပါးစောက် သို့မဟုတ် ဆင်ခြေလျှောကမ်းပါးကို ဆိုသည်။

(င) **ရေယာဉ်**ဆိုသည်မှာ စက်တပ်ရေယာဉ်၊ စက်မဲ့ရေယာဉ်၊ ရေ ကြောင်းဖြင့် လူနှင့် ကုန်ပစ္စည်းများ တင်ဆောင်၍ တစ်နေရာမှ တစ်နေရာသို့ သွားလာနိုင်သည့် အခြားယာဉ် တစ်မျိုးမျိုးကို ဆိုသည်။ ယင်းစကားရပ်တွင် သစ်ဖောင်နှင့် ဝါးဖောင်များလည်း ပါဝင်သည်။

(စ) **ရေယာဉ်မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ရေကြောင်းပို့ဆောင် ရေး ညွှန်ကြားမှု ဦးစီးဌာန သို့မဟုတ် ယင်းဦးစီးဌာနက ညှိနှိုင်း လွှဲအပ်ထားသော သက်ဆိုင်ရာ တာဝန်ရှိအစိုးရဌာန၊ အဖွဲ့ အစည်း တစ်ခုခုက ရေယာဉ်ကို စစ်ဆေး၍ မှတ်ပုံတင်ပြီး ထုတ်ပေးသော သက်သေခံလက်မှတ်ကို ဆိုသည်။

(ဆ) **ရေလမ်းထိန်း အဆောက်အအုံ**ဆိုသည်မှာ တူးမြောင်းများ ပြုပြင်ထိန်းသိမ်းရန် တည်ဆောက်ထားသော ကမ်းထိန်းနံရံများ၊ ရေလွှဲရေကာများ၊ ရေမြှောပေါက်ပိတ်ရေကာများ၊ နုန်းဖမ်း ရေကာများနှင့် လှိုင်းကာများကို ဆိုသည်။

(ဇ) **ဖြတ်သန်းခ**ဆိုသည်မှာ တူးမြောင်းများ တူးဖော်ခြင်း၊ တိုးချဲ့ ဖောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းတို့ ပြုလုပ်ရာတွင် ကုန်ကျ စရိတ်နှင့် ဝန်ဆောင်မှုစရိတ် အသီးသီးတို့အတွက် အထောက် အကူဖြစ်စေရန် တူးမြောင်းတစ်ခုခုအတွင်း ဖြတ်သန်းသွားလာ သည့် ရေယာဉ်များကို ကောက်ခံရန် ပို့ဆောင်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော အခကြေးငွေ ကို ဆိုသည်။

(ဈ) **အကောက်စခန်း**ဆိုသည်မှာ တူးမြောင်းအတွင်း ဖြတ်သန်းသော ရေယာဉ်များကို ကြီးကြပ်ကွပ်ကဲရန်နှင့် တူးမြောင်းဖြတ်သန်းခ ကောက်ခံသည့် စခန်းကို ဆိုသည်။

(ည) **ပို့ဆောင်ရေးဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စု အစိုးရအဖွဲ့၏ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဋ) **ဦးစီးဌာန** ဆိုသည်မှာ ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနကို ဆိုသည်။

(ဌ) **တူးမြောင်းအရာရှိ**ဆိုသည်မှာ တူးမြောင်းများ၏ ရေကြောင်း သွားလာမှု၊ ဖြတ်သန်းခ ကောက်ခံမှုနှင့် တူးမြောင်းထိန်းသိမ်းမှု တို့ကို တာဝန်ခံ၍ ကွပ်ကဲကြီးကြပ်ရန် ဦးစီးဌာနက တာဝန် ပေးအပ်ခြင်းခံရသူကို ဆိုသည်။

(ဍ) **ရေကြောင်း ကြီးကြပ်ရေးမှူး**ဆိုသည်မှာ တူးမြောင်းအတွင်း ဖြတ်သန်းခုတ်မောင်းသည့် ရေယာဉ်များ လုံခြုံချောမွေ့စေရေး အတွက် ရေကြောင်းစစ်ဆေးရန်နှင့် ရေယာဉ်များ ခုတ်မောင်းမှု ကို ကြီးကြပ်ရန် ဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

(ဎ) **အကောက်စခန်းမှူး**ဆိုသည်မှာ အကောက်စခန်းတစ်ခုကို ကြီးကြပ် တာဝန်ခံသူကို ဆိုသည်။

(ဏ) **ရေယာဉ်ဦးစီး**ဆိုသည်မှာ ရေယာဉ်မှူး၊ ရေယာဉ်အုပ်နှင့် ရေယာဉ် ကို ဦးစီးဦးဆောင်ပြု၍ ထိန်းသိမ်းမောင်းနှင်သည့် သက်ဆိုင်ရာ ကျွမ်းကျင်မှု လက်မှတ်ရရှိသူ တစ်ဦးဦးကို ဆိုလိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တူးမြောင်းအတွင်း ရေကြောင်းသွားလာမှု လုံခြုံစိတ်ချပြီး ချောမွေ့ အဆင်ပြေစေရန်၊

(ခ) ကုန်သွယ်ရေကြောင်းဆိုင်ရာ တူးမြောင်းများကို ပြည်သူများ အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းကာကွယ်ရန်၊

(ဂ) ကုန်သွယ် ရေကြောင်းတွင် တူးမြောင်းများ ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် နိုင်ငံတော်၏ ရေကြောင်းသယ်ယူပို့ဆောင်ရေးကွန်ရက် ကျယ်ပြန့် လာပြီး နိုင်ငံတော်၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာစေရန်၊

(ဃ) တူးမြောင်းနယ်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အတွက် ရေထုညစ်ညမ်းမှုမရှိစေရန်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက် ပျက်စီးမှုမှ ထိန်းသိမ်းကာကွယ်ရန်၊

(င) ကုန်သွယ်ရေကြောင်းဖြင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက် စေရေးအတွက် ပုဂ္ဂလိက တူးမြောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် စေရန်။

**အခန်း (၃)**

**ပို့ဆောင်ရေးဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၄။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါ အတိုင်းဖြစ်သည် -

(က) ရေယာဉ်များ ခုတ်မောင်းသွားလာနိုင်သည့် တူးဖော်ထားသော တူးမြောင်းများကို နယ်နိမိတ် အတိုင်းအတာဖြင့် ဖော်ပြ၍ အမိန့် ကြော်ငြာစာထုတ်ပြန်ပြီးသတ်မှတ်ခြင်း၊

(ခ) တူးမြောင်းများ ရေရှည် တည်တံ့ရေးအတွက် တူးမြောင်းထိန်းသိမ်း ရေး လုပ်ငန်းများဆောင်ရွက်ရန် ဦးစီးဌာနသို့ ညွှန်ကြားခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာန အဆင့်ညှိနှိုင်းရန် လိုအပ်ပါက သက်ဆိုင် ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) နိုင်ငံအတွင်းရှိ မြစ်ကြီးများ အရှည်တည်တံ့၍ ရေလမ်းကြောင်းများ ဖွံ့ဖြိုးစေရေး မဟာဗျူဟာအရ ဖြစ်စေ၊ ဒေသဆိုင်ရာ သဘောတူညီ ချက် သို့မဟုတ် အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံ သဘောတူညီ ချက်အရ နယ်စပ်ဖြတ်ကျော်၍ဖြစ်စေ တူးမြောင်းသစ်များ ဖောက် လုပ်ရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီ ချက်ဖြင့် တူးမြောင်းသစ်များ ဖောက်လုပ်ခြင်းနှင့် ကုန်သွယ် ရေ ကြောင်းသွားလာမှု ကြီးကြပ်ခြင်း၊

(ဃ) တူးမြောင်းအတွင်း ခုတ်မောင်းသွားလာမှုနှင့် တူးမြောင်းဝန်းကျင် ဒေသဖွံ့ဖြိုးရေးနှင့် ကုန်သွယ်ရေကြောင်း လွယ်ကူချောမွေ့စေရေး အတွက် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ အကူ အညီများရယူရန်လိုအပ်ပါက ယင်းအဖွဲ့အစည်းများနှင့် ဆက် သွယ်ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခြင်း၊

(င) တူးမြောင်းအတွင်း ဖြတ်သန်းသွားလာအသုံးပြုခြင်းအတွက် ဖြတ်သန်းခကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ခြင်း၊ အခါအားလျော်စွာ ဖြတ်သန်းခကို ပြင်ဆင်သတ်မှတ်ခြင်း၊ လိုအပ်ပါက ဖြတ်သန်းခ ကောက်ခံရေးအတွက် ပုဂ္ဂလိကအဖွဲ့အစည်း တစ်ခုခုကို ပွင့်လင်း မြင်သာသော တင်ဒါစနစ်ဖြင့် ရွေးချယ်၍ လုပ်ငန်းအပ်နှံခြင်း သဘောတူစာချုပ်ဖြင့် စည်းကမ်းချက်များ သတ်မှတ်ပြီး ကောက်ခံ ခွင့်ပြုခြင်း၊

(စ) တူးမြောင်းနယ်အတွင်း အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက သော် လည်းကောင်း၊ ပုဂ္ဂလိက တူးမြောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေ ရန်အလို့ငှာ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသည့် ပုဂ္ဂလိက လုပ်ငန်း ရှင်က သော်လည်းကောင်း၊ အစိုးရနှင့် ပုဂ္ဂလိက ပူးတွဲ၍ ဖက်စပ် ဆောင်ရွက်သောအဖွဲ့က သော်လည်းကောင်း၊ ပုဂ္ဂလိကနှင့် သဘောတူစာချုပ်ချုပ်ဆိုပြီး တည်ဆောက်-လုပ်ကိုင်-လွှဲပြောင်း စနစ် ( BOT= Build -Operate –Transfer )၊ တည်ဆောက်- ပိုင်ဆိုင်-လုပ်ကိုင်-လွှဲပြောင်းစနစ်(BOOT= Build- Own- Operate-Transfer )၊ တည်ဆောက်-ပိုင်ဆိုင်-လုပ်ကိုင်စနစ် (BOO= Build-Own-Operate)၊ တည်ဆောက်-ငှားရမ်း- လွှဲပြောင်းစနစ် (BLT=Build-Lease-Transfer)၊ ပုံစံထုတ်- တည်ဆောက်-ငွေကြေးပံ့ပိုး-လုပ်ကိုင်စနစ် ( DBFO= Design- Build-Finance-Operate )၊ ပုံစံထုတ်-ဆောက်လုပ်-စီမံ-ငွေကြေး ထောက်ပံ့စနစ် ( DCMF= Design-Construct-Manage- Finance ) စသည့် စနစ်တို့ဖြင့် စီးပွားရေးလုပ်ငန်းအလို့ငှာ တူး မြောင်းတူးဖော်ဖောက်လုပ်ခြင်း၊ တူးမြောင်းတိုးချဲ့ခြင်းလုပ်ငန်း များ ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီ ချက်ဖြင့် စိစစ်ခွင့်ပြုခြင်း၊

(ဆ) ပုဒ်မခွဲ (စ) ပါ တူးမြောင်းကို တူးဖော်ဖောက်လုပ်ခြင်း၊ တူးမြောင်း တိုးချဲ့ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် အများပြည်သူ အကျိုးငှာ ပုဂ္ဂလိကပိုင်မြေကို အသုံးပြုရန် လိုအပ်ပါက တည်ဆဲ မြေသိမ်းအက်ဥပဒေနှင့်အညီ သိမ်းယူပြီး လွှဲပြောင်းရယူရေး အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ရယူပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ နှင့် လည်းကောင်း၊ သိမ်းယူမည့် မြေကို ပိုင်ဆိုင်သော သို့မဟုတ် အသုံးပြုလျက်ရှိသော ဒေသခံပြည်သူများနှင့် လည်းကောင်း ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) တူးမြောင်းအတွင်း ကုန်သွယ်ရေကြောင်း သွားလာရာတွင် ရေထု ညစ်ညမ်းမှုများ ကာကွယ်ထိန်းသိမ်းရေးအတွက် စနစ်တကျ လေ့လာဆန်းစစ်ခြင်းနှင့် စီမံဆောင်ရွက်ခြင်း။

**အခန်း (၄)**

**ဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၅။ ဤဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) တူးမြောင်း မတိမ်ကော မပျက်စီးစေရေးနှင့် ရေလမ်းကြောင်းများ ကောင်းမွန်ပြီး အမြဲတစေအသုံးပြုနိုင်ရေးအတွက် လိုအပ်သော ရေလမ်းထိန်း အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ ချဲ့ထွင်ခြင်းနှင့် ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများကို ဆောင် ရွက်ခြင်း၊ ရေလမ်းထိန်းအဆောက်အအုံကို ရေယာဉ်ကြောင့် ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ ပျက်စီးစေပါက ထိုသို့ ပျက်စီးမှုအတွက် လျော်ကြေးတောင်းခံခြင်း၊

(ခ) တူးမြောင်းအတွင်းရေကြောင်းသွားလာမှု လုံခြုံချောမွေ့စေရေး အတွက် ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဂ) တူးမြောင်း ဖြတ်သန်းခများကို မှန်မှန်ကန်ကန် ကောက်ခံနိုင်ရန် သက်ဆိုင်ရာဦးစီးဌာနက စစ်ဆေး ထုတ်ပေးထားသော ရေယာဉ် မှတ်ပုံတင်လက်မှတ်နှင့် ရေယာဉ်ဆိုင်ရာ အခြားအထောက်အထား စာတမ်းအမှတ်အသားများကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဃ) ဖြတ်သန်းရေယာဉ်အတိုင်းအတာနှင့် စပ်လျဉ်း၍ ရေယာဉ်မှတ်ပုံ တင်လက်မှတ်ပါ အချက်အလက်နှင့် ကွဲလွဲသည်ဟု သံသယရှိ ပါက ထိုရေယာဉ်ကို ဆောလျင်စွာ တိုင်းတာ၍ တွက်ချက်ပြီး ဖြတ်သန်းခကောက်ခံခြင်း၊

(င) ဖြတ်သန်းမည့် ရေယာဉ်သည် ကြံ့ခိုင်မှုနှင့် စက်စွမ်းအား လုံလောက် မှု မရှိကြောင်း သံသယရှိလျှင်ဖြစ်စေ၊ သတ်မှတ်ထားသည့် ကျွမ်း ကျင်သူ ရေယာဉ်ဦးစီးမပါလျှင်ဖြစ်စေ ရေယာဉ်ကို တူးမြောင်း အတွင်း ဖြတ်သန်းခွင့် မပြုဘဲ တားမြစ်ခြင်း၊

(စ) တူးမြောင်းအတွင်း ဖြတ်သန်းခ မပေးဆောင်ဘဲ ဖြတ်သန်းလျှင်ဖြစ် စေ၊ ဖြတ်သန်းခပေးပြီးကြောင်း ပြေစာကို စစ်ဆေးသည့်အခါပြေစာ မပြနိုင်လျှင်ဖြစ်စေ နီးစပ်ရာ အကောက်စခန်းက ဖြတ်သန်းခ ကောက်ခံခြင်း၊

(ဆ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ရေယာဉ်များနှင့် ပုဂ္ဂလိက ပိုင်ရေယာဉ်များအတွက် တူးမြောင်းဖြတ်သန်းခကို လပေးဆောင် စနစ်ဖြင့် ပေးဆောင်ခွင့်ပြုရန် လျှောက်ထားတောင်းဆိုပါက စိစစ်ခွင့်ပြုခြင်း၊

(ဇ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခု၏ တာဝန်ထမ်းဆောင် လျက်ရှိသောရေယာဉ်များသည် ပို့ဆောင်ရေးဝန်ကြီးဌာန၏ ကင်းလွတ်ခွင့် မရရှိလျှင် မည်သည့်ရေယာဉ်မဆို တူးမြောင်း အတွင်း ဖြတ်သန်းသွားလာခြင်းအတွက် ဖြတ်သန်းခ ကောက်ခံ ခြင်း၊

(ဈ) တူးမြောင်းအတွင်း ရေကြောင်းအလိုက် သွားလာနိုင်သည့် ရေ ယာဉ်အရွယ်အစားနှင့် တွဲအရေအတွက် သတ်မှတ်ခြင်း၊ ရေစူး သတ်မှတ်ခြင်းနှင့် ခုတ်မောင်းမည့် ရေယာဉ်၏ အမြန်နှုန်း သတ် မှတ်ခြင်း၊

(ည) တူးမြောင်းကို ဖြတ်သန်းသည့် ရေယာဉ်များနှင့် အချက်အလက်များ ကို စာရင်းပြုစု မှတ်တမ်းတင်ခြင်း၊

(ဋ) တူးမြောင်းအတွင်း ရေကြောင်းဆိုင်ရာ အချက်အလက်များ ရရှိရန်အချိန်အခါအလိုက် တိုင်းတာဆောင်ရွက်ခြင်း၊ ရေလမ်း ကြောင်းများ အဆင့်သတ်မှတ်ခြင်း၊ ရေကြောင်း ဖွင့်လှစ်ခြင်း၊ ပိတ်ခြင်း၊ ရေလမ်းဆိုင်ရာ သတင်းနှင့် သတိပေးချက်တို့ကို အခါ အားလျော်စွာ ထုတ်ပြန်ကြေညာခြင်း၊

(ဌ) တူးမြောင်းနယ်အတွင်း အောက်ပါလုပ်ငန်းကိစ္စ ဆောင်ရွက်မှု တစ်ခုခုကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း-

(၁) မြေတူးခြင်း၊ မြေဖို့ခြင်း၊ နုန်းဖမ်းခြင်း၊ အင်းပိတ်ခြင်း၊ တမံဖို့ခြင်း၊ တုတ်ရိုက်ခြင်း ( သို့မဟုတ် ) လယ်ယာမြေ၊ ဥယျာဉ်ခြံမြေ စိုက်ပျိုးခြင်း၊

(၂) တူးမြောင်းမှ ရေသွယ်မြောင်း၊ ရေနုတ်မြောင်း တူးဖော်ခြင်း၊ တူးမြောင်းမှ ရေကို တစ်နည်းနည်းဖြင့် သွယ်ယူ အသုံးပြု ခြင်း၊

(၃) ကမ်းပါးနယ်တွင် လမ်းခင်းကျောက်၊ ကျောက်စရစ်၊ သဲ၊ အုတ်နှင့် အခြားလေးလံသော ပစ္စည်းကိရိယာများကို စုပုံ ခြင်း သို့မဟုတ် ချထားခြင်း၊

(ဍ) တူးမြောင်းနယ်အတွင်း အောက်ပါလုပ်ငန်းကိစ္စဆောင်ရွက်မှု တစ်ခုခုကို စိစစ်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ ထောက်ခံချက်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း-

(၁) စီးပွားရေးအလို့ငှာ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊ မြစ်ကျောက်ထုတ်ခြင်း၊ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတ ထုတ်ယူခြင်း၊

**စာမျက်နှာ ၁၇ သို့**

စာမျက်နှာ ၁၆ မှ

(၂) စီးပွားရေးအလို့ငှာ ငါး၊ ပုစွန်ကန်တူးဖော်ခြင်း၊ မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ခြင်း၊

(၃) အဆောက်အအုံ ဆောက်လုပ်ခြင်း၊

(ဗ) တူးမြောင်းနယ်အတွင်း စက်ရုံ၊ အလုပ်ရုံများမှ ဘေးထွက်ပစ္စည်းများနှင့် စပ်လျဉ်း၍ သဘာဝပတ်ဝန်းကျင် ထိခိုက် ပျက်စီးခြင်းမရှိစေရေးနှင့် ရေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေးတို့အတွက် စည်းကမ်းချက်များ သတ်မှတ်ပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ခြင်း၊ သတ်မှတ် စံနှုန်းများအတိုင်း ဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးပြီး သတ်မှတ် စံနှုန်းများနှင့် ညီညွတ်မှု မရှိပါက လုပ်ငန်းလည်ပတ်ခြင်းကို ကန့်ကွက်ခြင်း သို့မဟုတ် တားမြစ်ခြင်း၊

(ဏ) တူးမြောင်းနယ်အတွင်း ရေလမ်းကြောင်းပြောင်းလဲမှုကြောင့် ရေတိုက်စား ကမ်းပြိုမှုများမှကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊

(တ) ဘေးအန္တရာယ်ဖြစ်စေသည့် ကုန်စည်များနှင့် မီးလောင်လွယ်စေသည့် ပစ္စည်းများကို အပြည်ပြည်ဆိုင်ရာမှ လက်ခံထားသည့် စနစ်အတိုင်း လိုက်နာသယ်ဆောင်ခြင်းမရှိသည့် ရေယာဉ်များကို တူးမြောင်းအတွင်း ဖြတ်သန်းခွင့် မပြုခြင်း၊

(ထ) တူးမြောင်းအတွင်း ရေယာဉ်မတော်တဆမှု ဖြစ်ပါက အလျင်အမြန်သွားရောက် စစ်ဆေး၍ အခြားရေယာဉ်များအား အန္တရာယ် မဖြစ်စေရန် ဆောင်ရွက်ခြင်း၊

(ဒ) တူးမြောင်းအတွင်း နစ်မြုပ်ရေယာဉ်ကို သတ်မှတ်ပေးသည့် အချိန်အတွင်း အမြန်ဆယ်ယူဖယ်ရှားရေးအတွက် သက်ဆိုင်ရာရေယာဉ်ပိုင်ရှင်ထံ အကြောင်းကြားခြင်း၊ သတ်မှတ်ပေးသည့်အချိန်အတွင်း နစ်မြုပ်ရေယာဉ်ကို ဆယ်ယူဖယ်ရှားရန် ပျက်ကွက်ပါက ပို့ဆောင်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လိုအပ်သလို ဆယ်ယူ ဖယ်ရှား၍ စီမံခန့်ခွဲခြင်း၊

(ဓ) ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ရေယာဉ်များ ဖြတ်သန်းသွားလာခြင်းကို အနှောင့်အယှက် အဟန့်အတား ဖြစ်စေသည့် ပြုလုပ်မှုတစ်ခုခုကို တားမြစ်ခြင်း၊ တားမြစ်ချက် ဖောက်ဖျက်သူကို အရေးယူခြင်းနှင့် ထိုအနှောင့်အယှက် အဟန့်အတားများ စိစစ်ဖယ်ရှားခြင်း၊ ထိုသို့ ဖယ်ရှားရာ၌ ကုန်ကျစရိတ်များကို တောင်းခံခြင်း၊

(န) တူးမြောင်းအတွင်း ရေကြောင်းသွားလာမှုကို အနှောင့်အယှက်၊ အတားအဆီး သို့မဟုတ် ဘေးအန္တရာယ် ဖြစ်စေသည့် ငါးဖမ်းခြင်းနှင့် ငါးဖမ်းတိုင်၊ ငါးဖမ်းပိုက်၊ ဝါးတန်း၊ မျှော သို့မဟုတ် ပစ္စည်းကိရိယာ တစ်စုံတစ်ရာကိုချထားခြင်း၊ စွန့်ပစ်ခြင်း သို့မဟုတ် မျှောထားခြင်းကို တားမြစ်ခြင်း သို့မဟုတ် အမြန်ဖယ်ရှားခြင်း၊

(ပ) သတ်မှတ်ထားသော ကုန်စည်နှင့် ရေယာဉ် လုံးပေါင်းတန်ချိန်၊ အလျား၊ အနံနှင့် ရေစူးထက်ပိုသော ရေယာဉ်၊ နိုင်ငံခြား သင်္ဘောနှင့် ဘေးအန္တရာယ်ဖြစ်စေသည့် ပစ္စည်းများ တင်ဆောင်ထားသော ရေယာဉ်များကို တူးမြောင်းအတွင်း ရေကြောင်းပြ ရေယာဉ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဖြတ်သန်းမောင်းနှင် သွားလာရန် ခွင့်ပြုချက် ထုတ်ပေးခြင်း၊

(ဖ) တူးမြောင်း ရေလမ်းကြောင်း ဖြတ်သန်းခများ ကောက်ခံရာတွင် ရေယာဉ်မှတ်ပုံတင်ပါ တန်ချိန်နှင့် တူးမြောင်း၏ပုံသေနည်းအရ တွက်ချက် တန်ချိန် ကွဲလွဲနေပါက များရာတန်ချိန်ဖြင့် ကောက်ခံခြင်း၊

(ဗ) ပို့ဆောင်ရေးဝန်ကြီးဌာနက ပေးအပ်သော အခြားလုပ်ငန်း တာဝန်များကို ဆောင်ရွက်ခြင်း။

၆။ ဦးစီးဌာနသည် တူးမြောင်းအတွင်း ဖြတ်သန်းမောင်းနှင် သွားလာသော ရေယာဉ်များနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် ရေယာဉ်ဦးစီး၏ တာဝန်နှင့် စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့်အတွက် ရေယာဉ်ဦးစီးအား အရေးယူခြင်းဆိုင်ရာ နည်းလမ်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၅)
## ရေယာဉ်ဦးစီး၏ တာဝန်များ

၇။ ရေယာဉ် ဦးစီးသည် ပုဒ်မ ၆ အရ အရေးယူသည့် ကိစ္စတွင် ဦးစီးဌာနနှင့် သက်ဆိုင်ရာ တရားရုံးတို့က ဆင့်ဆိုသည့်အခါ မပျက်မကွက် လာရောက်ဖြေရှင်းနိုင်ရန် အလို့ငှာ ရေယာဉ်မှတ်ပုံတင်လက်မှတ်မူရင်းနှင့် ရေယာဉ်အုပ်ကျွမ်းကျင်မှုလက်မှတ် မူရင်းတို့ကို သက်ဆိုင်ရာ တူးမြောင်းအရာရှိ သို့မဟုတ် ရေကြောင်း ကြီးကြပ်ရေးမှူးက တောင်းဆိုသည့်အခါ ပေးအပ်ရမည်။

၈။ ရေယာဉ်ဦးစီးသည် -

(က) တူးမြောင်းအတွင်းသို့ ရေယာဉ် ဖြတ်သန်းသွားလာသည့်အခါ သက်ဆိုင်ရာ တူးမြောင်းအကောက်စခန်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ ဖြတ်သန်းခကို ပေးဆောင်ရမည်။ ဖြတ်သန်းခ ပြေစာလက်ခံရရှိမှသာ ရေယာဉ်ကို တူးမြောင်းအတွင်း ဖြတ်သန်းခွင့်ရှိသည်။

(ခ) ဖြတ်သန်းခပေးဆောင်နေစဉ် ရေယာဉ်ကို ရပ်တန့်ထားရမည်။ ထုတ်ပေးသော ဖြတ်သန်းခ ပြေစာ လက်ခံရရှိမှသာ ရေယာဉ်ကို ဆက်လက် ထွက်ခွာခွင့်ရှိသည်။

(ဂ) တူးမြောင်းအတွင်း၌ ရေယာဉ် ရှိနေစဉ် ကာလအတွင်း ဖြတ်သန်းခ ပြေစာကို ကိုင်ဆောင်ထိန်းသိမ်းထားရမည်။ တူးမြောင်းကြီးကြပ်ရေးအရာရှိက စစ်ဆေးလျှင် ထိုဖြတ်သန်းခ ပြေစာကို ပြသရမည်။

(ဃ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခု၏ တာဝန် ထမ်းဆောင်လျက်ရှိသော ရေယာဉ်၏ ရေယာဉ် ဦးစီးမှူးဖြစ်ပါက ပို့ဆောင်ရေးဝန်ကြီးဌာန၏ ကင်းလွတ်ခွင့် မရရှိလျှင် တူးမြောင်းအတွင်း ဖြတ်သန်း သွားလာခြင်းအတွက် ဖြတ်သန်းခ ပေးဆောင်ရမည်။

(င) ရေကြောင်းသွားလာခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်။

(စ) တူးမြောင်းအတွင်း ခုတ်မောင်းနေစဉ် မမျှော်လင့်သော ထူးခြားဖြစ်စဉ်ဖြစ်ပေါ်ပါက နီးရာအကောက်စခန်းသို့ သင့်ရာနည်းဖြင့် ချက်ချင်းသတင်းပို့ရမည်။

(ဆ) အခြေအနေတစ်ရပ်ရပ်ကြောင့် အကောက်စခန်းတာဝန်ခံမှ ရေယာဉ်အား ကမ်းထိုးရပ်နားထားရန် သို့မဟုတ် တူးမြောင်းမှ ပြန်လည်ထွက်ခွာသွားရန် သို့မဟုတ် အခြားညွှန်ကြားချက် တစ်စုံတစ်ရာ ထုတ်ပြန်ညွှန်ကြားပါက လိုက်နာဆောင်ရွက်ရမည်။

## အခန်း(၆)
## တားမြစ်ချက်များ

၉။ မည်သူမျှ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ တူးမြောင်းကို တူးဖော် ဖောက်လုပ်ခြင်း သို့မဟုတ် တူးမြောင်း တိုးချဲ့ခြင်း မပြုရ။

၁၀။ မည်သူမျှ တူးမြောင်းနယ်အတွင်း -

(က) ရေလမ်းထိန်း အဆောက်အအုံ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း မပြုရ။

(ခ) သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေမည့် စက်သုံးဆီ၊ ဓာတုပစ္စည်း၊ အဆိပ်သင့်ပစ္စည်းနှင့် အခြားပစ္စည်းများ စွန့်ပစ်ခြင်း သို့မဟုတ် ပေါက်ကွဲစေတတ်သော ပစ္စည်းများ အသုံးပြုခြင်း၊ စွန့်ပစ်ခြင်း မပြုရ။

(ဂ) မြေပေါ် မြေအောက်ရှိ ရေသယံဇာတများနှင့် တူးမြောင်းအတွင်းသို့ စီးဝင်ရာ ရေအရင်းအမြစ်များကို တမင်ပြုန်းတီးစေခြင်း မပြုရ။

(ဃ) ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ မြေတူးခြင်း၊ မြေဖို့ခြင်း၊ နုန်းဖမ်းခြင်း၊ အင်းပိတ်ခြင်း၊ တမံဖို့ခြင်း၊ တုတ်ရိုက်ခြင်း သို့မဟုတ် လယ်ယာမြေ၊ ဥယျာဉ်ခြံမြေ စိုက်ပျိုးခြင်း မပြုရ။

(င) ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ တူးမြောင်းမှ ရေသွယ်မြောင်း၊ ရေနုတ်မြောင်း တူးဖော်ခြင်း၊ တူးမြောင်းမှရေကို တစ်နည်းနည်းဖြင့် သွယ်ယူအသုံးပြုခြင်း မပြုလုပ်ရ။

(စ) ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ တူးမြောင်း ကမ်းပါးနယ်တွင် လမ်းခင်းကျောက်၊ ကျောက်စရစ်၊ သဲ၊ အုတ်နှင့် အခြားလေးလံသော ပစ္စည်းကိရိယာများကို စုပုံခြင်း သို့မဟုတ် ချထားခြင်း မပြုရ။

(ဆ) ဦးစီးဌာန၏ ထောက်ခံချက်မရှိဘဲ စီးပွားရေးအလို့ငှာ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊ မြစ်ကျောက်ထုတ်ခြင်း၊ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတ ထုတ်ယူခြင်းမပြုစေရ။

(ဇ) ဦးစီးဌာန၏ ထောက်ခံချက်မရှိဘဲ အဆောက်အအုံ ဆောက်လုပ်ခြင်း သို့မဟုတ် စီးပွားရေးအလို့ငှာ ငါး၊ ပုစွန်ကန် တူးဖော်ခြင်း၊ မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ခြင်း မပြုရ။

(ဈ) ကမ်းပါးနယ်တွင် မြို့ပြ ကျေးလက် လူနေမှု ပုံစံနှင့် မသင့်လျော်သည့် ပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်စေသော အိမ်သာများ ဆောက်လုပ်ခြင်း သို့မဟုတ် မိလ္လာအညစ်အကြေး စွန့်ပစ်ခြင်း မပြုရ။

(ည) တူးမြောင်းကမ်းပါးများ တည်ငြိမ်မှုကို အထောက်အကူပြုသော ကမ်းပါးနယ်ရှိ လမုတော၊ ဒီရေတောများကို ဖျက်ဆီး ရှင်းလင်းခြင်းမပြုရ။

၁၁။ မည်သူမျှ တူးမြောင်းအတွင်း -

(က) ရေယာဉ်များ ကျောက်ချရပ်နားခြင်း မပြုရန် တားမြစ်ထားသည့် နေရာတွင် ရေယာဉ်ကို ကျောက်ချရပ်နားခြင်း၊ ရပ်တန့်ခြင်း သို့မဟုတ် ဆိုက်ကပ်ခြင်း မပြုရ။

(ခ) ရေစုန်တွင် တစ်နာရီ ၁၂ မိုင်နှုန်းနှင့် ရေဆန်တွင် တစ်နာရီ ၈ မိုင်နှုန်းထက် ပို၍မောင်းနှင်သွားလာခြင်း မပြုရ။ ထို့ပြင် ကမ်းပြိုလျက်ရှိသည့် နေရာများနှင့် လုပ်ငန်းလိုအပ်ချက်အရ လိုအပ်သော နေရာများတွင် သီးခြားသတ်မှတ်ထားသော မိုင်နှုန်းထက် ကျော်လွန်၍ မောင်းနှင်ခြင်းမပြုရ။

(ဂ) ရေလမ်းထိန်းသိမ်းခြင်း လုပ်ငန်းများအတွက်ဖြစ်စေ၊ ရေကြောင်းဘေးအန္တရာယ်ကင်းရှင်းရေးအတွက်ဖြစ်စေ ရေလမ်းကြောင်းပိတ်ထားသည့် နေ့အချိန် သတိပေးအလံများနှင့် ညအချိန် သတိပေး အချက်ပြမီးများ ပြသထားသည့်အခါ ရေယာဉ်ကို ဖြတ်သန်းမောင်းနှင် သွားလာခြင်း မပြုရ။

(ဃ) တွဲဆွဲရေယာဉ်မှအပ မည်သည့်ရေယာဉ်မျှ ရင်ပေါင်တန်း၍ မောင်းနှင်ခြင်း သို့မဟုတ် ရပ်နားထားခြင်း မပြုရ။

(င) တွဲဆွဲရေယာဉ်ကို သတ်မှတ်ထားသော ဖြက်အကျယ်ထက်ပို၍ဖြစ်စေ၊ တွဲဆွဲရေယာဉ် အပါအဝင် တွဲ ၃ တွဲထက် ပို၍ဖြစ်စေ ခုတ်မောင်းခြင်း၊ ဆိုက်ကပ် ရပ်နားခြင်း မပြုရ။

(စ) အလင်းရောင်မရှိသော ညအချိန်နှင့် ရာသီဥတု ဆိုးရွားပြီး အမြင်အာရုံ မကောင်းသည့် အချိန်များတွင် တွဲဆွဲရေယာဉ်များ ဖြတ်သန်းသွားလာခြင်း မပြုရ။

(ဆ) တွဲဆွဲရေယာဉ်ကို ရေစုန်တွင် တွဲဆွဲယူခြင်း မပြုရ။

(ဇ) သတ်မှတ်ထားသော ရေစူးထက် ပိုသော တွဲဆွဲရေယာဉ်ကိုဖြတ်သန်းမောင်းနှင်သွားလာခြင်း မပြုရ။

(ဈ) တွဲဆွဲရေယာဉ်များ အပါအဝင် မည်သည့်ရေယာဉ်ကိုမဆို တစ်နာရီလျှင် ၃မိုင်နှုန်းထက်မနည်း မောင်းနှင်နိုင်သော စက်စွမ်းအားမရှိဘဲ ဖြတ်သန်းမောင်းနှင်သွားလာခြင်း မပြုရ။

(ည) မည်သည့် သစ်ဖောင် သို့မဟုတ် ဝါးဖောင်ကိုမျှ ဝင်ရောက်ခြင်း၊ မျှောခြင်း သို့မဟုတ် ဖြတ်သန်းခြင်း မပြုရ။

(ဋ) ရေကြောင်းသွားလာမှုကို အနှောင့်အယှက်၊ အတားအဆီး သို့မဟုတ် ဘေးအန္တရာယ် ဖြစ်စေသော ငါးဖမ်းခြင်းနှင့် ငါးဖမ်းတိုင်၊ ငါးဖမ်းပိုက်၊ ဝါးတန်း၊ မျှော သို့မဟုတ် ပစ္စည်းကိရိယာ တစ်စုံတစ်ရာကို ချထားခြင်း၊ စွန့်ပစ်ခြင်း သို့မဟုတ် မျှောထားခြင်း မပြုရ။

(ဌ) ရေကြောင်းသွားလာခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းအရ တပ်ဆင်ထားရမည့် ရေယာဉ်အချက်ပြမီးများ တပ်ဆင်ထားခြင်းမရှိသည့် မည်သည့် ရေယာဉ်မျှ ညအချိန် တူးမြောင်းအတွင်း ဖြတ်သန်း ခုတ်မောင်းခြင်း မပြုရ။

(ဍ) ရေကြောင်းသွားလာခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းအရ တပ်ဆင်ထားရမည့် အသံဖြင့် အချက်ပေးကိရိယာ တပ်ဆင်ထားခြင်း မရှိသည့် မည်သည့်ရေယာဉ်မျှ တူးမြောင်းအတွင်း ဖြတ်သန်းခြင်း မပြုရ။

(ဎ) ရေကြောင်းပြ ရေယာဉ်၏ ကြီးကြပ်ကွပ်ကဲမှု လိုအပ်သည့်သတ်မှတ်ထားသော တန်အလေးချိန်နှင့် အလျား၊ အနံနှင့် ရေစူးထက်ပိုသော ရေယာဉ် သို့မဟုတ် နိုင်ငံခြားသင်္ဘောနှင့် ဘေးအန္တရာယ်ဖြစ်စေသည့် ပစ္စည်းများ တင်ဆောင်ထားသော ရေယာဉ်အား ရေကြောင်းပြ ရေယာဉ်၏ ကြီးကြပ်ကွပ်ကဲမှု မပါဘဲ ဖြတ်သန်းမောင်းနှင် သွားလာခြင်း မပြုရ။

၁၂။ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်များပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

## အခန်း (၇)
## ပြစ်ဒဏ်များ

၁၃။ မည်သူမဆို ပုဒ်မ ၉ ပါ တားမြစ်ချက်ကိုဖောက်ဖျက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက် မရှိဘဲ တူးမြောင်းကို တူးဖော်ဖောက်လုပ်ခြင်း သို့မဟုတ် တူးမြောင်းတိုးချဲ့ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၄။ မည်သူမဆို ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) မှ (ဈ) ထိပါ တားမြစ်ချက် တစ်ရပ်ရပ်ကိုဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၂ နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၅ သိန်းမှ အများဆုံး ကျပ်သိန်း ၃၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၅။ မည်သူမဆို ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ည)၊ (ဋ) နှင့်ပုဒ်မ ၁၂ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၅သောင်းမှအများဆုံး ကျပ် ၃ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၆။ မည်သူမဆို ပုဒ်မ ၁၁ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကိုဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁ နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်၁ သိန်းမှ အများဆုံး ကျပ် ၅သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၇။ (က) မည်သူမဆို မိမိ၏ပြုလုပ်မှုကြောင့် တူးမြောင်းနှင့် တူးမြောင်းအတွင်း တည်ဆောက်ထားသော ရေလမ်းထိန်း အဆောက်အအုံတို့ကို ထိခိုက်ပျက်စီး ဆုံးရှုံးမှု တစ်စုံတစ်ရာ ပေါ်ပေါက်ပါက ယင်းထိခိုက်ပျက်စီးဆုံးရှုံးမှုအတွက် နစ်နာကြေး သို့မဟုတ် လျော်ကြေးကို ဝန်ကြီးဌာနသို့ ပေးလျော်ရန် တာဝန်ရှိသည်။

(ခ) ဝန်ကြီးဌာနသည် တစ်ဦးတစ်ယောက်ကြောင့် တူးမြောင်းနှင့် တူးမြောင်းအတွင်း တည်ဆောက်ထားသော ရေလမ်းထိန်း အဆောက်အအုံတို့ကို ထိခိုက်ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာ ပေါ်ပေါက်ပါက ယင်းထိခိုက်ပျက်စီး ဆုံးရှုံးမှုအတွက် နစ်နာကြေး သို့မဟုတ် လျော်ကြေးကို သက်ဆိုင်ရာဌာနမှ သတ်မှတ်ဈေးနှုန်းအတိုင်း တွက်ချက်သည့် တန်ဖိုးကို ကျူးလွန်သူထံမှ သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆို တောင်းခံနိုင်သည်။

## အခန်း (၈)
## အထွေထွေ

၁၈။ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် လုပ်ငန်းလိုအပ်ချက်အရ တူးမြောင်းနယ်အတွင်း အောက်ပါလုပ်ငန်းတစ်ခုခု ပြုလုပ်လိုပါက တူးမြောင်းနယ်မြေကို မထိခိုက်စေရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ကိုရယူပြီးမှသာဆောင်ရွက်ရမည် -

(က) ရေနုတ်မြောင်းဖောက်လုပ်ခြင်း၊ တူးမြောင်းရေထုတ်နုတ် သုံးစွဲခြင်း၊ တူးမြောင်းကူးတံတားကြီးများ တည်ဆောက်ခြင်း၊ မြေအောက်နှင့် ရေအောက် ပိုက်လိုင်းဆက်သွယ်ခြင်း၊ လျှပ်စစ်ဓာတ်အားလိုင်းဆက်သွယ်ခြင်း၊ ကြေးနန်းလိုင်းဆက်သွယ်ခြင်း၊

(ခ) ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ခြင်း၊ ရေလမ်းကြောင်းများပြုပြင်ထိန်းသိမ်းခြင်း၊ ရေအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၁၉။ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရဌာန အဖွဲ့အစည်းတို့သည် ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဆ) နှင့် (ဇ) ပါလုပ်ငန်း ကိစ္စများနှင့် စပ်လျဉ်း၍ တူးမြောင်းနှင့်ရေလမ်းကြောင်းများ မထိခိုက်စေရေးအတွက် ဦးစီးဌာန၏ ထောက်ခံချက်ရရှိမှသာ မိမိတို့၏ လုပ်ပိုင်ခွင့်အရ ခွင့်ပြုနိုင်သော ကိစ္စများကို ခွင့်ပြုရမည်။

၂၀။ ဦးစီးဌာနသည် ဤဥပဒေအရ ရရန်ရှိသော ဖြတ်သန်းခ၊ ကုန်ကျစရိတ်၊ လျော်ကြေးနှင့် အခြားအခကြေးငွေများကို ပေးဆောင်ရန် ပျက်ကွက်သူအပေါ် ဝင်ငွေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရ ကောက်ခံခွင့်ရှိသည်။

၂၁။ တူးမြောင်းအတွင်း ဦးစီးဌာနက စီစဉ်ထားရှိသော ရေကြောင်းပြ ရေယာဉ်၏ကြီးကြပ်မှုဖြင့်သာ ဖြတ်သန်းသွားလာရမည့် ရေယာဉ်များသည် ဦးစီးဌာနသို့ ပေးဆောင်ရမည့် ရေကြောင်းပြသမှု ဝန်ဆောင်ခကို ပေးသွင်းရမည်။ ဝန်ဆောင်ခသတ်မှတ်ချက်သည် ဤဥပဒေအာဏာတည်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၂၂။ ဤဥပဒေနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေဖြင့်သာအရေးယူဆောင်ရွက်ရမည်။

၂၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရာတွင် -

(က) ပို့ဆောင်ရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပို့ဆောင်ရေးဝန်ကြီးဌာနသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

ဆောင်းပါး

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာ ဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး

## နိဒါန်း

ဒီမိုကရေစီနဲ့ ပတ်သက်လို့ အမြင်နှစ်မျိုး ရှိပါတယ်။ တစ်ခုက အထက်က အောက်၊ ဒါမှမဟုတ် ဝါစဉ်အဆင့်လိုက် အမြင်၊ တစ်နည်းပြောရရင် အုပ်ချုပ်သူတို့ရဲ့ အမြင်ဖြစ်ပြီး နောက်တစ်ခုက သာတူညီမျှ အမြင်၊ လူထုအမြင်ဖြစ်ပါတယ်။

သာတူညီမျှအမြင်နဲ့ အုပ်ချုပ်သူတို့ရဲ့ အမြင်မှာ လူ့ဘောင်ရယ်၊ လူသားတွေရယ်၊ ဒီမိုကရေစီရယ်တို့ရဲ့ သဘာဝက အလွန်ကွာခြားလှပါတယ်။ အာဏာရှိနေသူတို့ကတော့ နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ အာဏာကို အနည်းဆုံးဖြစ်စေတဲ့ ကိုယ်စားပြု ဒီမိုကရေစီကို ပိုသဘောကျကြပါတယ်။ လူအများစုကတော့စစ်မှန်သော ဒီမိုကရေစီရဲ့ သာတူညီမျှ ပုံစံကို ပိုလိုလားကြစမြဲလည်း ဖြစ်ပါတယ်။

(၁) ဒီမိုကရေစီဆိုတဲ့ သဘောတရားအပေါ်မှာကို အုပ်ချုပ်သူတို့ရဲ့ အထက်-အောက် (ဗဟိုက အောက်ခြေ)အမြင်နဲ့ လူထုရဲ့ သာတူညီမျှအမြင်တို့ကြားမှာ ကွာခြားပါတယ်။

အုပ်ချုပ်သူတွေအတွက်က ဒီမိုကရေစီဆိုတာ အစိုးရပုံစံတစ်ခု၊ အဖွဲ့အစည်းထုံးဓလေ့တစ်ခုသာဖြစ်ပြီး သူတို့ကိုယ်တိုင် ကျင့်သုံးစရာမလိုတဲ့ အပြင်ပန်း ကိစ္စရပ်တစ်ခုအဖြစ်မြင်ကြတယ်။ သဘောတရားအရ နိုင်ငံတော် ဗဟိုပြုသဘောတရားဖြစ်ပါတယ်။

လူထုရဲ့ သာတူညီမျှအမြင်မှာတော့ ဒီမိုကရေစီဆိုတာ အစိုးရပုံစံတစ်ခုသာမကဘူး၊ နေ့စဉ်ဘဝထဲမှာ အစဉ်တစိုက် ကျင့်သုံးရတဲ့ အရာဖြစ်တယ်။ လူတိုင်းနဲ့ သက်ဆိုင်တယ်၊ ကိုယ်နဲ့မကွာရှိအပ်တဲ့ ကျင့်စဉ်ဖြစ်တယ်။ နိုင်ငံသား ဗဟိုပြုသဘောတရားဖြစ်ပါတယ်။

(၂) အာဏာနဲ့ ပတ်သက်လာတဲ့အခါမှာလည်း အုပ်ချုပ်သူတွေရဲ့ အထက်-အောက်အမြင်မှာ ဒီမိုကရေစီဆိုတာ နိုင်ငံရေးသမားတွေက နိုင်ငံရေး အာဏာကို လက်ဝါးကြီး အုပ်ထားရမယ်လို့ မြင်ကြတယ်။

လူထုရဲ့ သာတူညီမျှ အမြင်မှာတော့ နိုင်ငံရေးသမားတွေနဲ့ နိုင်ငံသားတွေဟာ အာဏာကိုမျှဝေ ကျင့်သုံးကြတယ်လို့ နားလည်ခံယူကြတယ်။

(၃) အထက်-အောက် အမြင်မှာ နိုင်ငံသူနိုင်ငံသားတွေက လွှတ်တော် ကိုယ်စားလှယ်တွေကို ရွေးကောက်တင်မြှောက်လိုက်ကြပြီး အဲဒီ ကိုယ်စားလှယ်တော်တွေက နိုင်ငံသူနိုင်ငံသားတွေကိုယ်စား ဆုံးဖြတ်ပေးကြပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေကသာ နိုင်ငံရေးအရ အရည်အချင်း ရှိတယ်လို့လည်း ယူဆကြတယ်။

သာတူညီမျှ အမြင်မှာတော့ နိုင်ငံသူနိုင်ငံသားတွေက ရွေးကောက်တင်မြှောက်တာသာမက (ဥပဒေ တစ်ရပ်ရပ် အတည်ပြုဖို့အတွက်) မဲပေးတာကိုပါ လုပ်ကိုင်ကြပါတယ်။ လွှတ်တော်ရော၊ လူထုကပါ ဥပဒေပြုတာဝန်ကို ယူထားကြတဲ့သဘောပါ။ နိုင်ငံသူ နိုင်ငံသားအားလုံးဟာ နိုင်ငံရေးအရ အရည်အချင်းရှိတယ်လို့ ယူဆကြတဲ့ အမြင်ပေါ့။

(၄) အထက်-အောက် အမြင်မှာ လူတွေအတွက် သူတို့က ဦးဆောင် လုပ်ကိုင်နေကြတာ။ ဆုံးဖြတ်ချက် ချမှတ်သူတွေအတွက် အကောင်းဆုံးဖြစ်နေစေမယ့် အဖြေတွေကို ရှာဖို့က အဓိက ရည်ရွယ်ချက်ဖြစ်ပါတယ်။ အထက်က အောက်ကို ထိန်းချုပ်ကွပ်ကဲသွားတယ်။ လူထုက လိုက်နာရမယ်။ သည်သဘော။

သာတူညီမျှ အမြင်ကတော့ အတူလုပ်ဆောင်ကြဖို့ပဲ ဖြစ်ပါတယ်။ သက်ဆိုင်သူ အားလုံးအတွက် အကောင်းဆုံး ဖြစ်နေစေမယ့် အဖြေတွေ၊ ပဋိပက္ခမပေါ်ပေါက်ရေးအတွက် ထိန်းချုပ်မှုတွေကို ရှာဖွေဖို့က အဓိကရည်ရွယ်ချက်ပါ။




မိမိတို့ သဘောဆန္ဒအလျောက် လုပ်ချင် ကိုင်ချင်စိတ်တွေ နိုးကြားသလောက် ပါဝင်ဆောင်ရွက်ကြစမြဲလည်း ဖြစ်ပါတယ်။ လူထုဟာ သဘောထားတွေ အမျိုးမျိုးနဲ့ ကွဲလွဲနေနိုင်တယ်ဆိုတာကို နားလည်လက်ခံထားတယ်။

ဒီမိုကရေစီဟာ အစိုးရပုံစံတစ်ရပ်ဖြစ်မယ်ဆိုရင်-

ဒီမိုကရေစီဆိုတာ အစိုးရ ပုံစံတစ်ရပ်ဆိုတဲ့ အနက်ဖွင့်ဆိုချက်ဟာ အုပ်ချုပ်သူတွေရဲ့ ရှုထောင့်က မြင်ထားတဲ့ ဒီမိုကရေစီကို အထက်-အောက်သဘောချဉ်းကပ်ပုံ နည်းလမ်းနဲ့ ဆက်စပ်နေပါတယ်။

သည်အမြင်မှာ သာမန်လူထုလို့ ခေါ်တဲ့ နိုင်ငံသူ နိုင်ငံသားတွေဟာ နိုင်ငံရေးအရ အရည်ချင်းမရှိဘူးလို့ ယူဆကြတယ်။ ဒါ့အပြင် လတ်တလောအခြေအနေတွေအရ တိုက်ရိုက်ဒီမိုကရေစီနည်းဟာဖြင့်ရင် မဖြစ်နိုင်ရုံသာ မကဘူး၊ ဆင်ခြင်တုံတရား နည်းရာပါ ရောက်တယ်လို့ စောဒက တက်ကြပါတယ်။

အဲတော့ကာ အများစု ကောင်းစားရေးအတွက်ဆိုတဲ့ အချက်က လမ်းညွှန်ပေးနေတဲ့ အကြောင်းပြချက်ပေါင်းစုံနဲ့ နိုင်ငံရေး ဆုံးဖြတ်ချက်တွေ ချမှတ်ဖို့လိုအပ်တဲ့ အစွမ်းအစရှိသူ ရွေးကောက်တင်မြှောက်ခံ အထက်လွှာရဲ့ အုပ်ချုပ်မှုအတွက်သာ ဒီမိုကရေစီ ရှိနေရတော့မှာပေါ့။ လူထုရဲ့ပါဝင်ဆောင်ရွက်မှုဆိုတာကတော့ အဲဒီလွှတ်တော်ကိုယ်စားလှယ်တွေကို ရွေးတဲ့ အချိန်လေး တစ်ချိန်အတွက်သာ အရေးကြီးပါတယ်။ နိုင်ငံသူ နိုင်ငံသားတွေဟာ ဆုံးဖြတ်ချက်ချမှတ်ရာ၊ အုပ်ချုပ်စီမံရာမှာတော့ တိုက်ရိုက်ပါဝင်ခွင့် မရှိပါဘူး။

အဲသလို ရေပေါ်ဆီဆန်လှတဲ့ အထက်-အောက် နည်းလမ်းဟာ ဒုတိယကမ္ဘာစစ်အပြီးမှာ အတော်တွင်ကျယ်ခဲ့ပြီး တော်တော်လည်း ဟုတ်သယောင်ထင်ခဲ့ကြပါတယ်။ လက်တွေ့ကျတယ်လို့ မှတ်ခဲ့ကြတာကိုး။ တကယ်လည်း လက်တွေ့ကျ (အမှန်တော့ မကျပါဘူး)၊ တကယ်လည်း ဒီမိုကရေစီနည်းကျတဲ့ စံနမူနာသာ ဖြစ်ခဲ့ရိုးမှန်ရင် တိုက်ရိုက် ဒီမိုကရေစီဆိုတာလည်း ပေါ်ကို လာမှာမဟုတ်ဘူး။

အဲဒီအတွက် ဒီမိုကရေစီကို နောက်တစ်မျိုး မြင်ကြည့်ဖို့ လိုလာပါတယ်။ သာတူညီမျှအမြင်နဲ့ မြင်ဖို့လိုလာပါတယ်။

### ဒီမိုကရေစီဟာ ဘဝထဲက ကိစ္စ

ဒီမိုကရေစီဟာ ဘဝထဲက ကိစ္စလို့ မြင်တဲ့အမြင်ဟာ သာတူညီမျှ အမြင်ပါပဲ။ အခုထက်ထိ အားကောင်းမောင်းသန် ရှိနေဆဲ ဝါစဉ်အဆင့်လိုက်ပုံစံကိုမှ အမှန်မှတ်နေတဲ့ ရေပေါ်ဆီဆန်ဆန် ဒီမိုကရေစီ သဘောတရားထက်သည် အမြင်က ပိုပြီး လူသားတွေ၊ နိုင်ငံတော်တွေ၊ လူ့ဘောင်တွေရဲ့ သဘာဝနဲ့ပိုပြီး သဟဇာတမျှပါတယ်။

သည်အမြင်မှာ ဒီမိုကရေစီဟာ အစိုးရပုံစံတစ်ခုထက်၊ နိုင်ငံရေးစံနမူနာတစ်ခုထက် အများကြီးပိုပါတယ်။ အဖွဲ့အစည်း ထုံးဓလေ့ပိုင်း နိုင်ငံရေးကို ကျော်လွှားသွားတယ်။ လူတစ်ဦးချင်းစီနဲ့ ဆိုင်တယ်။ လူတွေရဲ့ ကိုယ်တွင်းမှာ ကိန်းနေတဲ့ ကျင့်စဉ်ဖြစ်တယ်။ လူတွေရဲ့ နေ့စဉ်ဘဝထဲမှာ အခြေခံနေတယ်။ အဲဒီအတွက်ကြောင့် လူတွေဟာ ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက်ချမှတ်ရာမှာ ပါဝင်ဆောင်ရွက်ချင်လာကြတယ်၊ အဲသလို ပါဝင်ဆောင်ရွက်နိုင်ဖို့ လိုအပ်တဲ့ အရည်အချင်း၊ အစွမ်းအစ၊ ကျွမ်းကျင် တတ်ပွန်မှုတွေကိုလည်း သင်ယူဆည်းပူးချင်လာကြပါတယ်။

ဒီမိုကရေစီရဲ့ အခြေခံအုတ်မြစ်ဟာ ကိုယ်နဲ့ တန်းတူ နိုင်ငံသူ နိုင်ငံသားတွေအပေါ်မှာ ယုံကြည်ကိုးစားပါတယ်။ နိုင်ငံသူ နိုင်ငံသားတွေမှာ အခွင့်အရေးသာရမယ်ဆိုရင် အများအကျိုးအတွက် နိုင်ငံရေးဆုံးဖြတ်ချက် ကောင်းကောင်းတွေကို ဘယ်ပုံဘယ်နည်း ချမှတ်ရမယ်ဆိုတာကို သိရှိတတ်ပွန်လာအောင်လုပ်ယူနိုင်စွမ်းရှိတယ်လို့ ယုံကြည်ပါတယ်။ သည်အချက်က အင်မတန် အရေးကြီးပါတယ်။

သည်လို ယုံကြည်ကိုးစားမှုမျိုး ရှိနေတာဟာ တုံးတာလည်း မဟုတ်၊ လက်တွေ့မကျတာလည်း မဟုတ်ပါဘူး။ လူအများ ရှေ့မှောက်မှာ အချေအတင်ဆွေးနွေးငြင်းခုံကြတာတွေ၊ ဆုံးဖြတ်ချက်ချတာတွေလို ဒီမိုကရေစီနည်းကျတဲ့ အလုပ်တွေကို လုပ်ဆောင်သွားခြင်းက အများစုထက်မြက်လာအောင် ဖန်တီးပေးရာ ရောက်ပါတယ်။

### ပြောင်းလဲနေတဲ့ ကမ္ဘာ

အများစု ထက်မြက်မှု၊ စိတ်ကူးစိတ်သန်းအသစ်တွေ လူအများမှာ ရှိလာမှ ကနေ့ခေတ် ရှုပ်ထွေးလှတဲ့ ကမ္ဘာကြီးရဲ့ သက်ရောက်မှုပေါင်းစုံ၊ ပြဿနာပေါင်းစုံကို ဝိုင်းဝန်းအဖြေရှာနိုင်ကြမှာပါ။ သည်သက်ရောက်မှုတွေ၊ ပြဿနာတွေဆိုတာကလည်း နည်းလမ်းပေါင်း အနန္တနဲ့ အပြန်အလှန် ချိတ်ဆက်နေ၊ အမှီသဟဲပြုနေတဲ့ လူသားတို့ရဲ့ လုပ်ရပ်တွေကြောင့်သာ ပေါ်ထွန်းနေတာလည်းဖြစ်ပါတယ်။ အဲဒီ လုပ်ရပ်တွေဆိုတာကလည်း ရပ်ရွာလေးထဲမှာသာ ဖြစ်နိုင်သလို တစ်နိုင်ငံလုံး၊ တစ်ဒေသလုံး၊ တစ်ကမ္ဘာလုံးအထိလည်း ချိတ်ဆက်နေတာတွေ၊ အပြန်အလှန် အမှီသဟဲပြုနေရတာတွေ ဖြစ်ပါတယ်။

ကနေ့ခေတ်မှာ ဘယ်အစိုးရ၊ ဘယ်အုပ်ချုပ်ရေး၊ ဘယ်လုပ်ငန်းကမှ အဲဒီသက်ရောက်မှုတွေ၊ ပြဿနာတွေကို မိမိတို့ ဘာသာ ကိုင်တွယ်ဖြေရှင်းနိုင်လောက်အောင် အားမကောင်းနေတော့ပါဘူး။ ကိုင်တွယ်ဖြေရှင်းတတ်တဲ့ အသိပညာ အပေါင်းနဲ့လည်း ပြည့်စုံကုံလုံ မနေတော့ပါဘူး။

နက်နဲရှုပ်ထွေးတဲ့၊ ကောက်ကွေ့တဲ့ လူမှုရေး ပြဿနာတွေကို ဖြေရှင်းနိုင်မယ့် မဟာဗျူဟာတွေကို သဘောတရား အယူအဆတွေအပေါ် အခြေခံလို့ မရတော့ပါဘူး၊ အကြောင်းအချက်မှန်တွေကို သိရှိထားမှုအပေါ်မှာ အခြေခံကြရမှာ ဖြစ်ပါတယ်။

မျှတတဲ့ ဖြေရှင်းမှုတွေသာ တာရှည်ခံမှာပါ။ ပြဿနာအတွက် အဖြေရဲ့ သဘာဝကို အဲဒီအဖြေကို ဘာကြောင့် ထုတ်ရတာပါလို့ ရှင်းလိုက်ပုံနဲ့ ပေါ်လွင်စေပါတယ်။

အာဏာရှင်ဆန်တဲ့ မဟာဗျူဟာတွေဟာ အားနည်းတဲ့ လူမှုရေး အုပ်စုတွေ (အားနည်းတယ်လို့ ဆိုတာဟာ လူနည်းတာနဲ့ မတူပါဘူး)ရဲ့ လိုလားချက်တွေကို ထည့်စဉ်းစားလေ့ မရှိဘူး။ အဲတော့ကာ ဖြေရှင်းချက်တွေက မျှလည်း မမျှတ၊ အတင်းအကျပ်လုပ်ရာလည်း ရောက်ကုန်ပါတယ်။

နိုင်လိုမင်းထက် မဟာဗျူဟာတွေက အသိပညာ ဝေမျှမှုကို အားမပေးတဲ့ အပြင် အားတောင်ပျက်စေပါတယ်။ ဝိုင်းဝန်းရေးဆွဲကြတဲ့ ဒီမိုကရေစီ မဟာဗျူဟာတွေကကျတော့ အကျိုးသက်ရောက်မှုကို ခံစား စံစားနေသူ အားလုံးပါဝင် ပတ်သက်နေဖို့ ရည်မှန်းပါတယ်။ အလုပ်ဖြစ်ဖို့အတွက် တူညီတဲ့ ဘုံနားလည်မှုတော့ လိုတာပေါ့။ အဲသလို နားလည်မှု ရဖို့အတွက် အဓိက ပြဿနာက လူမှုရေး အုပ်စုတွေကြားက ဩဇာကွာဟမှုကြောင့် ပေါ်ပေါက်လာတဲ့ ကွာဟမှုကြီးတွေကို ကျော်လွှားဖို့ပါပဲ။

ဉာဏ်လည်း ပိုထက်၊ လူသားလည်း ပိုဆန်တဲ့ ဆုံးဖြတ်ချက် ချမှတ်မှုကို အခုကာလမှာ အလောသုံးဆယ် လိုအပ်နေတာ သိပ်ကို ရှင်းပါတယ်။ ပြောမယ့်သာ ပြောရတယ် ရေရှည်တည်တံ့တဲ့ ဒီမိုကရေစီနည်းကျ လုပ်ငန်းစဉ်ကိုဖန်တီးယူတယ်ဆိုတာ တော်တော်ခက်ခဲလှသလို အတိမ်းအစောင်းလည်း မခံပါဘူး။

အဲသလို ဖြစ်လာဖို့အတွက် အာဏာကို မျှဝေကျင့်သုံးဖို့ လိုတယ်။ အာဏာချိန်ခွင်လျှာ မညီမမျှ ဖြစ်နေတာကို ပြန်ညှိဖို့လိုတယ်။ လက်ရှိအနေအထားထက် အာဏာကို ပိုပြီး အညီအမျှ ခွဲဝေဖို့ လိုပါတယ်။ လွယ်တာကတော့ တော်တော် မလွယ်တာပါ။ အာဏာရှင်နိုင်ငံတွေမှာသာ မဟုတ်ပါဘူး၊ လူနည်းစုက အာဏာကို ဆုပ်ကိုင်ထားပေမယ့် ကိုယ်စားပြု ဒီမိုကရေစီ စနစ်ကို ကျင့်သုံးနေပါတယ်ဆိုတဲ့ နိုင်ငံတွေအတွက်ပါ ဒါက အခက်ဆုံးပါ။ (ရှင်းလင်းချက် - လူနည်းစုက အာဏာကို ဆုပ်ကိုင်ထားပေမယ့် ကိုယ်စားပြုဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့နိုင်ငံအဖြစ် အထင်ရှားဆုံးနမူနာက လွတ်လပ်ရေးရပြီး စကနေ ရာစုသုံးလေးစုလောက် ကွန်ဂရက်ပါတီကသာ အာဏာကို ဆုပ်ကိုင်ထားခဲ့တဲ့ အိမ်နီးချင်း အိန္ဒိယလို နိုင်ငံမျိုးကို ဆိုလိုတာပါ။)

နိုင်ငံတစ်နိုင်ငံတည်း မဟုတ်တော့ဘဲ တခြားနိုင်ငံတွေနဲ့ပါ ကူးလူးဆက်ဆံကြ၊ တစ်ကမ္ဘာလုံးအဆင့်မှာပါ လုပ်ကိုင် ဆောင်ရွက်နေကြရတဲ့ ဒီမိုကရေစီနည်းကျ လုပ်ငန်းစဉ်တွေကို တည်ဆောက်တဲ့အခါမှာ သည်လို ချိန်ခွင်လျှာ ညှိတဲ့ အလုပ်ကို ဖိဖိစီးစီး လုပ်ကြရတာမို့ အတော့်ကို အားထုတ်ကြရတော့မှာပါ။ ဒါပေမယ့် ဒါဟာ ကနေ့ လူသားမျိုးနွယ်စု ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုလည်း ဖြစ်ပါတယ်။

ဆက်လက်ဖော်ပြပါမည်။

ကနေ့ခေတ် ရှုပ်ထွေးလှတဲ့ ကမ္ဘာကြီးရဲ့ သက်ရောက်မှုပေါင်းစုံ၊ ပြဿနာပေါင်းစုံ ကို ဝိုင်းဝန်းအဖြေရှာနိုင်ကြမှာပါ။ သည်သက်ရောက်မှုတွေ၊ ပြဿနာတွေ ဆိုတာကလည်း နည်းလမ်းပေါင်းအနန္တနဲ့ အပြန်အလှန် ချိတ်ဆက်နေ၊ အမှီသဟဲပြုနေတဲ့ လူသားတို့ရဲ့ လုပ်ရပ်တွေကြောင့်သာ ပေါ်ထွန်းနေတာလည်းဖြစ်ပါတယ်။ အဲဒီ လုပ်ရပ်တွေဆိုတာကလည်း ရပ်ရွာလေးထဲမှာသာ ဖြစ်နိုင်သလို တစ်နိုင်ငံလုံး၊ တစ်ဒေသလုံး၊ တစ်ကမ္ဘာလုံး အထိလည်း ချိတ်ဆက်နေတာတွေ၊ အပြန်အလှန် အမှီသဟဲပြုနေရတာတွေ ဖြစ်ပါတယ်

**အခန်းဆက်ဝတ္ထုရှည်**



# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

ပြန်လာရသည်တိုင်အောင် မမနွယ်အတွက် သူတို့ထံလာရမည်မှာ လွယ်တော့မည်မဟုတ်။

နေကောင်း၍ အကြော်ဆိုင်ပြန်ထွက်နိုင်သော တစ်နေ့ခင်းတွင် ဘေးမဲ့ချောင်းဘေးအကြော်ဖို၌ ထင်းချောင်းများဖြတ်ရင်း သက်ခိုင်သည် အထက်ပါအတိုင်းတွေးနေမိသည်။

သက်သက်ကမူ အကြော် စကြော်နေ၏။

အမှတ်တရတမ်းတသော မျက်လုံးများနှင့်သက်ခိုင်သည် ဝါဒဆွန်ဝေးလမ်းဆီသို့လှမ်းကြည့်မိ၏။ လှမ်းကြည့်မိသည်၏ တစ်ခဏတွင် သက်ခိုင်သည် အံ့အားသင့်လွန်း၍ မျက်လုံးလေးများပြူးကာ ပါးစပ်ကလေး ဟသွားသည်။

ဝါဒဆွန်ဝေးလမ်းအတိုင်း အော်စတင်ကားနက်ကလေးသည် မောင်းလာနေ၏။ ကားနောက်ပိုင်းပြတင်းပေါက်၌ မလေးနွယ်၏ မျက်နှာကလေးကိုလည်း အဝေးမှလှမ်းမြင်နေရသည်။

သက်ခိုင်သည်ဝမ်းသာအားရ အော်၏။

"မေမေရေ. . . ဟိုမှာလာနေပြီ၊ မမနွယ်ရယ်. . . လာနေပြီ"

ဝမ်းသာအားရအော်ပြီးမှ သက်ခိုင်သည် သံသယဒွိဟစိတ်ဝင်ကာ အားငယ်သွားမိပြန်၏။

မမနွယ်သည် ခါတိုင်းကဲ့သို့ မိမိတို့ထံလာသည်လော၊ ဤလမ်းမှ ခရီးကြုံ၍ ဖြတ်သွားရုံ ဖြတ်သွားသည်လော။

သို့ရာတွင် ကားသည် ဆိုက်နေကျ နေရာ၌ ဆိုက်လိုက်၏။

ကားရှေ့ခန်း မောင်းသူနေရာတွင် ကိုချစ်တိုးပင်ရှိနေသည်။ နောက်ခန်းမှ ပထမဆုံးဆင်းလာသူမှာ မလေးနွယ်ပင်ဖြစ်သည်။ သို့ရာတွင်မလေးနွယ်၏နောက်မှ ကပ်လိုက်ဆင်းလာသူကို မြင်မိချိန်တွင် သက်ခိုင်မှာ ပိုမို အံ့သြသွားရ၏။

သက်သက်ကလည်း သက်ခိုင်နည်းတူ ကားဆီလှမ်းကြည့်နေခဲ့သည်။ မလေးနွယ်၏နောက်မှ ပါလာသူကို မြင်သည်နှင့်တစ်ပြိုင်နက် ခေတ္တသော် သက်သက်သည်ကြောင်ကြည့်နေ၏။ ထိုနောက်ချာခနဲမျက်နှာလွှဲလိုက်ကာ အကြော်ကိုသာ ဆက်ကြော်နေ၏။

မလေးနွယ်၏ နောက်မှ ကပ်လိုက်ပါလာသူကား မလေးနွယ်၏ ဖခင်ဦးထင်ကျော် ဖြစ်သတည်း။

"မောင်လေးရေ. . သက်ခိုင်ရေ. . မမနွယ်ပြန်လာပြီ"

မလေးနွယ်သည် ရွှင်မြူးစွာအော်ရင်းရှေ့မှ ပြေးလာနှင့်သည်။

ပထမသော် ချီတုံချတုံဖြစ်နေပြီးမှ သက်ခိုင်သည်လည်း ဝမ်းသာအားရထပြေးကာ မလေးနွယ်ကို လမ်းခုလတ်၌ဆုံ၏။

တစ်ဦးလက်တစ်ဦး ဆုပ်ကိုင်မိကြပြီးချိန်၌ သက်ခိုင်က မေးသည်။

"မမနွယ်ဘာလို့ပြန်လာတာလဲ၊ မမနွယ်တို့ ကျောင်းကလည်းသပိတ်မှောက်လို့လား. . ဟုတ်လား"

"ဟင့်အင်း. . ခရစ်စမတ်ကျောင်းပိတ်လို့၊ မောင်လေးမြင်လား. . ဖေဖေပါလာတယ်"

"ဦးကြီးက ဘာလုပ်လိုက်တာလဲ"

"ဖေဖေက ဒေါ်လေးသက်သက်နဲ့မောင့်ကိုလာခေါ်တာ"

"မေမေနဲ့မောင့်ကို လာခေါ်တာ၊ တကယ်. . "

"တကယ်ပါ. . မကွေးကို လိုက်ခဲ့ဖို့လာခေါ်တာ"

သက်ခိုင်အံ့အားသင့်နေခိုက် ဦးထင်ကျော်သည် အနီးသို့ရောက်လာ၏။

ဦးထင်ကျော်သည် သက်ခိုင်ကို ပြုံး၍ နှုတ်ဆက်ပြီးနောက် သက်သက်ကို လှမ်းကြည့်သည်။ သက်သက်ကမူ လုံးဝလှည့်မကြည့်။ အကြော်ကြော်နေသော လက်တစ်ဖက်မှတစ်ပါး ကျန်တစ်ကိုယ်လုံးသည် ကျောက်ရုပ်ပမာ ငြိမ်သက်နေ၏။

ဦးထင်ကျော်သည် သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး သက်သက်၏ရှေ့တွင် မားမားကြီးသွားရပ်၍ ညင်သာ နူးညံ့စွာ ခေါ်၏။

"သက်သက်. . "

သက်သက်သည် ခေါင်းမော့ပြီး ပြန်မကြည့်မိစေရန် အားထုတ်သည်။

သို့ရာတွင်ဦးထင်ကျော်၏ ခေါ်သံ၌ ကရုဏာအပြည့်ပါသည်။ ယခင်ကမူကိုကိုကြီး၏ ကရုဏာ ပြည့်သော ခေါ်သံကို သက်သက်အစဉ်ကြားရမြဲဖြစ်သည်။ ထိုစဉ်အခါများက နှမအငယ်ဆုံးတစ်ဦးအဖြစ် ကိုကိုကြီး၏ ချစ်ခြင်းမေတ္တာနှင့် ယုယကြင်နာမှုကို သက်သက်အမြဲရရှိခဲ့သည်။

အမှန်မှာလည်း မိသားစု အားလုံးအနက် ဖေဖေမှလွဲလျှင် ကိုကိုကြီးကို သက်သက်အချစ်ဆုံးဖြစ်၏။

သက်သက်သည် မျက်ရည်မဝဲမိအောင် ကြိုးစားရင်း ဖြည်းညင်းစွာ မော့ကြည့်လျက် တုံ့ပြန်နှုတ်ဆက်သည်။

"သြော်. . ကိုကိုကြီးပါလား၊ သက်သက်တို့ဆိုင်ကို ဘာဖြစ်လို့ လာတာလဲ"

သက်သက်၏အသံမှာ မမာသော်လည်း စကား၌ စိတ်နာမှုရိပ်ရိပ်ပါနေ၏။

ဦးထင်ကျော်မူကား မယုံကြည်နိုင်ဖွယ် နွမ်းပါး၍ ညှိုးချုံးနေသောနှမငယ်ကို စိုက်ကြည့်ရင်းမျက်ရည်ဝဲမိသည်။ ရင်မှာနာ၍ စကားသံမှာတုန်နေ၏။

"မိသက်. . ဒီအချိန်မှာ စကားနာလည်း မထိုးနဲ့၊ စိတ်နာစကားတွေလည်းမပြောနဲ့၊ အရေးကြီးတဲ့ကိစ္စရှိလို့ကိုကြီးကိုယ်တိုင်လာခဲ့တယ်"

သက်သက်က မျက်လွှာချထားလိုက်သည်။ အချိန်မီပင် လျှံတက်လာသောမျက်ရည်များက မြေပြင်သို့ကျ သွားသည်။

ဦးထင်ကျော်ကသာ ဆက်လက်ပြောဆိုသည်။

" ကိုကိုကြီး အခုသက်သက်နဲ့မောင်သက်ခိုင်ကို မကွေးကို လိုက်ခဲ့ဖို့လာခေါ်တာ"

ဦးထင်ကျော်က ဤမျှသာ ဆိုလိုက်ပြီး သက်သက်ကို အကဲခတ်ကြည့်သည်။

သက်သက်ကမလှုပ်။ ခေါင်းလည်းမဖော်။ ဒယ်အိုးအတွင်းမှ ဆီပွက်သံများသာပေါ်ထွက်နေ၏။

အတန်ကြာမှ ခေါင်းငုံ့လျက်နှင့်ပင် သက်သက်က တိုးတိုးဖြေသည်။

"သက်သက်တို့ ဒုက္ခရောက်နေချိန်မှာ ကိုကိုကြီးက အခုလို ဂရုတစိုက်လာခေါ်ဖော်ရလို့ ကိုကိုကြီးကို သက်သက်ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် သက်သက်နဲ့ သပိတ်မှောက်ကျောင်းသားခေါင်းဆောင် သားမယားအားလုံးအတွက်တော့ လင်ထောင်ကျတာဟာ မဆန်းပါဘူး ကိုကိုကြီး၊ သူတို့ဟာ သူတို့ယုံကြည်ချက်နဲ့ထောင်မကလို့ကြိုးစင်ပဲ တက်ရ တက်ရ ရှေ့ဆက်သွားမယ့်လူတွေပါ၊ သက်သက်တို့ကလည်း သက်သက်တို့ဘာသာ နောက်ပိုင်းကနေ သက်သက်တို့တာဝန်ကို ထမ်းဆောင်နေပါမယ်၊ သက်သက်တို့ ထောင်ထဲလိုက်ကြည့်ဖို့မလိုပါဘူး၊ သူတို့ကလည်း ခွင့်ပြုမှာ မဟုတ်ပါဘူး"

" ဒါပေမယ့် သက်သက်. . ကိုကိုကြီး အခုလိုလာတာ စိုးခိုင်နဲ့တွေ့ပြီးမှ လာတာ၊ ဒီမှာ. . သူ့စာရော့"


ဦးထင်ကျော်က လက်လေးလုံးခန့်မျှသာရှိသော စာရွက်ကလေး တစ်ရွက်ကို ထုတ်ပေးသည်။

သက်သက်သည် ဟန်မဆောင်နိုင်ဘဲ စာရွက်ကလေးကို သွက်လက်စွာလှမ်းယူသည်။

စာရွက်ပေါ်မှ လက်ရေးသည်လည်းကောင်း၊ အောက်မှ လက်မှတ်သည်လည်းကောင်း သက်သက် မျက်စိ လုံးဝမှားနိုင်သော ချစ်လင်၏ လက်ရေးနှင့်လက်မှတ်ဖြစ်သည်။

သက်သက်နဲ့ သား. . . ကိုကိုကြီးနဲ့ လိုက်ခဲ့ပါ.

စိုးခိုင်




**သက်ခိုင်တစ်ယောက်သာ အကြော်ဖိုနှင့် ဈေး၊ ဈေးနှင့် အကြော်ဖို၊ လက်ဖက်ရည်ဆိုင်များနှင့်ဘေးမဲ့ရွာ၊ ဘေးမဲ့ရွာနှင့် လက်ဖက်ရည်ဆိုင်များ၊ ဤသည်တို့ကြားတွင် သမုဒ္ဒရာဝမ်းတစ်ထွာအတွက် လှုပ်ရှားသွားလာနေခဲ့ရသည်ကိုသက်သက်ကောင်းကောင်းသတိပြုမိသည်။ သတိပြုမိတိုင်းလည်း စိတ်မချမ်းသာ။ ကိုယ်တို့ဘဝကိုကိုယ်တို့ဖြစ်သလိုရင်ဆိုင်ရဲပေမယ့် ရင်သွေး၏ ရှေ့ရေးအတွက်မူ ပူမိသည်။ ကိုကိုကြီး၏ စကားတွင် ပြည်မှ စိုးမြိုင်ဟုသည်ကို ကြားမိမှ မျှော်လင့်ချက်တစ်ရပ် ဝင်လာ၏။**

စာသည် ဤမျှသာ တိုတိုလေးဖြစ်၏။

သက်သက်သည် ဦးထင်ကျော်ကို မော့ကြည့်ပြီး တစ်လုံးချင်းမေး၏။

"ကိုစိုးက သက်သက်တို့နဲ့ ဘာဖြစ်လို့တွေ့ချင်ရတာလဲ ကိုကိုကြီး"

"ဒါကို ကိုကိုကြီး မသိဘူး၊ သူကလည်းမပြောဘူး၊ သက်သက်ကိုသာ ပြောစရာရှိတယ်နဲ့တူတယ်၊ ကိုကိုကြီးသိတာက မကြာခင် သူတို့အားလုံးကို ခွဲချုပ်ထားတော့မယ်၊ စိုးခိုင်က သာယာဝတီ ထောင်ရောက်လိမ့်မယ်၊ ပြီးတော့ စိုးခိုင်ကြည့်ရတာ ကလေးရဲ့ ပညာရေးအတွက် ပူနေပုံရတယ်၊ ပြည်က သူ့ညီ စိုးမြိုင်ဆီကလည်း ကိုကိုကြီးစာရတယ်"

သက်သက်သည် ငိုင်သွား၏။ သပိတ်ကြီးနှင့် အလုပ်သမားအရေးကိုသာ အာရုံစိုက်ထားမိသဖြင့် သက်ခိုင်၏ ပညာရေးကို သက်သက် အလေးမပြုမိ။ လုံးဝ မစဉ်းစားမိသည်တော့မှုမဟုတ်။ သပိတ်မှောက်ထားခဲ့သည့်ရှည်လျားသောလများအတွင်း အခြားကလေးများကျောင်းတက်လျက်ရှိသည်ကို တွေ့ခဲ့ရသည်။ သက်ခိုင်တစ်ယောက်သာ အကြော်ဖိုနှင့် ဈေး၊ ဈေးနှင့် အကြော်ဖို၊ လက်ဖက်ရည်ဆိုင်များနှင့်ဘေးမဲ့ရွာ၊ ဘေးမဲ့ရွာနှင့် လက်ဖက်ရည်ဆိုင်များ၊ ဤသည်တို့ကြားတွင်သမုဒ္ဒရာဝမ်းတစ်ထွာအတွက် လှုပ်ရှားသွားလာနေခဲ့ရသည်ကို သက်သက်ကောင်းကောင်း သတိပြုမိသည်။ သတိပြုမိတိုင်းလည်းစိတ်မချမ်းသာ။ ကိုယ်တို့ဘဝကို ကိုယ်တို့ဖြစ်သလို ရင်ဆိုင်ရဲပေမယ့် ရင်သွေး၏ ရှေ့ရေးအတွက်မူ ပူမိသည်။ ကိုကိုကြီး၏ စကားတွင် ပြည်မှ စိုးမြိုင်ဟုသည်ကို ကြားမိမှ မျှော်လင့်ချက်တစ်ရပ်ဝင်လာ၏။

သက်သက်သည် စိတ်ဆုံးဖြတ်လိုက်ပြီး တည်ငြိမ်စွာနှင့် သူ့ကိုကိုကြီးကို အဖြေပေး၏။

"ကောင်းပါပြီလေ၊ သန်ဘက်ခါကို သက်သက်တို့ မကွေးကို သွားပါ့မယ်"

သက်သက်က မကွေးကို လိုက်ပါမည်ဟု မဆို။ မကွေးကို သွားပါမည်ဟုသာဆိုသည်။ ဤသို့ခွဲခြားပြောဆိုခြင်းကို ဦးထင်ကျော်ကောင်းကောင်းသိရှိလိုက်၏။

ဦးထင်ကျော်သည် မည်သည့်အဖြေကို ရမည်မှန်းကြိုတင်လျက်နှင့်မေးမိ၏။

" သက်သက်. . မကွေးကို ကိုကိုကြီးတို့နဲ့အတူ မလိုက်ခဲ့ဘူးလား"

သက်သက်က မဖုံးကွယ်နိုင်သော မဲ့ပြုံးပြုံးမိပြီးဖြေသည်။

" မလိုက်နိုင်ပါဘူး ကိုကိုကြီး၊ ကိုကိုကြီးရဲ့စေတနာကို သက်သက်တစ်သက်မမေ့ပါဘူး၊ ကျေးဇူးလည်းတင်လှပါတယ်၊ ဒါပေမယ့် သက်သက်သစ္စာဆိုထားလို့ပါ၊ မကွေးကို သက်သက်လာဖြစ်အောင်လာခဲ့ပါ့မယ်၊ ဟိုကျမှ ကိုကိုကြီးကို သက်သက် လာတွေ့ပါမယ်"

ဦးထင်ကျော်၏ ရင်မှာ မချိမဆံ့ ထိခိုက်သွားသည်။

မိမိတို့အမျိုးသည်မာနကြီး၏။ သက်သက်သည် မိမိတို့အမျိုးဖြစ်၍ မာနကြီးပေမည်။ ဤအတွက်မူ အပြစ်မတင်လိုပါ။ သို့ရာတွင် သက်သက်သည် မိမိတို့အမျိုးတကာအနက် မာနအကြီးဆုံး ဖြစ်နေလေသည်တကား၊ ဤမာနတံခွန်သည် ဘယ်ကလာသနည်း။

တရားသူကြီးမင်း ဦးထင်ကျော် ငိုင်နေခိုက် သက်သက်သည် မျက်နှာကို ပြုံးရွှင်လိုက်ပြီး ဆန်ခါအတွင်းမှ အကြော်တစ်ချပ်ကို ယူပေးသည်။

" သက်သက်ရဲ့ အကြော်တစ်ချပ်ကို စားသွားဦး ကိုကိုကြီး၊ ကိုကိုကြီးတို့ကို သက်သက် အကြော်ကြော်မကျွေးရတာကြာလှပြီ၊ ရော့. . ကိုကိုကြီး"

ဦးထင်ကျော်သည် ခလုတ်နှိပ်ခံရသော စက်ရုပ်ကဲ့သို့ သက်သက်လှမ်းပေးသော အကြော်ကိုယူသည်။ အကြော်ကိုနှမ ဖြစ်သူ စိတ်ချမ်းသာအောင်တစ်ကိုက် ကိုက်စားမိသည်တစ်ခဏ၌ တရားသူကြီးမင်း၏ မျက်လုံးအိမ်မှ မျက်ရည်ပေါက်ကြီး တစ်ပေါက် ကျလာခဲ့၏။

ဦးထင်ကျော်သည် အကြော်ချပ်ကို ဆန်ခါပေါ် ပြန်ချလိုက်သည်။

" ကိုကိုကြီး သွားတော့မယ် မိသက်၊ မကွေးမှာ ကိုကိုကြီးစောင့်နေမယ်"

ဦးထင်ကျော်သည် သက်သက်ထံမှ အဖြေကိုစောင့်မနေတော့ဘဲ ထွက်ခွာလာခဲ့၏။

မော်တော်ကားဘေး၌လည်း သက်ခိုင်တို့မောင်နှမက အလုပ်များနေကြ၏။ ကိုချစ်တိုးက ဘေးမှထိုင်ရယ်နေသည်။

သက်ခိုင်က မလေးနွယ်ကို ကျောင်းသားသပိတ်မှောက်သီချင်းများချပေးနေ၏။ မလေးနွယ်က တော်တော်နှင့်မရ။

" မမနွယ်ကလည်း သိပ်ညံ့တာပဲ၊ ဒါလေးမှ မဆိုတတ်ဘူးလား၊ ပြန်နားထောင်. . . ကျောင်းသားတို့အပေါ် ကောင်းစားဖို့မျှော်. . ကြိုးစားတဲ့ ဗိုလ်အောင်ကျော်. . သတ်ဖို့ခိုင်းတဲ့ငဘမော်၊ ကဲ. . လွယ်လွယ်လေး"

မလေးနွယ်သည်ခေါင်းလေးကုတ်၍စဉ်းစားသည်။ ခဏ၌မူ တစ်စုံတစ်ခုကို သွားအမှတ်ရဟန် ဝမ်းသာအားရဆို၏။

"နေဦး. . မောင်၊ မမနွယ်သတိရပြီ၊ တို့တောရွာအလိုက်ပဲ၊ မမနွယ်ဆိုပြမယ်"

မလေးနွယ်သည်ချိုအေးကြည်လင်သော အသံကလေးနှင့် သီဆိုပြသည်။

"ကျေးငှက်ကသာ၊ သင်းပင်ဖွဲ့ရှာ၊ စိမ်းလဲ့လဲ့ ညိုပြာပြာ၊ လွမ်းဖွယ်ကောင်းတဲ့တို့တောရွာ. . "

သက်ခိုင်က လက်ခုပ်လက်ဝါးတီးကာ အားရပါးရဆိုသည်။

"ဘယ်ဆိုးလို့တုံး မမနွယ်က၊ အဲဒီအလိုက်အတိုင်းပဲ၊ ကျေးငှက်က သာ. . ဆိုတဲ့နေရာမှာ ကျောင်းသားတို့အပေါ် ဆိုတာ ထည့်လိုက်၊"

ဆက်လက်ဖော်ပြပါမည်။

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

# အထူးလှိုက်လှဲဂုဏ်ယူဝမ်းမြောက်ခြင်း

ဖေဖေ Captain သတိုးကျော် (Myanmar Aurora Services Co., Ltd.)၊ မေမေ ဒေါ်မိမိနိုင် (Precious Gems & Jewellery) တို့၏သား **မောင်အာကာကျော် (ဆကရ-၁၁)**နှင့် ဖေဖေဦးသောင်းညွှန့်၊ မေမေ ဒေါ်အာသာဝတီကျော်(Arthawaddy Kyaw English Classes)တို့၏သား **မောင်ဆန်းထွန်းအောင် (ဆရက-၃၅၁)**တို့သည် ၂၀၁၅ ခုနှစ် **တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဘာသာစုံဂုဏ်ထူး** ကိုယ်စီဖြင့် ထူးထူးချွန်ချွန် ဖြေဆိုအောင်မြင်ခဲ့ကြသည့်အတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**ဘဘ ဘဝသစ် ဦးအောင်ကျော်၊ ဘွားဘွား ဒေါ်လီလီကြည်ညွှန့်**
**ဦးကြီး ဦးမင်းခေါင်ကျော်၊ အန်တီ နန့်သင်းသင်းမြင့်**
**ဦးကြီး ဒေါက်တာဇေယျအေး၊ ကြီးကြီး ဒေါက်တာရတနာကျော်**
**ဦးလေး ဦးညိုထွန်းအောင် ၊ တီလေး ဒေါ်ပုဏ္ဏမီကျော် (Ponnami Language Centre)**

## မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်
## ဒုတိယအကြိမ်နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေးအား ဖိတ်ကြားအပ်ပါသည်

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်မှ နှစ်စဉ်ကျင်းပပြုလုပ်သော နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေးကို ဒုတိယအကြိမ်အဖြစ် ကမာရွတ်မြို့နယ်၊ ပြည်လမ်းရှိ Novotel Yangon Max Hotel(Pyay Conference Room) တွင် ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ ၁၀ရက် (စနေနေ့) နံနက် ၉နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အဆိုပါ အဖွဲ့ချုပ်နှစ်ပတ်လည်အစည်းအဝေးတွင် တင်ပြလိုသော အကြံပြုချက်များကို အဖွဲ့ချုပ်ရုံးသို့ ၃၀-၉-၂၀၁၅ရက်နောက်ဆုံးထား၍ ပေးပို့အကြံပြုနိုင်ကြပြီး အခမ်းအနားတက်ရောက်လိုသူ သင်္ဘောသားများသည် ၂-၁၀-၂၀၁၅ရက် နောက်ဆုံးထား၍ အဖွဲ့ချုပ်ရုံးအမှတ်(၅၃)၊ ၃၇-လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၃၇၅၈၂၀၊ ၃၉၂၀၇၆၊ ၃၈၁၅၉၂တို့တွင် ဆက်သွယ်၍ဖိတ်စာများကို ထုတ်ယူနိုင်ကြပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်**

သိုးရာသီ ခရီးသွား
တောင်ကြီး၊ မန္တလေး၊ ပြင်ဦးလွင်
ကျောက်စိမ်းဘုရား တစ်ဦးထမင်းကျွေး-၄၀၀၀ဝိ/-Aug-24
ကားအမျိုးမျိုးစီးလုံးငှားသည်။
အဘထွက်ပွဲ ပုဂံ၊ ပုပ္ပါး၊ ပခုက္က၊
လမ်းဘုရားစုံ တစ်ဦးထမင်းကျွေး-၄၀၀၀ဝိ/-
Sep - 29
420144148, 421153797

## Probox Taxi
**ငှားရန်အလိုရှိသည်။**
(1.3) (7F) တစ်လက်ကိုင် အိမ်ပေး၊ စပေါ်(၃၀၀၀၀ဝိ/-)
Ph:09-250650102

## ရောင်းမည်။
လက်ရှိပြေးဆွဲနေသော အဝေးပြေး
မော်တော်ယာဉ်လိုင်းနှင့် အောင်မင်္ဂလာဂိတ်၊
နယ်ဂိတ်များအားလုံး ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
အကျိုးဆောင်မလိုပါ။
စိတ်ပါဝင်စားသူများသာ ဆက်သွယ်ရန်။
**ဆက်သွယ်ရန် - ၀၉၇၆၅၃၈၇၄၂၂**

## wp0;w n;jzpy;al u mi;

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်လမ်း၊ ရွှေကိန္နရီ Shop House အမှတ်(၁)တွင် နေထိုင်သော အဖ ဦးစိုးမြင့် [၁၂/ဥကတ(နိုင်)၁၃၁၆၃၉]၏ သားဖြစ်သူ ကိုဝေယံစိုး [၁၂/ဥကတ (နိုင်)၁၅၇၂၂၆]နှင့် ကိုရဲထွန်းထိပ်သည် တစ်ဦးတည်းဖြစ်ပါကြောင်း အသိပေးအကြောင်းကြား အပ်ပါသည်။

**ကိုရဲထွန်းထိပ်(ခ)ကိုဝေယံစိုး [၁၂/ဥကတ(နိုင်)၁၇၅၂၂၆]**

## Zr La u sm Aug 24 ထွက်မည်။

➢ရွှေတောင်ပြုံး-မန္တလေး-ပြင်ဦးလွင်-ကျောက်စိမ်းစေတီ (ထမင်းကျွေး ၃၅၀၀ဝိ/)
➢ရွှေတောင်ပြုံး-မန္တလေး-ပြင်ဦးလွင်-ကျောက်စိမ်းစေတီ-စစ်ကိုင်း-မင်းကွန်း (ထမင်းကျွေး ၄၅၀၀ဝိ/) အဘအောင်ပွဲလက်မှတ်ရောင်းပြီ။ Ph-09-5194608,09-73177727, 09-252899887

## ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-6809893
09-6819020

## KTECG KYAW THAR
ENGINEERING & CONSTRUCTION GROUP CO., LTD.

Kyaw Thar Engineering & Construction Group Company Limited. သည် လုပ်ငန်းသစ်များ ထပ်မံတိုးချဲ့ပြီး နိုင်ငံတကာ Project များ ဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါဝန်ထမ်းများအလိုရှိပါသည်။

1. ME (Civil/ Mechanical/ Electrical) ကျား/မ (၁၀) ဦး

စိတ်ပါဝင်စားသူများသည် ကိုယ်ရေးအချက်အလက်အပြည့်အစုံ၊ ဓါတ်ပုံ(၂)ပုံတို့နှင့်တကွ လူကိုယ်တိုင်ဖြစ်စေ၊ Email:ktcg.hr@gmail.com သို့ပေးပို့၍ဖြစ်စေ (၃၁.၈.၂၀၁၅) ရက်နေ့နောက်ဆုံးထား၍ အမြန်ဆုံးလျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - အမှတ်(၁၅/ဘီ)၊ ဦးထွန်းမြတ်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၁ ၈၆၀၄၄၅၅၊ ၀၉ ၉၇၇၂၂၅၀၁၂

## ဝန်ထမ်းအလိုရှိသည်

Minn Tun Trading Co., Ltd တွင်အလုပ်လုပ်ရန် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

၁။ Accountant မ(၂)ဦး
B.Com (or) CPA
၂။ Assistant Accountant မ(၂)ဦး
LCCI Level III, Any Graduate
၃။ Receptionist - Any Graduate ကျား(၁)ဦး
၄။ Marketing - Any Graduate ကျား/မ(၂)ဦး
၅။ Sales Girl မ(၃)ဦး
၆။ Driver ကျား(၁)ဦး
၇။ ဂိုဒေါင်ဝန်ထမ်း ကျား(၃)ဦး

လျှောက်ထားလိုသူများသည် အမျိုးသားမှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း ဆိုင်ရာမိတ္တူ၊ လိုင်စင် ဓါတ်ပုံ(၁)ပုံ၊ သက်ဆိုင်ရာ ရပ်ကွက်-ရဲစခန်းထောက်ခံစာ ယူဆောင်၍ ဤကြော်ငြာပါသည့်နေ့မှစ၍ နှစ်ပတ်အတွင်းလာရောက် လျှောက်ထားနိုင်ပါသည်။

မင်းထွန်းထရေးဒင်း ကုမ္ပဏီလီမိတက်
အမှတ်(၂၂)ကမ်းနားလမ်း၊ River View Garden Housing၊အလုံမြို့နယ်။

**ကြော်ငြာ**

**Y.E.S.** Since 1994
International English Language Centre
B.A.(Hons.)(English), M.A.(ESL)(Hawaii, USA)
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများအောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို ဘွဲ့ရများအတွက်

| Basic Spoken English | | Intermediate English | |
|---|---|---|---|
| Mon to Thurs-5:30-7:00 pm | 3 Aug | Mon to Thurs-1:00-3:00 pm | 10 Aug |
| Sat & Sun - 9:00-12:00 am | 8 Aug | **Grammar Foundation Course** | |
| Mon to Thurs-7:30-9:30 am | 10 Aug | Sat & Sun - 9:00-12:00am | 15 Aug |
| Mon to Thurs-10:00-12:00am | 10,24Aug | Mon to Thurs - 1:00-2:30 pm | 31 Aug |
| Sat & Sun - 12:30-3:30 pm | 15 Aug | Mon to Thurs - 3:30-5:00 pm | 31 Aug |
| MontoThurs 1:00-3:00-5:00pm | 17,24Aug | **Structure & Written Expression** | |
| Mon to Thurs-7:30-9:30 am | 24 Aug | Mon to Thurs-4:00-5:30pm | 3 Aug |
| **Pre-Intermediate English** | | Mon to Thurs-5:30-7:00pm | 10 Aug |
| Mon to Thurs-10:30-12:30 am | 10 Aug | Sat & Sun - 3:30-6:30pm | 15 Aug |
| Sat & Sun - 12:30-3:30 pm | 22 Aug | Mon to Thurs - 1:00-3:00 pm | 24 Aug |
| MontoThurs 1:00-3:00pm | 24 Aug | **Basic Writing Course** | |
| Mon to Thurs-5:00-7:00 pm | 24 Aug | Sat & Sun - 12:30 - 3:30 pm | 8 Aug |
| | | TOEFL,SAT,IELTS,API,AWC,VEC | |

No.190, 2nd Flr,28th St(Upper), Pabedan Tsp. Ph: 01-243950, 248910

**ရွှေပင့်ကူ**
ရွှေတောင်ပြုံးသီးသန့် ညသိပ်ခုရက် ၃၀၀၀၀ိ/- Aug 24 ထွက်မည်။
09 73130346 09 423720047

**Asia Dragon**
Ph : 703790, 09-861-9009, 707062, 09-861-7770

**SILVER HILLS** TRAVELS & TOURS
| | |
|---|---|
| Singapore(3 Nights/4 Days) | (USD 505) |
| Vietnam (3 Nights/4 Days) Hanoi-Halong Bay | (USD 270) |
| Vietnam(3 Nights/4 Days) Hochiminh+Mytho | (USD 255) |
| (7 Nights/8 Days) | (USD 800) |
| (8 Days) | (USD 975) |
| (12 Days) | (USD 1025) |

**Myanmar Professional Development Center**
1. International Business Management Certificate Program ( Batch 3)
2. Human Resource Management Certificate Program (Batch 2)
Building (15), MICT Park , Hlaing Township, Yangon
01 507043, 507047, 09 792226708 ~ 09 ~10
sandra@newklink.com, www.myanmarpdc.net
Class Begin on Sep 6

MOTHER'S LIGHT
ဝါရင့်ပါမောက္ခကြီးများ ကြီးကြပ်စီစဉ်သော ပညာရေးအထောက်အကူပြုစာစဉ်များ
တက္ကသိုလ်ဝင်တန်း / အဋ္ဌမတန်း / စတုတ္ထတန်း — ၂၀၁၅ ခုနှစ် စာမေးပွဲ မေးခွန်းဟောင်းနှင့် ဖြေဆိုချက်များ
❖ Grade I မှ Grade XI အထိ ဘာသာစုံ (သင်ရိုးကုန်) စာအုပ်များ
❖ မူလတန်း၊ အလယ်တန်း၊ အထက်တန်း စာစီစာကုံး စာအုပ်များ
❖ နေ့ထူးနေ့မြတ်အလိုက် စာစီစာကုံးစာအုပ်များ
မြန်မာနိုင်ငံတစ်နံတစ်လျားရှိ စာအုပ်ဆိုင်တိုင်းမှာ မေးဝယ်ပါ


# တစ်ချက်တည်းကျင်းဝင် (HOLE IN ONE)

ဦးကျော်လင်းနိုင်(MD.SEIN MYA MYA HTUN CO.,LTD)သည် ရန်ကုန်မြို့တော် ဂေါက်ကွင်း(ငွေသော်တာ)၌ ၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၁၃ရက်၊ မွန်းလွဲ ၂း၁၅နာရီတွင် ကျင်းအမှတ်(၅)၌ ကိုက်(၁၅၀)အကွာမှ TITLEIST BALL NO.3အား XXIO, IRON NO.8 ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ ယင်းအချိန်၌ ကစားဖော်များအဖြစ် ဗိုလ်မှူးမျိုးအောင်(ငြိမ်း)၊ ဦးမောင်မောင်တာ (အတွင်းရေးမှူး၊ မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်)၊ ဦးမောင်မောင် (စာရေးဆရာ မောင်မောင်-စင်ထရယ်)၊ ဦးစိန်မျိုး(အိုလံပစ်ပလတ်စတစ်ခြင်းလုံး လုပ်ငန်း)တို့နှင့်အတူ ဂေါက်သီးရိုက် ကစားလျက်ရှိသည်။

**NO.(5) HOLE, SPONSORS (1)Popular Plastic (2)Doosan Korea (3)Yangon Stone (4)MK (5)Maruman (6)World Famous Brands (Baleno, ELLE, Police, Dunlop)**


**PERFECT**
ဒစ်ဂျစ်တယ်ကတ္တား
www.perfectweighingscales.com

**ROBINSON Business School**
"Recongnized European Master"
အရည်အချင်းပြည့်ဝသော Business Leader များအတွက် Switzerland နိုင်ငံနှင့် Poland နိုင်ငံတို့မှ တိုက်ရိုက်ချီးမြှင့်ပေးအပ်သော
Official University Partners: University of Information Technology and Management in Rzeszow, POLAND; Victoria University The School of Management
Postgraduate Programme
DUAL Master In MBA & MIM
Master of Business Administration and Master of International Management
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသောကျောင်းသား၊ကျောင်းသူများအတွက်
BBA - Bachelor of Business Administration, Grade 11
Top - Up BBA
- Bachelor of Business Administration (Entrepreneural Management) Dip - Any Discipline
- Bachelor of Business Administration (Management) Dip-Business Only
Free! English Class Consultation | August-Intake Enroll Now! | Scholarship available! | 09 4200 53536 09 431 96211
RBS City Campus 206-E, Level-2, La Pyayt Wun Plaza, Alan Pya Pagoda Rd, Dagon Tsp, YGN. www.rbsmm.com


## အမြန်ဆက်သွယ်ပါ

မြောက်ဒဂုံမြို့နယ်နေ ရှေ့နေ ဦးအောင်သန်းနှင့် ဆရာမကြီး ဒေါ်ဝင်းတင်တို့ ဦးစောလု အား အမြန်ဆုံးဆက်သွယ်ပေးပါရန်။

ဖုန်း-၀၉-၇၈၄၇၁၃၉၈၀

## ခြံရောင်းမည်

ရပ်စောက်မြို့နယ်၊ အင်တော-ကျောက်ဂူ လမ်းမကြီးဘေး။

ပုံစံ(၇)ရှိ ၁၅ဧက/၇ဧက

Ph:09-798188336, 09-252555135

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ သုခမြိုင်လမ်းမကြီး၊ အမှတ်-S/၂၉ မြေကွက်ကို အမည်ပြောင်းခြင်းမပြုရန် သတိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ၁။ ဒေါ်ခင်ခင်ဝင်း[၁၂/ဒဂတ(နိုင်)၀၁၃၅၄၂]၊ ၂။ ဦးတင်ထွန်း[၁၂/လမန(နိုင်)၁၁၈၆၁၀]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ သတိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ သုခမြိုင်လမ်းမကြီး၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၊ အမှတ်-S/၂၉ဟု လိပ်စာတွင်သောမြေကွက်မှာ ကျွန်ုပ်မိတ်ဆွေများ၏ဖခင် ဦးဘာဘာဂျန် အမည်ပေါက်သော မြေကွက်ဖြစ်ပါသည်။ ဦးဘာဘာဂျန်(ကွယ်လွန်)နှင့် ဒေါ်အမာဘီ(ကွယ်လွန်)တို့တွင် သက်ရှိထင်ရှား သားသမီး(၄)ဦး ကျန်ရစ်ခဲ့သဖြင့် အဆိုပါမြေကွက်မှာ အမွေဆိုင်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံကို အမွေဆိုင်ဖြစ်သည့် ကျွန်ုပ်၏မိတ်ဆွေများထံမှ ခွင့်ပြုချက်တစ်စုံတစ်ရာ ရယူခြင်းမရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်းခြင်း၊ အခြားတစ်နည်းနည်း စီမံခန့်ခွဲခြင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် မြေပုံမြေရာဇဝင်ကူးယူခြင်း၊ အမည်ပြောင်းလျှောက်ထားခြင်းတို့ လုံးဝပြုလုပ်ခွင့်မရှိပါကြောင်း ဥပဒေနှင့်ဆန့်ကျင်ဆောင်ရွက်သူအပေါ် ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူနှင့်အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမြင့်အောင်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၅၅၈)**
**အမှတ်-၉/၁၁၊ အခန်း-၃၀၆ (၄-လွှာ)၊ ၃၆ လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၆၉၄၁၉၊ ၀၉-၂၅၄၆၁၉၁၂၃**


telenor
၁မိနစ် ၁၈/-
သုံးစွဲသူ (၁၀) သန်းနဲ့
ပို..ပိုပြီးဆက်သွယ်၊ ပို..ပိုပြီးပျော်ရွှင်ကြမယ်။
စူပါပွား
တယ်လီနောဖုန်းအချင်းချင်းဖုန်းခေါ်ဆိုခ
၁မိနစ် ၁၈ ကျပ်
အခြားဖုန်းများသို့ ဖုန်းခေါ်ဆိုခ
၁မိနစ် ၂၃ ကျပ်
SMART အင်တာနက် သုံးစွဲခ
၁မီဂါဘိုက် ၆ ကျပ်
SUP ON ဟု ရိုက်ပြီး 365 သို့ SMS ပေးပို့ခြင်းဖြင့် စူပါပွား ကို ရယူနိုင်ပါသည်။
အသေးစိတ်အချက်အလက်များအတွက် 979 (သို့) နီးစပ်ရာတယ်လီနောဆိုင်များသို့ ဆက်သွယ်ပါ။

ကြော်ငြာ

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၅/၂၀၁၅)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအတွက် Aviation Lubricating Oil and Grease (4)Items [Open Tender No.MPPE/AV(LUB)/T/2(2015-2016)]ကို အမေရိကန်ဒေါ်လာ(CIF Yangon)ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၉-၈-၂၀၁၅ ရက်

၃။ တင်ဒါပိတ်မည့်ရက်နှင့်ပိတ်မည့်အချိန် - ၁၅-၉-၂၀၁၅ ရက် (၁၂:၀၀)နာရီ

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ်-၀၆၇-၄၁၁၄၈၇သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စီမံရေးဌာန**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်**

23
မဆလာ
(ဟင်းခတ်အမွှေးအကြိုင်)
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ ဘဲသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။
အမှတ်(၁၃၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၆၃၂၂၊ ၀၉၇၃၀၀၅၆၃၈၊ ၀၉၈၆၃၆၇၆၅၊ ၀၉၂၅၀၄၉၉၇၂၆

## G.T.I ပညာရေးခရီး နှစ်(၁၂၀)ပြည့် အထိမ်းအမှတ် မဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်ခြင်း

G.T.I ပညာရေးခရီးသည် ၁၈၉၅ ခုနှစ်မှ စတင်ခဲ့ပါသည်။ ယခု ၂၀၁၅ ခုနှစ်တွင် G.T.I ပညာရေးခရီးသည် နှစ်ပေါင်း (၁၂၀)ပြည့်မည် ဖြစ်ပါသည်။

ထိုနှစ် (၁၂၀)ပြည့် အခမ်းအနားကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်တွင် အင်းစိန် G.T.I ကျောင်း၊ ကျောင်းဝင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

ထို G.T.I ပညာရေးခရီး နှစ် (၁၂၀)ပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် မဂ္ဂဇင်းထုတ်ဝေမည်ဖြစ်ပါသဖြင့် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းနှင့် မှတ်ဖွယ်မှတ်ရာ G.T.I သမိုင်းမှတ်တမ်းဓာတ်ပုံများကို ဝေဝေဆာဆာ ထည့်သွင်းဖော်ပြလိုပါသည်။

သို့ပါ၍ G.T.I ကျောင်းအသီးသီးတွင် ပညာသင်ကြားခဲ့ကြသော ညီအစ်ကိုမောင်နှမများထံမှ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းနှင့် ဓာတ်ပုံမှတ်တမ်းများကို ၃၀-၉-၂၀၁၅ ရက်၊ ညနေ ၄ နာရီ နောက်ဆုံးထားပြီး၊ ၃၀၃၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ တတိယထပ်၊ တက္ကသိုလ်များ လှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့ကြပါရန် လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။

(အသေးစိတ်သိရှိလိုပါက - ဖုန်း-၀၁ ၅၁၉၈၆၃ နှင့် ၀၉- ၈၆၂၆၈၈၅ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။)

**ပြခန်းအမှတ်တရ ပစ္စည်းနှင့်မဂ္ဂဇင်းထုတ်ဝေရေးအဖွဲ့**

**အမည်ပြောင်းလဲခြင်း**

ဦးတင်စိန်(MAG-007534)၏သမီးဖြစ်သူ မဝင်းဝင်းစိန်[၁၄/မအန(နိုင်)၁၄၃၆၉၂]အား မမေသူဖြိုးဟု အမည်ပြောင်းလဲ ခေါ်ဆိုပါရန်။

**မမေသူဖြိုး**

## ပြည်တွင်းအခွန်များဦးစီးဌာန ဝန်ထမ်းဟောင်းများအသင်း တတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ပြည်တွင်းအခွန်များဦးစီးဌာန ဝန်ထမ်းဟောင်းများအသင်း၏ တတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်) ၂၉-၈-၂၀၁၅ရက်(စနေနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ အမှတ် ၁၄ ရှိ တိပိဋကနိကာယကျောင်းတိုက် ရွှေရတုသဘင်ခန်းမတွင် ကျင်းပသွားမည်ဖြစ်ရာ ဝန်ထမ်းဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် ကြွရောက်ကုသိုလ်ယူကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဝါဆိုသင်္ကန်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများကို တိပိဋကနိကာယကျောင်းတိုက် ရွှေရတုသဘင်ခန်းမတွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပမည့် ၂၉-၈-၂၀၁၅ ရက်(စနေနေ့)၌ နံနက် ၁၀ နာရီမတိုင်မီ ကြွရောက်ပေးပို့လှူဒါန်းနိုင်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

**အမည်ပြောင်း**

အမက(၈)၊ သာကေတ ဒုတိယတန်းမှ ဦးရဲညွှန့်၏သား မောင်ဉာဏ်ထက်အောင်အား မောင်သီဟဇော် ဟုခေါ်ပါရန်။


**မောင်သီဟဇော်**

ကျွန်တော်များ Pyi Taw Hein Bore Pilling & Construction Co.,Ltd မှ Bore Pile, Press Pile နှင့် Mini bored တူးခြင်းလုပ်ငန်းများကို ကျွမ်းကျင်သော ဝန်ထမ်းများဖြင့် လူကြီးမင်းတို့ စိတ်တိုင်းကျ အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန် - Room(1004), 10th Floor, Yuzana Tower, Shwe Gon Daing, Bahan Tsp,
09-250008512, 09-253368960, 09-259304747
Email - pyitawhein.yenaung@gmail.com




ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHINICAL CAR PARKING










TPW
No. (31), Room (5), 7 Miles,
Pyay Road, Yangon
အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။

သင့်စိတ်ကူး လက်တွေ့အကောင်အထည်ဖော်ဖို့ အိမ်ရာအရောင်းပြပွဲသို့ ကြွလှမ်းကြပါစို့။


The 3rd
Housing & Living 2015
စက်တင်ဘာလ ၁၀ရက်မှ ၁၃ရက်နေ့ထိ
တပ်မတော်ခန်းမ

Online မှ register ပြုလုပ်သူများကို Samsung Tab A အပါအဝင်ဖုန်းငွေဖြည့်ကတ်များစွာကိုကံထူးရှင်အဖြစ်ရွေးချယ်ကာချီးမြှင့်သွားပါမည်။
ပြပွဲသို့ကြွရောက်လေ့လာသူများအတွက်လည်းနေ့စဉ်Mobile Handset (၃)လုံးနှင့် တစ်သောင်းတန်ဖုန်းငွေဖြည့်ကတ်(၃၀)ကိုကံစမ်းမဲဖွင့်လှစ်ပေးမည်ဖြစ်သည်။
အထူးအစီအစဉ်အနေဖြင့်ပညာရှင်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ အိမ်ခြံမြေဆိုင်ရာဆွေးနွေးဟောပြောပွဲစီစဉ်ထားရှိမည်ဖြစ်ပြီး မည်သူမဆိုတက်ရောက်လေ့လာနိုင်ပါသည်။

Supporting Partners:
hot line: 09 30331405
www.events-housingandliving.com

Prime livingmall
UNI ASIA
AMPS
Times City
Roca
GYG
EVEREST
Pure
LEDEME





## မွေးနေ့ဆုတောင်းလွှာ

ချစ်သောဖေဖေ ဦးညွန့်စိန်၏ ဩဂုတ်လတွင် ကျရောက်သော မွေးနေ့မှသည် နောက်နှစ်ပေါင်းများစွာတိုင်အောင် သက်ရှည်ကျန်းမာ ရောဂါဘယကင်းဝေး၍ ချစ်ဇနီး၊ ချစ်သားသမီးများနှင့်အတူ ဘဝခရီးကို ပျော်ရွှင်စွာ ဖြတ်သန်းသွားနိုင်ပါစေ။

ချစ်ဇနီး -ဒေါ်မေစန္ဒာ

ချစ်သားသမီးများ -ဒေါက်တာသူရ(ခေတ္တ Spanish Town, Jamaica)
-ဒေါက်တာအိသန္တာဖြူ(ခေတ္တ Queensland, Australia)
-မဆွေဇင်ဝင့် (Final Part II, UM(1)
-မောင်ညီညီသန့်(3rd Year, E.Major, Dagon University)

FAME
Chitobit®
Natural lipid inhibitor
သဘာဝအဆီကျဆေး
TMR 008204 (1115)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
SpiruGarlic®
Natural cholesterol lowering
အဆီကျရေညှိဆေး
TMR 006127 (0717)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

## ဖြူးမဟာစည်(ရန်ကုန်)
## မိုးရာသီတရားစခန်းဖွင့်မည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်၊ အမှတ်(၅)ရပ်ကွက်၊ ကမာရွတ် ဘူတာရုံအနီး ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်အတွင်း၌ ငါ ကျေးဇူးတော်ရှင် ဖြူးဆရာတော်ကြီး မိန့်မြွက်ထားရှိတော်မူခဲ့သော ဩဝါဒဆန္ဒတော်များကို ဦးထိပ်ပန်ဆင်လျက်(၃၂)ကြိမ်မြောက် ဝါတွင်းကာလ မိုးရာသီသတိပဋ္ဌာန်ဝိပဿနာ အထူးတရားစခန်းပွဲကြီးကို ယခုလက်ရှိ **ပဓာန နာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ (နိုင်ငံတော်ဓမ္မကထိက ဗဟုဇနဟိတဓရ)၊ ပြည်တွင်း/ပြည်ပ မဟာစည်နာယက**ဆရာတော်နှင့် ဖြူးဆရာတော်၏တပည့်ဓမ္မကထိကသံဃာတော်များဦးဆောင်၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ဒါယကာ၊ ဒါယိကာမများ ဆရာဒကာလက်တွဲကာ **[၁၃၇၇-ခုနှစ်၊ ဝါခေါင်လပြည့်၊တနင်္ဂနွေနေ့မှ ဝါခေါင်လပြည့်ကျော်(၁၄)ရက် တနင်္ဂနွေနေ့အထိ] (၃၀-၈-၂၀၁၅ မှ ၁၃-၉-၂၀၁၅)အထိ (၁၅)ရက်တိုင်တိုင်** ကျင်းပမည်ဖြစ်ပါသောကြောင့် တရားစခန်းဝင်လိုသော ရဟန်း၊ သာမဏေ၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီး၊ ယောဂီသူတော်စင်များသည် မိမိတို့အခွင့်အခါ ချက်ရှိသည့်အတိုင်း ကြိုတင်စာရင်းပေးသွင်း၍ တရားအားထုတ်နိုင်ပါရန် နှိုးဆော်အပ်ပါသည်။

တရားစခန်းအတွက် **အရုဏ်ဆွမ်းအလှူ၊ နေ့ဆွမ်းအလှူ၊ ဖျော်ရည်အလှူ၊ မီး၊ ရေ၊ ဝေယျာဝစ္စအလှူ၊ ဓမ္မပူဇာအလှူ**တို့ကို ဖုန်း-၀၁-၅၃၀၀၆၈၊ ၀၁-၅၃၀၁၁၃၊ ၀၉-၅၃၉၀၄၁၇၊ ၀၉-၇၈၈၇၉၇၇၅၄သို့ ဆက်သွယ်၍ မိမိတို့သဒ္ဓါတရားစွမ်းအားရှိသမျှ ပါဝင်လှူဒါန်းနိုင်ကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

NATIONAL I.T. SOLUTIONS
TAKE YOUR BUSINESS TO THE NEXT LEVEL
Helps You To Improve Business Operation
24/7 Support
ERP
Please Contact Us !
No.3, Pyay Road, 9miles,Mayangone Township,Yangon. +95-1-663798 , +95-9-31654213 , info@nits.com.mm , www.nits.com.mm



### ကျေးဇူးဆပ်ပါမည်။

ပန်းဘဲတန်းမြို့နယ်မှ အောင်မင်္ဂလာအဝေးပြေးသို့ သွားစဉ် Filter Taxi ယာဉ်ပေါ်တွင် ဂျက်ကင်အကျီအတွင်း၌ မှတ်ပုံတင်(၃)ခုနှင့် သော့တွဲမေ့ကျန် ပျောက်ဆုံးခဲ့ပါသည်။ တွေ့ရှိပါက ဖုန်း - ၀၉၅၀၉၂၄၇၉ ၊ ၀၉၇၉၅၃၆၀၄၅၅ သို့ အကြောင်းကြားပေးပါရန်

ဖြောင့်စင်းလှပစိတ်တိုင်းကျရမည်...
ဒလ္လာရီ
ဆံပင်ဖြောင့် (30000/-Ks) တန် Discount (15000/-Ks)
ဗယောင်းအိတုန်ဆေးထည့်သွင်းအသုံးပြုပေးခြင်းကြောင့် 100% ဖြောင့်စင်းအိတုန်စေရမည်။ ၂- နှစ်အာမခံ
Ph: 09-73048685

### ပျောက်ဆုံး

ကျွန်တော် ဦးကျော်ဝေ(၁၂/လမန(နိုင်)၀၃၃၈၃၀)ကိုင်ဆောင်သော Passport No-MA.902441 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ Ph:01-8550991


### ပျောက်ဆုံး

ကျွန်တော် မောင်ကျော်ထက်နောင်(၁၂/ရကန(နိုင်)၀၇၄၆၇၃)ကိုင်ဆောင်သော Passport No-MB.073527 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း- 01-8550991

### ပျောက်ဆုံး

ကျွန်မ မစုထက်သိမ့်ကျော်(၁၂/ရကန (နိုင်)၀၇၄၃၆၄)ကိုင်ဆောင်သော Passport No-MA.091746 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း- 01-8550991

River Bank Art Centre မှ ထုတ်ဝေသည်။

ဆရာကြီးမင်းသုဝဏ်၏ ဂျွန်ဝင်လက်ရာ ငှက်ကဗျာများကို သဘာဝငှက်ဓာတ်ပုံများ ငှက်တစ်မျိုးချင်း၏ သိမှတ်ဖွယ်ရာအချက်အလက်များ အပြည့်အစုံ ပူးတွဲဖော်ပြထားသည်။
RIVER BANK
ထွက်ပြီ။
In English Edition
Published Half-yearly Magazine
Myanmar's Culture, Nature Beauty, Birds, Natural Environment, Ancient Cultural Heritage, Article and Many Photos.
ISSN 2412-429X


Myanmar Book Centre ၊ City Mart ၊ Popular Books ၊ စာပေလောကဆိုင်များ၊ အင်းဝစာအုပ်တိုက် (ရန်ကုန်)၊ ဥတ္တရလွင်ပြင် (မန္တလေး)တို့တွင် ရရှိနိုင်သည်။

Home
THINK OF HOUSE. THINK OF HOME
သီရိရတနာဆိုင်ခွဲအသစ် အထူး အခွင့်အရေး
မဟာဆုံး ပေါ်ယူ (၂၀) ဦး အတွက်
** Selected Items Only
BUY
GET FREE

TRIPLE PRESENT!!!
Package
Silver Package
Gold Package
Platinum Package
Diamond Package
Box
Building – N , Room No. (33,34) ၊ သီရိရတနာ လက်ကားဈေးသုခမ္မောလမ်း၊ အောင်မင်္ဂလာ အဝေးပြေး ကားဝင်းအနီး၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့
HOTLINE
09 79 700 70 88
09 79 700 70 99


အဆင့်မြင့်
ရွှေမင်္ဂလာဈေး
ဆိုင်ခန်းတန်ဖိုး၏ ၃၀% သာ ပေးချေ၍
သင့်စီးပွားရေးလုပ်ငန်းများ ချက်ချင်း အကောင်အထည်ဖော်လိုက်ပါ ...
AVA Bank
NEW BOY
Shwe Pyae Sone Market
Mingalar Zay (Market)
ရွှေမင်္ဂလာဈေး၏ အားသာချက်များ
မင်္ဂလာဈေး၊ ရွှေပြည့်စုံဈေးတို့နှင့် အဝန်းအဝိုင်းတခုထဲတွင် တည်ရှိခြင်း။
ယုဇနပလာဇာ၊ တော်ဝင်ပလာဇာတို့နှင့် နီးကပ်စွာတည်ရှိခြင်း။
(၁၀၀)ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးပြီဖြစ်၍ စိတ်ကြိုက်ဆိုင်ခန်းများကို မျက်မြင်ဝယ်ယူနိုင်ခြင်း။
မိမိစိတ်ကြိုက် ကုန်ပစ္စည်းများကို ချက်ချင်းဖွင့်လှစ်ရောင်းချနိုင်ခြင်း။
ရောဝတီဘဏ်နှင့် ချိတ်ဆက်၍ (၁)နှစ်၊ (၃)နှစ်အထိ အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူနိုင်ခြင်း။
လူနှင့်ကုန်ပစ္စည်းများအသုံးပြုရန် စက်လှေကားနှင့် ဓာတ်လှေကားများ ပါဝင်ခြင်း။
အရောင်းဆိုင်ရှင်များနှင့် ဈေးဝယ်သူများအတွက် လုံလောက်သော သီးသန့်ကားပါကင်ပါဝင်ခြင်း။
မည်သည့်ဈေးများတွင်မှ ပါဝင်ခြင်းမရှိသော အလိုအလျောက်မီးငြိမ်းသတ်စနစ်၊ Automatic Breaker နှင့်တကွ လုံခြုံရေး CCTV ကင်မရာပါရှိခြင်း။
မြန်မာနိုင်ငံတစ်ဝန်း သို့ ကုန်ပစ္စည်းများဖြန့်ဖြူးရာ အဓိကနေရာဖြစ်သော
ရန်ကုန်မြို့၊ မင်္ဂလာဈေးဝင်းအတွင်းတည်ရှိသည့်
'ရွှေမင်္ဂလာ' အဆင့်မြင့်ဈေးသစ်ကြီးတွင် ဆိုင်ခန်းဖွင့်လှစ်ရောင်းချလိုပါသလား...?
HOT LINE
0926 200 90 20
0926 200 90 30
0926 200 90 40
0926 200 90 50

# မြန်မာယူ-၁၄ အသင်း အုပ်စုနောက်ဆုံးပွဲ၌ ရှုံးပွဲကြုံတွေ့

ဘရူနိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် အာရှယူ-၁၄ ဘောလုံးပွဲ အုပ်စု နောက်ဆုံးပွဲစဉ်များကို ယနေ့နံနက်ပိုင်းနှင့်ညနေပိုင်းတို့က ကျင်းပခဲ့ရာ မြန်မာယူ-၁၄ အသင်းမှာ နှစ်ပွဲစလုံး ရှုံးနိမ့်ခဲ့သည်။

နံနက်ပိုင်းက ယှဉ်ပြိုင်ခဲ့သောပွဲတွင် မြန်မာယူ-၁၄ အသင်းမှာ မလေးရှားယူ-၁၄အသင်းကို ရှစ်ဂိုး- ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ညနေပိုင်းတွင် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ခဲ့ရာ နှစ်ဂိုး -ဂိုးမရှိဖြင့်ထပ်မံ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၄ အသင်းသည် အုပ်စုပွဲစဉ်လေးပွဲယှဉ်ပြိုင်ကစားခဲ့ရာ တစ်ပွဲနိုင်၊ သုံးပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် အိမ်ရှင်ဘရူနိုင်းအသင်းကိုသာ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း တီမောအသင်း၊ မလေးရှားအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ကို ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အာရှ ဘောလုံးအဖွဲ့ချုပ်သည် အာရှဒေသတွင်းမှ လူငယ်ကစားသမားများ ပွဲအတွေ့အကြုံရရှိစေရန် ဘောလုံးပွဲများကို ကျင်းပပေးလျက်ရှိပြီး ယခုဘောလုံးပွဲတွင်လည်း အုပ်စုပွဲစဉ်များသာ ယှဉ်ပြိုင်စေခြင်းဖြစ်သည်။ ယခုဘောလုံးပွဲကို အသင်းရှစ်သင်းယှဉ်ပြိုင်ခဲ့ပြီး အုပ်စုနှစ်စုခွဲကာ ကျင်းပခဲ့သည်။

ဖိုးသော်ဇင်



အာရှယူ-၁၄ ဘောလုံးပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာယူ-၁၄ အသင်း။ [ဓာတ်ပုံ - အောင်ကျော်ဇံ]

## ခန္တီးနှင့် ဟုမ္မလင်းမြို့တို့တွင် စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၂၁**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၄ ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၄ ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်အတွင်းရှိမြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူး သတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါကြောင်းဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ထားသည်။

(ကြေးမုံ)

## ယနေ့ မာတိကာ

**သဘာဝဘေးသင့် ကလေးဒေသအတွက် ပြန်လည်ထူထောင်ရေး အားစမ်းပွဲ**

စာမျက်နှာ » ၇

**အခုလက်ရှိမှာတော့ တစ်နှစ်ကို အများဆုံး ထုတ်လုပ်နိုင်တဲ့ သစ်ပမာဏထက် လျှော့ချထုတ်လုပ်နေပြီး သဘာဝမထိခိုက်စေတဲ့နည်းနဲ့ ထုတ်လုပ်နေပါတယ်**

စာမျက်နှာ » ၁၁

**တောကြောင် လက်ခမောင်းခတ် ကျပ်-ဒေါ်လာ လဲနှုန်း**

စာမျက်နှာ » ၁၂

# မိတ္ထီလာမြို့နယ်အတွင်း တောဆင်ရိုင်း ခြောက်ကောင် နယ်ကျော်၍ဝင်ရောက်

မိတ္ထီလာ ဩဂုတ် ၂၁

**ချမ်းသာ (မိတ္ထီလာ)**

**မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ညောင်ပင်လျှိုကျေးရွာအုပ်စု ဖက်တောကြီးကျေးရွာအနောက်ဘက် ၃ မိုင်ခန့်အကွာတွင်ရှိသည့် ဖက်တောချောင်းအနီးသို့ ဩဂုတ် ၂၁ ရက် နံနက် ၈ နာရီခန့်က တောဆင်ရိုင်း ခြောက်ကောင် နယ်ကျော်၍ ဝင်ရောက်လာကြောင်းသိရသည်။**


"တောင်ဆင်ရိုင်း ခြောက်ကောင်ပါ။ အငယ်က နှစ်ကောင်၊ အကြီးကလေးကောင် မနက်စောစောက ရောက်နေတယ်၊ သတင်းပေးလို့ သွားကြည့်ဖြစ်ပါတယ်။ လူကိုရန်မူပြီး ဖျက်ဆီးတာမျိုးတော့ လုပ်တာမတွေ့ရဘူး။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်နဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးမောင်ရွှေတို့ လာရောက်ကြည့်ရှုသွားပါတယ်။ ညနေ ၃ နာရီအထိ ရှိနေတုန်းပါ။ သစ်တောက ဝန်ထမ်းတွေ စောင့်ကြည့်နေကြပါတယ်"ဟု ညောင်ပင်လျှိုအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိန်ငွေအောင် က ပြောသည်။

ဇင်းဆင်များဝင်ရောက်သည့်နေရာအနီးသို့ သွားရောက်ကြည့်ရှုခဲ့သည့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးမောင်ရွှေက တောဆင်ရိုင်း ခြောက်ကောင် တွေ့ရှိသည်မှာ မှန်ကန်ကြောင်း၊ အကြီး လေးကောင်၊ အငယ် နှစ်ကောင်ဖြစ်ကြောင်း အတည်ပြုပြောကြားသည်။

တောဆင်ရိုင်း ခြောက်ကောင် ဝင်ရောက်ခဲ့သည့် ဖက်တောကြီးကျေးရွာ၏ မြောက်ဘက် ၂ မိုင်ခန့်အကွာတွင်ရှိသော ယာခင်းပိုင်ရှင် ဦးကျော့အောင် အသက် (၆၀) ကျော်မှာ

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**






themirror.npt@gmail.com
www.facebook.com/themirrordaily